# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၈၀)




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်လူထုအဖွဲ့အစည်းခေါင်းဆောင်တစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်လူထုအဖွဲ့အစည်း ခေါင်းဆောင်များနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ သွားရောက်ပြီး မြစ်ကြီးနားမြို့ရှိ ကချင်လူထုအဖွဲ့အစည်းခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး ဆွေးနွေးရေး အကျိုးဆောင်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံပြီး ခတ်ချိုတိုက်ပွဲရှောင်စခန်း၊ KBC မိုင်းနားတိုက်ပွဲရှောင်စခန်း၊ လန်ဆယ်ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ပြည်လုံးချမ်းသာပရဟိတဂေဟာတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ Palm Spring Hotel ၌ မြစ်ကြီးနားမြို့ရှိ ကချင်လူထုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆


**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချုပ်ပိုပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာအဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားသည်။**




မြန်မာ့အလင်း

# ရေအလဟဿဆုံးရှုံးမှု ကာကွယ်ရေး

ရေအသက်တစ်မနက်ဟူသော စကားသည် လူသားတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် ရေ၏အရေးပါပုံကို ပီပီပြင်ပြင် ဖော်ညွှန်းပြသနေပါသည်။ အထူးသဖြင့် ရန်ကုန်ကဲ့သို့သော ပြည်သူလူထု သန်းချီနေထိုင်ကြသော မြို့ကြီးများတွင် သောက်ရေ၊ သုံးရေစနစ်တကျပေးဝေနိုင်ရေးသည် မဖြစ်မနေ ဖော်ဆောင်ပေးရမည့် လုပ်ငန်းတာဝန်ဖြစ်ပါသည်။ သို့သော် တိုးပွားလာသောလူဦးရေနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတို့ကြောင့် ရေဟူသည် အကန့်အသတ်ဖြင့်သာရရှိနိုင်သော သယံဇာတရင်းမြစ် ဖြစ်လာပါသည်။ ဤသို့သော အခြေအနေမျိုး၌ ရေအလဟဿဆုံးရှုံးမှုသည် နံပါတ်တစ် ဦးစားပေး ကိုင်တွယ်ဖြေရှင်းရမည့်ပြဿနာဖြစ်လာပါသည်။ ရေအလဟဿဆုံးရှုံးမှုကို နည်းပညာအသုံးအနှုန်းအရ **Non-Revenue Water** ဟု ခေါ်ဝေါ်ပါသည်။ ရေအလဟဿဆုံးရှုံးမှုတို့အနက် ရေယိုစိမ့်ပေါက်ထွက်ဆုံးရှုံးမှုသည် ၇၃ ရာခိုင်နှုန်းအထိရှိပြီး ရေမီတာချို့ယွင်းမှုကြောင့် ဆုံးရှုံးမှု (သတ်မှတ်အခကြေးငွေမရရှိမှု) သည် ၁၄ ရာခိုင်နှုန်းရှိပါသည်။ ရေတရားမဝင် သုံးစွဲမှုကြောင့် ဆုံးရှုံးမှုက နှစ်ရာခိုင်နှုန်းသာရှိပါသည်။ ဤအချက်တို့က ရေမီတာအပါအဝင် ရေဖြန့်ဝေမှုစနစ်တို့၏ အရေးပါပုံကို မီးမောင်းထိုး ဖော်ပြနေပါသည်။

ရန်ကုန်မြို့၌ လက်ရှိကျင့်သုံးနေသော ရေဖြန့်ဝေစနစ်သည် လိုအပ်ချက်အလိုက် တစ်မြို့လုံးကို ချိတ်ဆက်သွယ်တန်းဖြန့်ဝေခြင်းဖြစ်၍ နည်းပညာပိုင်းအရ အဖွင့်ဖြန့်ဝေစနစ် **(open water network system)** ဖြစ်ပါသည်။ ဤစနစ်၌ ရေမီတာတို့၏ ထိရောက်မှုနှင့် ရေအလဟဿ ဆုံးရှုံးမှုတို့ကို သိရှိတိုင်းတာနိုင်ရေးသည် မလွယ်ကူသောကိစ္စဖြစ်ပါသည်။ ဒေသအလိုက် တိုင်းတာတွက်ချက် ကောက်ခံသောစနစ် **(District Metering Area -DMA)** သည် သုံးစွဲသော လူဦးရေအပေါ်မူတည်၍ သီးခြားဇုန်တစ်ခု သတ်မှတ်ပြီး ပိုက်လိုင်းအရေအတွက်၊ ပိုက်လိုင်းအရှည်၊ ရေမီတာအရေအတွက်၊ ရေပိုက်အဆို့ရှင်အရေအတွက်စသည်တို့ကို စနစ်တကျတွက်ချက်၍ ရေဖြန့်ဝေပေးခြင်းဖြစ်ပါသည်။ ဤစနစ်အရ သီးခြားသတ်မှတ်ထားသောဇုန်အတွင်း ရေမီတာတို့ရှိ ကိန်းဂဏန်းများနှင့် ပိုက်လိုင်းတစ်လျှောက် ရေဖိအားအပြောင်းအလဲတို့ကို ဗဟိုထိန်းချုပ်စနစ်မှ နေ့စဉ်သိရှိနိုင်သည်ဖြစ်၍ ရေစိမ့်ယိုပေါက်ထွက်မှုတို့ကို ချက်ချင်းအရေးယူဆောင်ရွက်နိုင်ပါသည်။

ရန်ကုန်မြို့ရှိ အင်းစိန်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်များ၌ ဒေသအလိုက် တိုင်းတာတွက်ချက်ကောက်ခံသောစနစ် **(DMA)** ကို ကနဦးစီမံကိန်းအဖြစ် (၁၈)လကြာ ဆောင်ရွက်ခဲ့ပါသည်။ ဤ ကနဦးစီမံကိန်း၏ ရလဒ်များအရ အင်းစိန်မြို့နယ် ထန်းပင်ကုန်း၌ ရေအလဟဿ ဆုံးရှုံးမှုသည် ၅၂ ရာခိုင်နှုန်းရှိနေရာမှ ဒေသအလိုက် တိုင်းတာတွက်ချက်ကောက်ခံသောစနစ် **(DMA)** ကြောင့် ၁၇ ဒသမ ၃၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။ တောင်ဥက္ကလာပမြို့နယ်အတွင်း၌လည်း ရေအလဟဿ ဆုံးရှုံးမှုသည် ၅၇ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ ကနဦးစီမံကိန်းရလဒ်များက ရန်ကုန်မြို့ကဲ့သို့သော မြို့ကြီးများ၌ ရေအလဟဿ ဆုံးရှုံးမှုကာကွယ်ရေးသည် ရေပိုမိုဖြန့်ဝေပေးရေးနည်းတူ အရေးပါကြောင်း ဖော်ပြနေသည်ဖြစ်၍ ရေအလဟဿဆုံးရှုံးမှု ကာကွယ်ရေးကို ပိုမိုအာရုံစိုက်ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်






## ကျိုင်းတုံ၌ ကြိုတင်ဆန္ဒမဲများပေး

**ကျိုင်းတုံ မတ် ၂၈**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂) ကျိုင်းတုံမြို့နယ်၌ ဆန္ဒမဲပေးရမည့် နိုင်ငံ့ဝန်ထမ်းများထဲမှ အဆိုပါနေ့တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် မအားလပ်သော ဝန်ထမ်းများ သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်ရုံးများတွင် မတ် ၂၂ ရက်မှ စတင်၍ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ကြိုတင်မဲကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်များတွင် မဲစာရင်း၌ အမည်ကြည့်ရှုပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ယူကာ မတ်လ ၃၁ ရက်အထိ ပေးနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၈-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၂၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၉ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၆ · ၈၃ |
| ထိုင်း | တစ်ဘတ် | ၃၉ · ၅၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၉၅ |
| တရုတ် | တစ်ယွမ် | ၁၉၈ · ၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ · ၃၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရခိုင်ပြည်နယ် မြေပုံမြို့နယ် ဘုန်းကြီးကျောင်းများရှိ ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၈

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မတ် ၂၇ ရက် နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ မြို့ပေါ်ဘုန်းကြီးကျောင်းများ၊ ပရိယတ္တိစာသင်တိုက်များသို့ သွားရောက်၍ ဆရာတော်အရှင်သူမြတ် များအား ဖူးမြော်ကန်တော့ပြီး သင်္ကန်း နှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းသည်။** (ယာပုံ)



ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် နံနက် ၉ နာရီတွင် မြေပုံမြို့နယ်ရှိ ပြည်သူ့ဆေးရုံ (၂၅ ခုတင်ဆံ့)သို့ သွားရောက်၍ ဆေးရုံတက်ရောက်နေသည့် လူနာခန်းများ၊ သားဖွားခန်းနှင့် ခွဲစိတ်ခန်းများသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဆေးရုံတက်ရောက်ရန်လာသည့် လူနာနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ၂၅ ခုတင်ဆံ့ ဆေးရုံမှ ခုတင် ၅၀ ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ရန် ဝန်ကြီးဌာနမှ ခွင့်ပြုပြီးဖြစ်သဖြင့် အရည်အသွေးပြည့်မီသော အဆောက်အအုံများ ဆောက်ရန် မှာကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် မွန်းလွဲ ၁ နာရီတွင် မြေပုံမြို့နယ်ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြားခြင်း၊ ဒေသခံပြည်သူများ၏ တင်ပြချက်များကို လက်ခံကြားနာဖြေကြားခြင်းများ ဆောင်ရွက်သည်။

ထို့အတူ မတ် ၂၆ ရက် နံနက် ၈ နာရီတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစစ်နိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ တည်ရှိပြီး မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်တို့သို့ ဆက်သွယ်သွားလာနိုင်မည့် ကြပ်စင်တံတား ပေ ၁၉၂၀ တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်တွင် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းနိုင်က ရှင်းလင်းတင်ပြခဲ့မှုများနှင့် ပတ်သက်၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်အရည် အသွေးပြည့်မီရေးနှင့် တံတားတည် ဆောက်ရေးစီမံကိန်းတွင် ပါဝင်သွားသော တောင်သူများ၏ မြေယာနစ်နာကြေး များ အမြန်ထုတ်ပေးနိုင်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်က ချီးမြှင့်ဆက်ကပ်သည့် မဟာသဒ္ဓမ္မဇောတိကဓဇ ဂန့်ဂေါမြို့နယ် အန်းတားရွာ သာသနာပြုဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တ ကဝိဓဇနှင့် ကမ္မဋ္ဌာနာစရိယ ဂန့်ဂေါမြို့နယ် ရေကြည်စမ်း ရေထွက်တောရ ကျောက်ဂူဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒာစရိယ တို့အား ပင့်ဆောင်ချီးကျူးဂုဏ်ပြုပွဲကို ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်၌ မတ် ၂၈ ရက်က ကျင်းပစဉ်**
(ခရိုင် ပြန်/ဆက်)

## တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပမည်

**ရန်ကုန် မတ် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်၊ (၁၉-၅-၂၀၁၇) သောကြာနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များသည် ၁၈-၅-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားသည်။

ပထမဆုံး တိပိဋကဓရ တိပိဋကကောဝိဒကို ၁၃၁၅(၁၉၅၃)ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းဆရာတော် ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသမှ ရရှိတော်မူခဲ့ပြီးနောက် (၆၄)နှစ် ကြာကာလအတွင်း ၁၃၇၈(၂၀၁၇) ခုနှစ် (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် (၁၄)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် တစ်ပါး ပေါ်ထွန်းလာသဖြင့် သာသနာတော်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ ယင်းတိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်နှင့်အတူ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့အားလည်း ချီးကျူးပူဇော်မည့် အခမ်းအနားဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒသြဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို/ရေးဖြေအောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒတစ်ပါး၊ ဒီဃဘာဏက ရှစ်ပါး၊ ဝိနယကောဝိဒ ငါးပါး၊ ဝိနယဓရ ၁၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၇ ပါး စုစုပေါင်း စာအောင်သံဃာအပါး ၉၀ အပါအဝင် သံဃာတော်အပါး ၂၆၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ ဖုန်း ၀၁-၆၅၂၇၉၄၊ ၀၁-၆၆၄၅၇၈ နှင့် ၀၁-၆၆၄၄၆၅ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန် ဝိုင်းဝန်းကူညီ

**လွိုင်ကော် မတ် ၂၈**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ကယားပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် ကယားပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ် စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မတ် ၂၇ ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်သူ့ဘဏ္ဍာငွေကို စီမံခန့်ခွဲရာတွင် ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန် ဝိုင်းဝန်းကူညီရန်နှင့် စနစ်ကောင်းဖြစ်ပါက ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ လုပ်ငန်းစီမံခန့်ခွဲခြင်း၊ ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် အခွင့်အလမ်း၊ နည်းလမ်းနှင့် ဆက်သွယ်သည့် အကျိုးအမြတ်တွေ ရရှိရန် အစစအရာရာမှာ ဆုံးဖြတ်နိုင်ကြောင်း၊ နိုင်ငံတော်အပေါ် Effect Public Service ဖြစ်စေရန် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာရှိမှု စသည့် အကျိုးကျေးဇူးများ ခံစားရနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ပြောင်းလဲမှုများတွင် စာရင်းစစ်များ တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများအား ကျော်ဖြတ်နိုင်ရန်အတွက် ကြိုးစားကြရန်လိုအပ်ကြောင်း၊ စာရင်းစစ်များ၏ အခန်းကဏ္ဍသည် အရေးကြီး၊ အရေးပါသည့်အလျောက် စာရင်းစစ်များအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ မြင့်မားမှု၊ တီထွင်ဖန်တီးနိုင်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စိတ်ခံစားမှုဆိုင်ရာ တည်ငြိမ်မှု၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ အတွေ့အကြုံရှိမှု၊ ရှေ့မြော်မြင်သည့် အမြင်ရှိမှု စသည့် အရည်အချင်း (၇)ရပ်ပြည့်ဝရန် လိုအပ်ကြောင်း၊ စနစ်အပြောင်းအလဲဆိုင်ရာ၊ နိုင်ငံရေးပြောင်းလဲမှုဆိုင်ရာ ဖြစ်ပေါ်လာသည်နှင့်အမျှ ကြုံတွေ့လာမည့် စိန်ခေါ်မှုများအတွက် အရည်အချင်း (၇)ရပ်ဖြင့် ကျော်ဖြတ်နိုင်မည်ဖြစ်၍ ကြိုးစားကြရန် မှာကြားခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်စာရင်းစစ်ချုပ် ဦးအောင်မောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ စာရင်းစစ်ဝန်ထမ်းများနှင့် ဒေသစာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

## မဲပေးခွင့်ရှိသူများအားလုံးပါဝင်ရေး မဲဆန္ဒရှင် သက်သေခံလက်မှတ်များ အိမ်အရောက်ထုတ်ပေး

**မော်လမြိုင် မတ် ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြီးခဲ့သည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံးအနက် မဲပေးမှုနည်းသဖြင့် ယခုကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံး ပါဝင်ဆန္ဒမဲပေးနိုင်ရေး ချောင်းဆုံတစ်မြို့နယ်လုံးအတွက် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများမှ ဆန္ဒမဲလက်မှတ်များကို အိမ်တိုင်ရာရောက် ထုတ်ပေးပြီး ဖြစ်သည်ဟု သိရသည်။

"ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက မဲရုံမှာမဲပေးကြရာမှာ လူတွေ စိတ်ဝင်စားမှုနည်းကြတာရယ်၊ မဲပေးတဲ့လူတွေ နားလည်မှုအားနည်းတာရယ်၊ နောက်တစ်ခုက ကိုယ်ပေးချင်တဲ့ပါတီ လိုဂိုကို ရှင်းရှင်းလင်းလင်းမသိတာ စတာတွေကြောင့် ပယ်မဲတွေလည်း များခဲ့ပါတယ်။ ဒီကြားဖြတ်မှာတော့ မဲပေးခွင့်ရှိသူတွေအားလုံး ပေးနိုင်ကြဖို့၊ ပေးသမျှ ခိုင်လုံမဲဖြစ်ဖို့ ကော်မရှင်အဖွဲ့ခွဲတွေက ကြိုးစားထားကြပါတယ်။ သက်သေခံလက်မှတ်တွေကို အိမ်အရောက်ထုတ်ပေးတယ်။ မဲရုံမှူးတွေကို သင်တန်း၊ ထပ်ဆင့်သင်တန်းတွေပေးထားပါတယ်"ဟု ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းရီက ရှင်းပြသည်။

ချောင်းဆုံမြို့နယ်၌ ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲက မဲပေးခွင့်ရှိသူဦးရေ ၁၂၇၁၄၉ ဦးတွင် ၅၆၅၇၃ ဦးသာ ဆန္ဒမဲပေးမှုရှိခဲ့သည့်အနက် ခိုင်လုံမဲ ၅၃၂၉၄ မဲနှင့် ပယ်မဲ ၃၂၇၅ မဲ ရှိခဲ့သည်။ ယခု ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၂၅၈၉၅ ဦးရှိသည်ဟု သိရသည်။ **မြတ်မွန်ထွေး**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

◆ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြစ်ကြီးနားကို လာရောက်ခြင်းသည် အကြောင်းရင်း နှစ်ရပ်ရှိပါကြောင်း၊ ပြီးခဲ့သည့် ပြည်ထောင်စုနေ့က လာရောက်ရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် မလာရောက်ဖြစ်ခဲ့ပါကြောင်း၊ လာရောက်ရသည့် အကြောင်းရင်းမှာ ငြိမ်းချမ်းရေးနှင့် တိုက်ပွဲရှောင်စခန်းများ သို့ သွားရောက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည်မှာ နှစ် ၇၀ နီးပါးရှိခဲ့ပြီဖြစ်ပါကြောင်း၊ နှစ် ၇၀ ဆိုသည်မှာ သမိုင်းရှည်ကာလနှင့် နှိုင်းဆလျှင် အများကြီးမဟုတ်ပါကြောင်း၊ နှစ် ၇၀ အတွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှု၌ အကြောင်းအမျိုးမျိုးကြောင့် တိုးတက်မှုနည်းပါးခဲ့ပါကြောင်း၊ မိမိတို့အစိုးရမှာ တစ်နှစ်သာရှိသေးသော်လည်း တစ်နှစ်ချင်း တိုးတက်မှုရှိနေအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**မေတ္တာတရားဖြင့်သာငြိမ်းသတ်**

ခရစ်ယာန်ဘာသာဖြစ်စေ၊ ဗုဒ္ဓဘာသာဖြစ်စေ မေတ္တာတရားကို အခြေခံထားပါကြောင်း၊ ခရစ်ယာန်ဘာသာတွင် အကြွင်းမဲ့မေတ္တာသည် အကြောက်တရားကို အောင်နိုင်ရာ၏ဟု ဆိုထားပါကြောင်း၊ ဗုဒ္ဓဘာသာတွင် ဒေါသဖြစ်စေသောမီးကို မေတ္တာတရားဖြင့်သာ ငြိမ်းသတ်အောင်နိုင်ရာ၏ဟု ဆိုထားပါကြောင်း။

**အခြေခံမှုများ ချမှတ်**

အမှန်တကယ်ဆန္ဒရှိလျှင် ငြိမ်းချမ်းရေး ကြိုးပမ်းမှု မအောင်မြင်စရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်လူထုအဖွဲ့အစည်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခတ်ချိုတိုက်ပွဲရှောင်စခန်း၌ နေရပ်စွန့်ခွာသူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

အကြောင်းမရှိပါကြောင်း၊ ယခင်က ဖက်ဒရယ်ဟုဆိုလျှင် ရှောင်ရှားလေ့ရှိပါကြောင်း၊ ဖက်ဒရယ်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါကြောင်း၊ ဖက်ဒရယ်သည် ခွဲထွက်ရန်မဟုတ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအများအပြား ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မည့် အခြေခံမှုများကို ချမှတ်ပေးရမည်ဖြစ်ပါကြောင်း။

**ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်**

(၂၁) ရာစု ပင်လုံညီလာခံသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အရေးကြီးသည့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်(NCA) ကို အားလုံးလက်မှတ် ရေးထိုးစေလိုကြောင်း၊ NCA ဆွေးနွေးစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါဝင်ခြင်းမရှိခဲ့ပါကြောင်း၊ သို့ရာတွင် အစိုးရဖြစ်လာပြီးနောက် တာဝန်ယူမှုရှိရမည်ဖြစ်ကြောင်း၊ NCA ကိုလေ့လာကြည့်ရာတွင် နိုင်ငံရေးဆွေးနွေးမှုနှင့် အပစ်ရပ်စောင့်ကြည့်မှု အာမခံချက်များရှိရုံသာမက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အာမခံထားသည်ကို တွေ့ရှိနိုင်ကြောင်း၊ NCA နှင့်(၂၁)ရာစု ပင်လုံညီလာခံလမ်းကြောင်းသည် တိုင်းပြည်နှင့်လူထု မနာသည့်လမ်းကြောင်းဖြစ်၍ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ NCA သည် ပန်းတိုင်မဟုတ်ကြောင်း၊ တိုင်းရင်းသားများ လိုလားလျက်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အဆင့်တစ်ဆင့်သာ ဖြစ်ပါကြောင်း၊ ညီလာခံသို့ဝင်ရောက်၍ ဆုံးဖြတ်ချက်များ ချစေလိုကြောင်း၊ NCA အောင်မြင်ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စေရန် အောင်မြင်ခြင်းဖြစ်ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် အတူတကွ သန္နိဋ္ဌာန်ချလိုက်ခြင်း ဖြစ်ကြောင်း။

NCA လက်မှတ်ရေးထိုးရေးနှင့် (၂၁)ရာစုပင်လုံညီလာခံ တက်ရောက်ရေးအတွက် မည်သည့်အခက်အခဲများ ရှိနေသည်ကို ပွင့်ပွင့်လင်းလင်း ပြောကြစေလိုကြောင်း၊ မိမိအနေဖြင့် ယခင်ကတည်းက အားလုံးလုပ်ပေးမည်၊ အားလုံးလုပ်နိုင်သည်ဟု မပြောခဲ့ကြောင်း၊ လူထုယုံကြည်မှု အဆုံးရှုံးမခံနိုင်ကြောင်း၊ လုပ်ပေးနိုင်သည့် ကိစ္စရပ်များကို စွမ်းအားရှိသရွေ့ လုပ်ပေးမည်ဟု ကတိပေးနိုင်ကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

ထို့ကြောင့် ယနေ့ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**စနစ်တကျ စီမံဆောင်ရွက်**

တက်ရောက်လာကြသူများက တပ်မတော်နှင့် ကေအိုင်အေအကြား တိုက်ပွဲများ ဖြစ်ပွားနေမှု၊ အကျိုးဆက်အနေဖြင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ များပြားလာမှု၊ ၎င်းတို့အတွက် စားနပ်ရိက္ခာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ လိုအပ်နေမှု၊ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးကိစ္စရပ်များ၊ လက်နက်ကိုင်ပဋိပက္ခများ၏ ကြီးမားသော ဆိုးကျိုးတစ်ခုဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာ ထိထိရောက်ရောက်နှိမ်နင်းနိုင်ရေးကိစ္စ၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် ဘာသာရေးခွဲခြားဆက်ဆံမှုများ ပပျောက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကချင်လူထု၏ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ စီမံကိန်းများနှင့် စံချိန်စံညွှန်းအရည်အသွေးပြည့်မီရန် လိုအပ်ချက်များ စသည်တို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရေတိုဖြေရှင်းနိုင်သည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့က ချက်ချင်းဆောင်ရွက်ပေးရန်၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို စနစ်တကျ စီမံဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းတွေ့ဆုံပွဲသို့ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာကြီး လလောက်ဂျုံးခေါင်၊ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာကြီး ဒေါက်တာ ခလမ်ဆမ်ဆွန်၊ မြစ်ကြီးနား ကက်သလစ်သာသနာပိုင်ဂိုဏ်းချုပ်ဆရာတော်ကြီး ဖရန်ဆစ်ဒေါ့တန်၊ ကက်သလစ်အသင်းတော်ဘုန်းတော်ကြီး ဒေါက်တာ ဂျိုးဇက်ဂေါ့လုယုံဝါ၊ အင်္ဂလီကန်သာသနာပိုင် ဆရာတော်ကြီး ဇော်လီ၊ လီဆူနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(မြစ်ကြီးနား) အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာကြီး ဇီလေး၊ ဇဝံဂေလိအသင်းတော်ဘုန်းတော်ကြီး သိက္ခာတော်ရဆရာကြီး ဒေါက်တာ ဒခွမ်ဒေးဇစ်၊ လွတ်လပ်သောတိုင်းရင်းသားများ ခရစ်ယာန်ဂိုဏ်းချုပ်ဆလော်ရှောင်၊ လူထုအခြေပြု မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ (Pat Ja San)၊ မြစ်ကြီးနားမြို့နယ်ဥက္ကဋ္ဌ ဦးလုံဂျွန်တူးရော်၊ အတွင်းရေးမှူး ဦးအင်ခွမ်တန်ဂွန်း၊ မြစ်ကြီးနားခရစ်ယာန်ကောင်စီ အတွင်းရေးမှူး သိက္ခာတော်ရဆရာကြီး မဂျီဘောက်လာ၊ ဥက္ကဋ္ဌ ဖာသာပီတာခါးအောင်တူး၊ ကချင်အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌ ဒူဝါလထော်ခွန်ဆိုင်၊ အတွင်းရေးမှူး ဦးလဘန်ဂမ်အောင်၊ တစ်သီးပုဂ္ဂလ အဂူးခဲန်၊ ဇိုင်ဝါး (Zaiwa) ရိုးရာကော်မတီဒုတိယဥက္ကဋ္ဌ ဦးလရှမ်းလနူး၊ လောင်ဝေါ် (Lhovo) ရိုးရာကော်မတီနာယက ဦးဟောင်းဇယ်၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဗန်းမော်ရိုးရာဥက္ကဋ္ဌ ဦးလဝေါမ်၊ စာပေတိုးတက်ရေးကော်မတီခွဲ အဖွဲ့ဝင် ဦးဒိုင်လွမ်၊ လားရှိုးမြို့ တစ်သီးပုဂ္ဂလ ဦးလရီးလ၊ စာပေယဉ်ကျေးမှုကော်မတီ (နမ့်ဖတ်ကာ) အတွင်းရေးမှူး ဦးအူရားနော်၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (Peace Creation Group – PCG) အဖွဲ့ဝင် ဦးယွပ်ဇော်ခေါင်၊ ဦးလမိုင်ဂွမ်ဂျာ၊ ဦးအင်ရှန်းဆန်အောင်၊ ဦးခပရာ ခွန်းအောင်၊ ရှအစ်လူမှုဖွံ့ဖြိုးရေးအသင်း ဒါရိုက်တာ ဒေါ်ဒေါင်ညွယ်၊ ထွယ်ဂျဲန်ဒါအဖွဲ့ ဒါရိုက်တာ ဒေါ်နန်ပူ၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း တည်ထောင်သူ ဒေါ်လဖိုင်ဆိုင်းရော်၊ အမှုဆောင် ဒါရိုက်တာ စိုင်းဆမ်ခမ်း၊ JST အဖွဲ့ဝင် Wunpawng Ninghtor (WPN) ဒေါ်မေရီတောမ်၊ မေတ္တာရင်ခွင် မိဘမဲ့ဂေဟာ တည်ထောင်သူ ဒေါ်အက်စ်ခေါင်နန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကချင်လူထုခေါင်းဆောင်များသည် အဖွဲ့လိုက် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခတ်ချိုကျေးရွာ တိုက်ပွဲရှောင်စခန်းသို့ သွားရောက်၍ စခန်းအတွင်း လှည့်လည်ကြည့်ရှုကာ နေရပ်စွန့်ခွာရသူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ရာ နေရပ်စွန့်ခွာရသူများက ၎င်းတို့ကိုယ်တိုင် ပြုလုပ်ထားသည့် အမှတ်တရ လက်ဆောင်ပစ္စည်းများအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြန်လည်ပေးအပ်သည်။

ယင်းနောက် KBC မိုင်းနားဇုန်နယ်**ဖွံ့ဖြိုးရေး**စခန်းကို ရောက်ရှိပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် နေရပ်စွန့်ခွာရသူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ဆက်လက်၍ လန်ဆယ်**ဒေသ**ရေဘေးကယ်ဆယ်ရေးစခန်းကို ရောက်ရှိပြီး ရေဘေးသင့်**ကျောင်းသား ကျောင်းသူများနှင့် စန်ကားကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြသူ**များအား ထောက်ပံ့ပစ္စည်းများပေးအပ်ကာ အားပေးစကားပြောကြားသည်။ ထို့နောက် ရေဘေးသင့်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ကျွန်းပင်သာရပ်ကွက်ရှိ ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်၌ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် KBC မိုင်းနားဇုန်နယ်ဖွံ့ဖြိုးရေးစခန်း၌ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ ဓာတ်ပုံတွဲရိုက်ဖူးသည့် ကချင်အမျိုးသမီးအဖွား ဒေါ်မဂေါင်ခေါ်နန်ရော်နှင့် ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်ရောက်ရှိစဉ်က ပန်းကုံးစွပ်ကြိုဆိုခဲ့သူ အဖွားဒေါ်ရွယ်နောင်းတို့က သမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ ပေးအပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (Peace Creation Group - PCG) မှ ဦးယွပ်ဇော်ခေါင်၊ ဦးလမိုင်ဂွမ်ဂျာ၊ ဦးခပရာခွန်အောင်၊ ဦးအင်ရှန်းဆန်အောင်နှင့် ဦးဂွမ်ဆန်အောင်တို့နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏ ပြည်သူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လီဆူတိုင်းရင်းသား ရိုးရာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်ရှိ ပြည်လုံးချမ်းသာ **လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်**သို့ သွားရောက်ပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မိဘမဲ့ပလောင်ကလေးငယ်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ပလောင်ကိုရင်လေးများကို အချိုရည် ကပ်လှူသည်။ ကလေးငယ်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ကချင်ရိုးရာအမှတ်တရလက်ဆောင် ပစ္စည်း ပြန်လည်ပေးအပ်သည်။

ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်က ကျွန်မတို့ ဒီကိုရောက်လာတဲ့အခါမှာ အခြေအနေကို ကြည့်ပြီးတော့ ဘယ်လိုကောင်းအောင် လုပ်သွားမလဲ ဆိုတဲ့ အဖြေကို ရှာတာပါ။ တကယ်အဓိကကျတဲ့အဖြေက ကျွန်မတို့ ငြိမ်းချမ်းရေး ရဖို့ပါပဲ။ ငြိမ်းချမ်းရေးရမှ ဒီလို IDP စခန်းတွေအားလုံးကို ကျွန်မတို့ ပိတ်လိုက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများ ကိုယ့်ရပ်ကိုယ့်ရွာမှာ အေးအေးချမ်းချမ်းနေနိုင်မှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ မရခင်ကာလမှာ စောစောက ကျွန်မပြောတဲ့အတိုင်းပဲ ပညာရေးကိုတော့ ကျွန်မတို့ အဓိကထားချင်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ IDP Camp တွေ အားလုံးဟာ ပညာရေးကို ပြည်နယ်ဝန်ကြီးချုပ်အနေနဲ့ အဓိကထားပြီးတော့ ဘယ်နေရာမှာ ကျောင်းနေအရွယ်ကလေး ဘယ်နှယောက်ရှိလဲ၊ ဒီကလေးတွေဟာ ပညာသင်ကြားဖို့ အခွင့်အရေး ရသင့်လားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ ဒါက ရေရှည်အတွက် ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးဆိုတာကလည်း ရေရှည်အတွက်ပါ။ ငယ်ငယ်တုန်းက ကျန်းမာရေးကောင်းမှ အသက်ကြီးလာတဲ့အခါကျရင်လည်း ကျန်းမာရေးကောင်းမှာ ဖြစ်ပါတယ်။

**ဖြည့်ဆည်းပေး**

ကျွန်မတို့က ဒီမိုကရေစီ အစိုးရ။ ဒီမိုကရေစီအစိုးရဆိုတာက ပြည်သူလူထုရဲ့မဲဆန္ဒနဲ့တက်ပြီးတော့ တာဝန်ယူနေတဲ့ အစိုးရဖြစ်နေပါတယ်။ အဲ့တာကြောင့် ပြည်သူလူထုရဲ့ မဲတွေအရ တက်ပြီးတော့ တာဝန်ယူတဲ့ အစိုးရမို့လို့ ပြည်သူလူထုပေါ်မှာ တာဝန်ရှိသလို ပြည်သူကလည်း ပံ့ပိုးပေးဖို့ တာဝန်ရှိပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ်တင်လိုက်တဲ့အစိုးရက အလုပ်လုပ်နိုင်ဖို့ဆိုတာကလည်းကိုယ်ကလည်း ကူညီရတယ်။ ကျွန်မတို့ကလည်း ကျွန်မတို့ကို တင်ထားတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် ကျွန်မတို့က တာဝန်ယူရမယ်။ နှစ်ဦးနှစ်ဖက်တာဝန်ယူမှုနဲ့ ကျွန်မတို့ အလုပ်လုပ်မှ ဖြစ်မှာပါ။ ကျွန်မခဏခဏ ပြောပါတယ်။ အစိုးရလက်ထဲ အားလုံးထည့်ထားချင်တယ်။ အစိုးရပဲ အားလုံးလုပ်ပေးဆိုလို့ရှိရင် ပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်တွေ ဘယ်မှာကျန်တော့မလဲ။ အဲ့ဒီတော့ ကျွန်မတို့ ပြည်သူတွေဟာ ကိုယ့်ကိုယ်ကိုယ်အားကိုးနိုင်တဲ့ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်မတ်တတ်ရပ်နိုင်တဲ့ ပြည်သူတွေ ဖြစ်စေချင်တယ်။ ကိုယ့်ကိုယ်ကိုယ်အားကိုးနိုင်မှ ကိုယ့်ဘဝအတွက် ကိုယ်လုံခြုံမှုရှိမှာ။ အခြားလူကို အမြဲအားကိုးနေရတယ်ဆိုရင် ကိုယ့်ဘဝအတွက် လုံခြုံမှုရှိမှာ မဟုတ်ပါဘူး။ အစိုးရကိုချည်းပဲ အားကိုးနေလို့ မဖြစ်ဘူး။ ပုဂ္ဂလိကအဖွဲ့အစည်းတွေ လူသားချင်းစာနာမှုအရ လုပ်ကိုင်ပေးနေတဲ့ အဖွဲ့အစည်းတွေကိုလည်း အားကိုးလို့မဖြစ်ဘူး။ ဒါတွေက ဘယ်တော့မှ ရေရှည်မှာ ကိုယ့်အနေနဲ့ စိတ်ချယုံကြည်ရမှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်။ အဲ့ဒီတော့ ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်ဖို့အတွက် ကျွန်မတို့ကနေပြီးတော့ လိုအပ်တဲ့အရည်အချင်းတွေကို ဖြည့်ဆည်းပေးဖို့ဖြစ်ပါတယ်။ အခု ကျွန်မတို့ စခန်းကိုလာတယ်ဆိုတာကလည်း ကျွန်မတို့က အားပေးစကားပြောဖို့ လာတာလည်း ဖြစ်တယ်။ နောက်ပြီးတော့ တာဝန်တွေနဲ့ပတ်သက်လို့ သတိပေးဖို့လာတာလည်း ဖြစ်ပါတယ်ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အခွင့်အရေးကို လိုချင်ရင် ကိုယ့်တာဝန်လည်း ကိုယ်ကျေရမယ်။ ဒါမှ ဒီရပိုင်ခွင့်ကို ကိုယ်ကနေပြီးတော့ မိမိရရ ကိုင်ထားနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်တာဝန်ကိုယ် မကျေလို့ရှိရင် ကိုယ်ရထားတဲ့ ရပိုင်ခွင့်တွေဟာ ဘယ်တော့ လက်တွေ့သွားနိုင်မလဲဆိုတာ ပြောလို့မရပါဘူး။

**မေတ္တာရပ်ခံ**

စခန်းထဲက ပြည်သူတွေရဲ့ လက်ရှိစားဝတ်နေရေးသာ မဟုတ်ဘူး။ အလုပ်အကိုင်ရရှိရေးကို အဓိကထားပြီးတော့ လုပ်ပေးစေချင်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ ပရိသတ်ထဲမှာရှိတဲ့ လုပ်ငန်းရှင်ပြည်သူများကလည်း ကျွန်မတို့ရဲ့ IDP Camp က ပြည်သူတွေကို အလုပ်ပေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီတော့ ဝင်ငွေလည်း မှန်မှန်ရမယ်။ အလုပ်လုပ်ရင်းနဲ့လည်း ကိုယ့်ရဲ့ အရည်အချင်းတွေ တက်လာမယ်။ နောက်ကိုယ့်ရပ်ကိုယ့်ရွာပြန်တဲ့အခါမှာ ကိုယ့်မှာ ပညာတစ်ခုတော့ ရပါတယ်။ ပညာဆိုတာဟာ ကျောင်းထဲမှာသင်မှ ပညာမဟုတ်ပါဘူး။ အလုပ်ခွင်အတွင်းမှာလည်း ကျွမ်းကျင်မှုပညာရပြီးတော့ ပညာတတ်နိုင်တာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့အနေနဲ့ IDP Camp ထဲက ပြည်သူပြည်သားတွေအတွက် ကျွန်မတို့ လုပ်ပေးချင်တဲ့ကိစ္စ ။ တစ်ပြိုင်တည်းမှာ ကျွန်မတို့ကနေပြီးတော့ Camp ထဲမှာရှိတဲ့ ပြည်သူပြည်သားတွေ ပြန်ပြီးတော့ လုပ်ပေးစေချင်တာလည်း ရှိပါတယ်။ စောစောက ကျွန်မပြောတာကတော့ ငြိမ်းချမ်းရေးအတွက်ပါ။ ငြိမ်းချမ်းရေးကို အားပေးကြပါ။ ငြိမ်းချမ်းရေးကို အားပေးဖို့ဆိုတာ အခြေခံတစ်ခုက ဘာလဲဆိုတော့ အချင်းချင်းသင့်မြတ်အောင်နေဖို့ပါ။ ငြိမ်းချမ်းရေးရဲ့အခြေခံက အချင်းချင်းသင့်မြတ်ခြင်းပဲ။ တစ်ယောက်နဲ့တစ်ယောက် မသင့်မြတ်လို့ရှိရင် ငြိမ်းချမ်းမှုဆိုတာဟာ မရှိနိုင်ဘူး။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုသားများ အားလုံးဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးတိုးတက်ဖို့အတွက်၊ ဖွံ့ဖြိုးဖို့အတွက် ဘာတွေလုပ်နိုင်သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မေးကြပါ။ မေးပြီးတော့ ကိုယ်ကနေပြီးတော့ လုပ်နိုင်သမျှကို လုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အထင်မသေးပါနဲ့ လူတိုင်း၊ လူတိုင်းဟာ သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ ကျွန်မတို့ ဗုဒ္ဓဘာသာအဆိုတစ်ခု ရှိပါတယ်။ ခက်ခက်ခဲခဲနဲ့ ဖြစ်လာတဲ့လူ့ဘဝကို တန်ဖိုးရှိရှိနဲ့သုံးဖို့ဆိုတာ တစ်ယောက်ချင်း၊ တစ်ဦးချင်းရဲ့ တာဝန်ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မိသားစုဝင်များ တပ်မတော်ဆေးရုံများအတွက် အလှူငွေ ပေးအပ်လှူဒါန်း




**နေပြည်တော် မတ် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များမှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ဆေးရုံများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုလှူဒါန်းမှုသည် တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တပ်မတော်ကိုအမှီပြု၍ ဆေးဝါးကုသမှုခံယူနေကြသူများအတွက် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ယခုလှူဒါန်းသည့်ငွေများအား ဗီယက်နမ်နိုင်ငံ Viettel Global Investment JSC ကုမ္ပဏီမှ Mytel Brand Name ရွေးချယ်ပေးမှုအတွက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ Mytel သည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ Star High Co.Ltd.၊ Viettel Global Investment JSC နှင့် ပုဂ္ဂလိကအများပိုင် ကုမ္ပဏီဖြစ်သည့် Myanmar National Telecom Holding Public Limited တို့ပေါင်းစည်းထားသော Myanmar National Tele Communication Co.Ltd. အနေဖြင့် မြန်မာနိုင်ငံ၏ စတုတ္ထအော်ပရေတာအဖြစ် GSM Network ကို တရားဝင်လုပ်ကိုင်ခွင့်ရရှိသည့် Brand Name ဖြစ်ကြောင်း၊ ထိုသို့ Mytel Brand Name ကို ရွေးချယ်ပေးခဲ့မှုအတွက် Viettel Global Investment JSC ကုမ္ပဏီမှ ဂုဏ်ပြုချီးမြှင့်ပေးအပ်သောငွေမှ အခွန်ဆောင်ပြီး ကျန်ငွေအားလုံးကို မိမိတို့မိသားစုက ယခုကဲ့သို့ ပြန်လည်လှူဒါန်းခြင်းဖြစ်ကြောင်း၊ လှူဒါန်းငွေများကိုလည်း ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် မျက်စိရောဂါကုသမှုများအတွက် ဦးစားပေးသုံးစွဲစေလိုကြောင်း၊ ယင်းရောဂါဝေဒနာရှင်များအတွက် အတိုင်းအတာတစ်ခုအထိ အသက်ကယ်ဆယ်နိုင်မှု၊ လူမှုစီးပွားအထောက်အကူပြုမှုရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် စိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် စိုးဝင်းက လက်ခံရယူစဉ်**

# မြန်မာကင်းထောက်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကူညီသူများအား ဂုဏ်ပြု



**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံ ကင်းထောက်ရာပြည့် အထိမ်းအမှတ် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တက္ကသိုလ်များ စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ပြုပွဲအခမ်းအနားကို ကင်းထောက် လူငယ်မောင်မယ်တို့က "ကင်းထောက်ဂုဏ်ရည်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနာယက မြန်မာနိုင်ငံ ကင်းထောက်ကြီး သူရဦးတင်ဦးက ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် မြန်မာနိုင်ငံသည် ၁၆၄ နိုင်ငံမြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ကြောင်း၊ မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပခဲ့ပြီး အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းအသီးသီးတို့အား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ယခုဂုဏ်ပြုပွဲကို ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာကင်းထောက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက်နိုင်ငံတော်နှင့် ပြည်သူတို့၏ ကူညီပံ့ပိုးမှု စွမ်းအားတို့အပြင် အလှူရှင်များ၊ ကင်းထောက်အဖွဲ့ဝင် လူငယ်မောင်မယ်များက တက်ညီလက်ညီ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံကင်းထောက်ရာပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား မြန်မာနိုင်ငံကင်းထောက်ကြီး သူရဦးတင်ဦးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ အခြားသော ကင်းထောက်ကြီးများကလည်း မြန်မာကင်းထောက် နှစ်(၁၀၀)ပြည့် အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြပြီး ကင်းထောက်တေးသီချင်းများရေးသားစပ်ဆိုပေးသည့် ဦးဉာဏ်ထွန်းဦး၊ အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ဌေးနှင့် ဦးမြင့်စိန်၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကင်းထောက်အဖွဲ့ဝင် လူငယ်မောင်မယ်များ၊ တက္ကသိုလ်ကင်းထောက်မောင်မယ်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ရာပြည့်အခမ်းအနားတွင် ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားကို ကင်းထောက် မောင်မယ်လေးများက ကင်းထောက်ဂုဏ်ရည် "ပြည်သူ့အတွက် အစဉ်အသင့်" ကင်းထောက်သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြသည်။ **မြင့်မောင်စိုး**

# ဆေးရုံအချုပ်နှင့် နာတာရှည်မဲမပေးနိုင်သူများ၏ အိမ်အရောက်မဲပေးနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်

**မုံရွာ မတ် ၂၈**

မတ် ၃၀ နှင့် ၃၁ ရက်တွင် မုံရွာမြို့နယ် မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးနိုင်ရန် ပုံစံ ၁၃ ဖြင့် ပြုစုလျက်ရှိသလို ဆေးရုံအချုပ်များ၊ နာတာရှည်မဲမပေးနိုင်သူများ၏ အိမ်နေရာအရောက် ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးက မဲပုံးဖြင့်သွားရောက်မဲပေးစေရန်ကြိုတင်စီစဉ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြင်စောထံမှ သိရသည်။

"မုံရွာမြို့နယ် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးဖို့အတွက် ညွှန်ကြားချက်တွေကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အလိုက်အစည်းအဝေးတွေကို မတ် ၂၉ ရက်မှာ ပြုလုပ်ပါမယ်။ ၃၀ ရက်နေ့မှာ ကြိုတင်မဲတွေပေးနိုင်ဖို့ အခုကတည်းက ပုံစံ ၁၃နဲ့ ပြုစုတာတွေရှိသလို ဆေးရုံအချုပ်တွေ၊ နာတာရှည်မဲမပေးနိုင်သူတွေရဲ့ အိမ်အရောက်ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးကမဲပုံးနဲ့သွားပြီး မဲပေးစေဖို့ ကြိုတင်ဆောင်ရွက်နေပါပြီ။ လုပ်ရင်လည်းညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်ဖို့နဲ့မလိုအပ်ဘဲ ကြိုတင်မဲပေးစေတာမျိုး ရှောင်ရပါမယ်"ဟု ဦးကြင်စောက ပြောပြသည်။

ဒုတိယနေ့ကြိုတင်မဲပေးခြင်းနှင့်အတူ မဲရုံပြင်ဆင်ထားမှုမဲရုံအဖွဲ့များ ပြင်ဆင်ထားမှုများနှင့်မဲရုံတွင် အသုံးပြုမည့် မဲလက်မှတ်များ ပြင်ဆင်မှုများကို စစ်ဆေးသွားမည်ဖြစ်သလို ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲပြီးသောနေ့တို့တွင် အရေးကြီးသော စာရွက်စာတမ်းများမှအပ ကျန်ရှိသည့်ပြန်အပ်ရမည့် ပစ္စည်းများကို ယူဆောင်လာခြင်းမပြုရန်နှင့် သက်ဆိုင်ရာရပ်ကွက်ကျေးရွာရုံးတွင်သိမ်းဆည်း၍ ရွေးကောက်ပွဲအပြီး လေးရက်အတွင်း ပြန်လည်အပ်နှံရန်နှင့်ပစ္စည်းများ ပို့ဆောင်ခြင်းအတွက် မဲရုံတစ်ရုံခြင်းအလိုက် သယ်ယူပို့ဆောင်စရိတ်ကိုထုတ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။



မုံရွာမြို့နယ် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲများကို မတ် ၂၃ ရက်မှ စတင်၍ နိုင်ငံရပ်ခြားရောက် ဒေသခံမဲဆန္ဒရှင်များမဲပေး၍ ပြန်ပေးပို့လာသည်များနှင့် သင်တန်းကျောင်း တက္ကသိုလ်နှင့် အခြားနယ်ဝေးရောက် ဝန်ထမ်းများ၏ကြိုတင်မဲများကို လက်ခံနေသလို မတ် ၂၃ ရက်မှ ၃၁ ရက်အထိ ပြည်ထောင်စုအဆင့်တိုင်းဒေသကြီးအဆင့်ရှိသူပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသည်လည်း သက်ဆိုင်ရာရပ်ကွက်ကျေးရွာကော်မရှင်ရုံးခွဲများတွင် ကြိုတင်မဲပေးနေပြီဖြစ်ကြောင်း သိရသည်။ ကြားဖြတ်ရွေးကောက်ပွဲ၏ ကြိုတင်ကာလရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအပြီးကာလတို့တွင် မုံရွာမြို့နယ် ရပ်ကွက်ကျေးရွာ ၈၅ အုပ်စုကို အပိုင်းသုံးပိုင်းခွဲကာ တိုင်းအဆင့်ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ကော်မရှင်အဖွဲ့ခွဲဝင်များက လစ်လပ်မှုမရှိစေရန်စောင့်ကြည့်ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မုံရွာမြို့ပေါ်ရှိ ၃၁ ရပ်ကွက်ကို စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကြပ်မတ်ဆောင်ရွက်မည်ဖြစ်သလို မုံရွာမြို့နယ် မြောက်ဘက်ခြမ်းကျေးရွာ ၂၇ အုပ်စုကို မုံရွာခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကာ မုံရွာမြို့နယ် တောင်ဘက်ခြမ်းကျေးရွာ ၂၇ အုပ်စုကို မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက ကြပ်မတ်ဆောင်ရွက်ရန် ကြိုတင်စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

မဲဆန္ဒနယ်အတွင်းမှ မဲဆန္ဒရှင်များ ကြိုတင်မဲနှင့် ဆန္ဒမဲပေးနိုင်ရန်မဲလက်မှတ်များကို မတ် ၂၅ ရက်မှစတင်၍ မဲဆန္ဒနယ်အတွင်း အဝေးဆုံးအစွန်အဖျားအကျဆုံး ကျေးရွာမဲရုံများအရောက် စတင်ပေးပို့နေပြီဖြစ်သလို မတ် ၂၆၊ ၂၇၊ ၂၈ ရက်တွင်လည်း မဲလက်မှတ်များ ဆက်လက်ပေးပို့လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၃-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး တစ်နှစ်တာကာလဦးစားပေးဆောင်ရွက်ပေး၏ အချပ်ပို(ခ)ရှိ ပုံစာ၌ နာဂဒေသရှိ လေရှီး-လဟယ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေ **အစား** နာဂဒေသ လဟယ်-ဒုံဟီး လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေဟု ပြင်ဆင်ဖတ်ရှုပါရန်။

(နယ်စပ်ရေးရာဝန်ကြီးဌာန)

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၈**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံး တည်ထောင်ရန် သဘောတူညီ

**နေပြည်တော် မတ် ၂၈**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ မတ် ၂၄ ရက်က ကျင်းပသည့် (၅) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများ၏ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး **"ဘန်ဒါဆရီဘီဂါဝမ် ကြေညာချက်"** ကို သဘောတူထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များကို လေ့လာတင်ပြရေးအတွက် လေ့လာရေးအဖွဲ့ (Study Group) ဖွဲ့စည်းဆောင်ရွက်ရန်နှင့် အာဆီယံတရားသူကြီးချုပ်များကောင်စီ အတွင်းရေးမှူးရုံး တည်ထောင်ရန်တို့ကို သဘောတူညီကြသည်။

အစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များက အာဆီယံတရားစီရင်ရေး အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ Internet Portal အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေး၊ တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှုနှင့် မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများ လေ့လာသုံးသပ်ရေး၊ မိသားစုမှုခင်းဆိုင်ရာ တရားသူကြီးများ၏ ပထမအကြိမ် ဖိုရမ်ကျင်းပရေးနှင့် အာဆီယံဒေသတွင်း တရားမမှုခင်းများတွင် ဆင့်စာဆင့်ဆိုမှုများ လွယ်ကူစေရန်အတွက် နည်းလမ်းတစ်ရပ်ရေးဆွဲရေး စသည့်ကိစ္စရပ်များကိုလည်း ဆက်လက်ဆွေးနွေးသည်။

"အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး"ကို ၂၀၁၃ ခုနှစ်မှစတင်၍ ဒေသတွင်း တရားစီရင်ရေးဆိုင်ရာ အစည်းအဝေးအဖြစ် နှစ်စဉ်ကျင်းပခဲ့ပြီး ယခုအခါ "အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး"အား "အာဆီယံတရားသူကြီးချုပ်များကောင်စီ"ဟု အမည်ပြောင်းလဲ၍ အာဆီယံမူဘောင်အတွင်း သီးခြားရပ်တည်သည့် အဖွဲ့အစည်းအဖြစ် အာဆီယံပဋိညာဉ်စာတမ်း၏ ဇယား ၂ တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီးဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ရည်မှန်းချက်ဖြစ်သည့် အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၅) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး တက်ရောက်လာသည့် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

## ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၈ ရက်(ဆဋ္ဌမနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၃၇၉၇ ပါးအနက် ၁၀၀၁၅ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၅၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၅၀ ခုနှစ်တွင် ၆၅ သန်းခန့် ဖြစ်လာမည်

**နေပြည်တော် မတ် ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကိုအခြေခံ၍ လူဦးရေခန့်မှန်းခြင်း သုတေသနစာတမ်းကို မတ် ၂၄ ရက်က ထုတ်ပြန်ကြေညာသည်။

အဆိုပါစာတမ်းတွင် ပြည်ထောင်စု၊ မြို့ပြနှင့် ကျေးလက်အဆင့် လူဦးရေကို ၂၀၁၅ ခုနှစ်မှ ၂၀၅၀ ခုနှစ်အထိ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကို ၂၀၁၅ ခုနှစ်မှ ၂၀၃၁ ခုနှစ်အထိလည်းကောင်း ခန့်မှန်းတွက်ချက်ထားသည်။ မြန်မာနိုင်ငံ၏ လူဦးရေကို လူဦးရေတိုးနှုန်းအနိမ့်၊ အလယ်အလတ်နှင့် အမြင့် စသည့် အဆင့်(၃) ဆင့်ဖြင့် ခန့်မှန်းတွက်ချက်ထားပြီး အလယ်အလတ်အဆင့် ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၅၀ ခုနှစ်တွင် ၆၅ ဒသမ ၀ သန်းခန့်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ၂၀၁၅ခုနှစ်မှ ၂၀၃၁ ခုနှစ်အတွက် လူဦးရေကို တိုးနှုန်းအလယ်အလတ်အဆင့်ဖြင့် ခန့်မှန်းတွက်ချက်ရာတွင် ၂၀၃၁ ခုနှစ်၌ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၁၀ ဒသမ ၅ သန်းခန့်နှင့် မန္တလေးတိုင်းဒေသကြီးတွင် လူဦးရေ ၇ ဒသမ ၂ သန်းခန့် ရှိလာမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့သည် လူဦးရေတိုးပွားမှုမြင့်မားသောဒေသများဖြစ်လာပြီး ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် လူဦးရေတိုးပွားမှု အနည်းဆုံးဒေသများဖြစ်လာနိုင်ကြောင်းနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် လူဦးရေတိုးပွားမှု ပုံမှန်သာရှိမည်ဖြစ်ကြောင်း ခန့်မှန်းရရှိသည်။

ဤစာတမ်းကိုလေ့လာခြင်းအားဖြင့် အနာဂတ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာမည့် လူဦးရေအရွယ်အစား၊ ဖွဲ့စည်းပုံနှင့် ကျား/မ အချိုး စသည်တို့ကို သိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ခြင်း၊ သယံဇာတနှင့်အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် သုတေသနဆိုင်ရာလုပ်ငန်းများတွင် အထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။ ယခုထုတ်ပြန်သည့် သုတေသနစာတမ်းအပါအဝင် သန်းခေါင်စာရင်းဆိုင်ရာထုတ်ပြန်မှုများနှင့်ပတ်သက်၍ ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ မောင်တောဒေသသို့ သတင်းရယူရန် ထွက်ခွာ



**ရန်ကုန် မတ် ၂၈**

ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သတင်းရယူရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှုနှင့်ပတ်သက်ပြီး ဖော်ထုတ်တားဆီးခဲ့မှု၊ အကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ပွားခဲ့မှုကြောင့် နေရပ်မှ ထွက်ခွာတိမ်းရှောင်သွားသူများ ပြန်လည်ဝင်ရောက်လာမှု၊ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းနှင့် ပြန်လည်နေရာချထားရေးဆောင်ရွက်နေမှု၊ ငါးဖမ်းလုပ်ငန်း၊ နယ်စပ် လူဝင်လူထွက်နှင့် တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများ ပို့ဆောင်ရောင်းချမှု စသည့် မြေပြင်အခြေအနေတို့ကို ပြန်ကြားရေးဝန်ကြီးဌာနမှဦးဆောင်သော ပြည်တွင်း ပြည်ပ သတင်းအဖွဲ့တို့ မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ လွတ်လပ်စွာ သတင်းရယူကြမည် ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ မီဒီယာသတင်းအဖွဲ့တွင် တီဗွီအဆာဟိ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အီးပီအေ၊ နိပ္ပွန်တီဗီ၊ ဖူဂျီတီဗီ၊ စင်ထရယ်နယူးဗျူရို၊ ဖရန်တီးယား မြန်မာ၊ ဧရာဝတီ၊ မြဝတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာအင်တာနေရှင်နယ်တီဗွီ၊ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့မှ သတင်းမီဒီယာ ၁၈ ဦးဖြင့် စုဖွဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်ဦးဆောင်၍ သွားရောက် သတင်းရယူကြမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိလည်း ရခိုင်ပြည်နယ် မောင်တောဒေသသို့ ပထမအကြိမ် သွားရောက်သတင်းရယူခဲ့ကြသည်။ **(သတင်းစဉ်)**

## အထူးကုဆရာဝန်ကြီးများ ဂွမြို့သို့ ကွင်းဆင်းဆေးကုသ

**ဂွ မတ် ၂၈**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန် ၄၀ ခန့်ပါဝင်သောဆေးကုသရေးအဖွဲ့သည် မတ် ၂၆ ရက် နံနက် ၉ နာရီက ဂွမြို့ကင်းရုံးရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိ၍ ဂွမြို့နယ်ရှိ ပြည်သူများအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကုသရာတွင် ဂွမြို့နယ်အတွင်းရှိ နှလုံးအထူးကု၊ မီးယပ်သားဖွား၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ စိတ်ရောဂါ၊ အထွေထွေခွဲစိတ်နှင့် အရေပြားရောဂါဆိုင်ရာ ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူစုစုပေါင်း ၉၅၃ ဦးခန့်ကို မတ် ၂၆ ရက်မှ ၂၇ ရက်အထိ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



သမဝါယမတက္ကသိုလ် (သန်လျင်)၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ဥတ္တရဆောင်ခန်းမ၌ ကျင်းပရာ ဆရာဆရာမများအား ကျောင်းသား ကျောင်းသူများ ပူဇော်ကန်တော့ကြစဉ် (သတင်းစဉ်)

# မြို့နယ်ကျေးလက်ဦးစီးဌာနမှ သောက်သုံးရေများလှူဒါန်း

**ပျော်ဘွယ် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် ယခုနှစ် နွေရာသီကာလအစမှာပင် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေကြရသည့် ကျေးရွာပေါင်း ၁၅ ရွာရှိကြောင်း သိရသည်။ အဆိုပါ ကျေးရွာ ၁၅ ရွာအနက် သောက်သုံးရေလုံးဝ ပြတ်လပ်နေသည့် ကျေးရွာငါးရွာသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မတ် ၁ ရက်မှ ယနေ့အထိ ရေကားများ စဉ်ဆက်မပြတ်ပေးပို့၍ ကျေးလက်ပြည်သူများ ကြုံတွေ့နေရသည့် သောက်သုံးရေအခက်အခဲကို ကူညီဖြေရှင်းပေးလျက်ရှိသည်။

ထို့အပြင် မတ် ၂၈ ရက်တွင် ပျော်ဘွယ်မြို့နယ်ဦးစီးမှူး ဦးနိုင်နိုင်ဝင်းနှင့် ဝန်ထမ်းများသည် ဖောင်တောကျေးရွာအုပ်စု သာယာအေး(ရွာသစ်)ကျေးရွာသို့ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် ကျေးရွာရှိ အိမ်ထောင်စုတိုင်းအား သောက်သုံးရေများကို လုံလောက်မှုရရှိအောင် ပေးဝေလှူဒါန်း ခဲ့ကြသည်။

အဆိုပါသာယာအေး (ရွာသစ်)ကျေးရွာသည် အိမ်ခြေ ၅၇ အိမ် လူဦးရေ ၂၅၈ ဦး နေထိုင်သည့် ကျေးရွာငယ်လေးတစ်ရွာဖြစ်ပြီး အလှူရှင်က ရွာအတွင်း၌ နှစ်လက်မစက်ရေတွင်း တစ်တွင်း တူးဖော်လှူဒါန်းပေးထားသော်လည်း ယခုလို ပူပြင်းသည့် နွေရာသီကာလတွင် ရေထွက်အားနည်းပါးပြီး ထွက်ရှိရေနှင့် ကျေးရွာလူထုမှာ မလုံလောက်သောကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုကဲ့သို့ ရေကားများပေးပို့ လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**





# ရေရှားပါးသည့်နေရာများတွင် ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေ သွားရောက်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

မတ် ၂၇ ရက် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီ ၁၅ မိနစ်အထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် လျှော်ဖြူပင်ကျေးရွာ၊ လက်ပံအိုင်ကျေးရွာနှင့် မကျီးပင်ကျေးရွာတို့ရှိ အိမ်ထောင်စု ၂၅၃ စုတို့အတွက် သောက်သုံးရေဂါလန် ၄,၂၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၅၀ မှ ၅ နာရီခွဲထိ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာ ကန်စွန်းကုန်းရပ်ကွက်ရှိ အိမ်ထောင်စု ၂၅၀ အတွက် ၂၀ လီတာ ရေသန့်ဘူးကြီး ၂၅၀ ကို သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

# ပတ်ဝန်းကျင်အရည်အသွေးများကျဆင်းလာမှုကြောင့် မြန်မာနိုင်ငံသည် ကင်ဆာအဖြစ်များဆုံး ဒုတိယနိုင်ငံအဖြစ်ရောက်ရှိ

**မော်လမြိုင် မတ် ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် ကင်ဆာအဖြစ်အများဆုံး ဒုတိယနိုင်ငံအဖြစ် ရောက်ရှိနေပြီး ယင်းကဲ့သို့ ဖြစ်ပွားရခြင်းသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အများကြီးသက်ဆိုင်နေကြောင်း မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်းကာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာမူဘောင် အကြံပြုဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၈ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးတွင် လူနေမှုအဆင့်အတန်းမြင့်မားစေရေး ရုပ်ပြလောက ဖွံ့ဖြိုးတိုးတက်လာသည် နှင့်အမျှ လူတို့ဖန်တီးသည့် ပစ္စည်းများသည် လူသားတို့အတွက်ရှိရမည့် သဘာဝပတ်ဝန်းကျင် ဟန်ချက်ညီမှုထက် ကျော်လွန်လာရာမှ ပတ်ဝန်းကျင်အရည် အသွေးများကျဆင်းလာနေပြီး လူသားတို့အပေါ် ဆိုးကျိုးများပြန်လည်သက်ရောက်နေခြင်းကို ဦးစိုးနိုင်က အထက်ပါအတိုင်း ပြောကြားသွားခြင်း ဖြစ်သည်။

အစည်းအဝေးသို့ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့မှ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ UNDP မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးအခြေခံမှ စက်မှုအခြေခံ စီးပွားရေးသို့ ကူးပြောင်းဖော်ဆောင်လျက်ရှိပြီး ကမ္ဘာ့ဈေးကွက်နှင့် ပေါင်းစည်းဆောင်ရွက်လျက်ရှိရာ သိသာထင်ရှားသည့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ညစ်ညမ်းမှုများသို့ ဦးတည်သောစိန်ခေါ်မှုများ ဖြစ်ပေါ်လာသည့်အတွက် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ရေရှည် စဉ်ဆက်မပြတ် ထိန်းသိမ်းရေးကိုပါ ပေါင်းစည်းဆောင်ရွက်ရန် အထူးလိုအပ်သည်ဟု ပြည်နယ်ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းကလည်း မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည်နှင့်အမျှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည်လည်း အရေးကြီးကြောင်း ပြောကြားသည်။

“လူဦးရေတိုးတက်လာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးအခြေအနေနဲ့ လူတွေရဲ့ စားနပ်ရိက္ခာအတွက် ကြိုတင်ပြင်ဆင်ဖို့ လိုပါတယ်။

“၁၉၉၄ ခုနှစ်ကတည်းက ပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းပြီးသား မူဝါဒတွေ ရှိထားပါတယ်။ ပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ဥပဒေ ၆၈ ခု ထိရှိပါတယ်။ သို့သော်လည်း ဆိုင်ရာ sector တွေ ပေါင်းစည်းပြီး အကောင်အထည်ဖော်မှုအတွက် အားနည်းချက်ရှိနေသေးတာကို ပြည်သူတွေ ပိုမိုပူးပေါင်းကြဖို့၊ ထိရောက်လိုအပ်တဲ့မူဝါဒ ပြင်ဆင်နိုင်ဖို့၊ မဟာဗျူဟာဖြစ်ဖို့ ဆွေးနွေးကြတာဖြစ်ပါတယ်။ ပြည်နယ်အစိုးရရဲ့ခွင့်ပြုချက်နဲ့ ဆွေးနွေးကြတာဖြစ်ပြီး ဆွေးနွေးမှုရလဒ်ကို ပြည်ထောင်စုအစိုးရကိုတင်ပါမယ်” ဟု ဦးစိုးနိုင်က ဆွေးနွေးပွဲရည်ရွယ်ချက်ကို ရှင်းပြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်သည့် ပေးဆပ်သူတို့၏ Taxi လူငယ်များ လူမှုကူညီရေးအသင်းမှ ဒေါ်လင်းလင်းနွယ်က “အစိုးရချည်းလည်း လုပ်လို့မရနိုင်ပါဘူး။ ဒီပွဲကနေပြီးတော့ ကျွန်မတို့ အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့လည်း ယိုယွင်းနေတဲ့ ကျွန်မတို့ ပတ်ဝန်းကျင်ကို ဘယ်လို ပူးပေါင်းကာကွယ်ကြမယ်၊ ပြည်သူတွေကို ဘယ်လိုပညာပေး စည်းရုံးကြမယ်၊ မူဘောင်မှာ ဘာတွေလိုအပ်ပြီးတော့ ဘာတွေဖြည့်စွက်ဖို့ လိုမယ်ဆိုတာတွေကို နားလည်သဘောပေါက်ရပါတယ်။ ကျွန်မတို့နေထိုင်ရာ ပတ်ဝန်းကျင်အရည်အသွေးတွေတိုးတက်လာဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်” ဟု ပြောပြသည်။

ယခုကဲ့သို့ ဆွေးနွေးပွဲသည် မွန်ပြည်နယ်တွင် ပထမဆုံး ဆွေးနွေးမှုဖြစ်ပြီး မန္တလေး၊ တောင်ကြီး၊ ရန်ကုန်စသည်ဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးလေးခုတို့တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး**



# MPT ဆင်းကတ်သုံးစွဲသူများ သဃ်န်းကျွန်းရုံး၌ မှတ်ပုံတင်ဆောင်ရွက်မှုများပြား၊ CDMA မှ GSM သို့ ပြောင်းလိုက ပြောင်းလဲသုံးနိုင်

**ရန်ကုန် မတ် ၂၈**

MPT သုံးစွဲကြသူ ရဟန်းရှင်လူမိဘပြည်သူများသို့ MPT sim card Registration (ဆင်းကတ်မှတ်ပုံတင်ခြင်း) ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများသည် (အခမဲ့ဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးလျက်ရှိရာ) ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းမ(သရက်တော)အနီးရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ရုံး၌ ဝန်ထမ်းများသည် MPTနှင့် CDMA 800 သုံးစွဲကြသော ရဟန်းရှင်လူ မိဘပြည်သူအပေါင်းတို့အား မတ်လ နောက်ဆုံးပတ်ကုန်ဆုံးရက်နီးလာပြီဖြစ်ရာ မတ် ၂၈ နံနက် ၉ နာရီခွဲမှ စတင်၍ မွန်းလွဲ ၂ နာရီခွဲအထိ မှတ်ပုံတင်မိတ္တူနှင့်တကွ အထောက်အထားပြည့်စုံသူတို့အား ချက်ချင်းအခမဲ့ဆောင်ရွက်၍ ဝန်ဆောင်မှုပေးနေသည်ဟု မြို့နယ် MPT ရုံးတာဝန်ရှိသူထံမှ သိရသည်။

CDMA.73၊ 49၊ 85၊ 86၊ 87 ဖုန်းနံပါတ် ကိုင်ဆောင်ထားကြသော ရဟန်းရှင်လူ မိဘပြည်သူများအနေဖြင့် (GSM) ဖုန်းနံပါတ်သို့ ပြောင်းလဲအသုံးပြုလိုပါက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ စာတိုက်ကြီးအပေါ်ထပ်၌လည်း ကောင်း၊ လမ်း ၄၀ အမှတ်(၁၀၃)ကျောက်တံတားမြို့နယ် ရုံးသို့သွားရောက်၍လည်းကောင်း မှတ်ပုံတင်မိတ္တူ၄ာ းရမ်း ဆင်းကတ်အထောက်အထားနှင့်တကွ ပြောင်းလဲနိုင်ကြောင်း သဃ်န်းကျွန်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTရုံး၌ ရဟန်းရှင်လူ မိဘပြည်သူ အပေါင်းအား အသိပေးကြေညာထားချက်အရ သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

# အင်းလေးဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး

**မြင့်စိုး (နတလ)**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့လူသားအဖွဲ့အစည်း(TPA)တို့ ပူးပေါင်း၍ အပြန်အလှန်ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများထဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးပေါခုံကျေးရွာအုပ်စု ရေပြန်ရေထွက်မှ သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါလုပ်ငန်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လ၌ ပြီးစီးခဲ့ကာ ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistance-ODA)ဖြင့် ငွေကျပ် ၅၂၀ ဒသမ ၆ သန်း သုံးစွဲခဲ့သည်။

ရေပြန်ရေထွက်မှထွက်ရှိသောရေကို ပိုက်လိုင်းအမှတ်(၁)နှင့် အမှတ်(၂)ဟု နှစ်လိုင်းခွဲ၍ ဖြန့်ဝေပေးလျက်ရှိရာ သာလေးကျေးရွာအုပ်စုတွင် ဖောင်တော်ဦးဘုရားသို့ သွယ်တန်းလှူဒါန်းခြင်း အပါအဝင် သာလေး၊ ချောင်းဆုံ(အထက်)၊ ချောင်းဆုံ(အောက်)၊ ဖွဲကုန်း၊ ရွာကြီးမြောက်(အထက်)၊ ရွာကြီးမြောက်(အောက်)၊ လယ်ခြေ၊ ရွာကြီးရေသာနှင့် နမ့်ဟူး ကျေးရွာများသို့လည်းကောင်း၊ ကျေးပေါခုံကျေးရွာအုပ်စုတွင် နားဋောင်းကျ၊ ကျေးပေါခုံ (မြောက်)၊ ကျေးပေါခုံ(တောင်)၊ ဟဲလုံ၊ ဟတ်ပုံး၊ ကန်ခေါင်း၊ စည်ပင်သာ(မြောက်)နှင့် စည်ပင်သာ(တောင်) ကျေးရွာများသို့လည်းကောင်း၊ အင်းပေါခုံကျေးရွာအုပ်စုတွင် အင်းပေါခုံနှင့် ရွာသစ်ကျေးရွာများသို့လည်းကောင်း၊ မိုင်းပျိုးကျေးရွာအုပ်စုတွင် မိုင်းပျိုး၊ စံခမ့်နှင့် သိမ်ထောင့်ကျေးရွာများသို့လည်းကောင်း ဖြန့်ဝေပေးရာ စုစုပေါင်းအနေဖြင့် ဘုရားနှစ်ဆူ အပါအဝင် ကျေးရွာပေါင်း ၂၃ ရွာမှ အိမ်ခြေ ၁၈၂၅ အိမ်သို့ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေပေးနိုင်ခဲ့သည်။

ရေပေးဝေရာတွင် ရေဂါလန် ၂၃၀၀၀ ဆံ့ ရေလှောင်ကန်(၂)ကန်ရှိရာသို့ အင်ဂျင်စက်များအသုံးပြု၍ အမြင့်တင်စနစ်ဖြင့် ဖြန့်ဝေပေးပို့ခဲ့ခြင်းဖြစ်သည်။ ထိုသို့ အင်ဂျင်စက်များ အသုံးပြုလျက်ရှိရာမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၄၆ သိန်းဖြင့် ထရန်စဖော်မာ တပ်ဆင်ပေးကာ အင်ဂျင်စက်အစား လျှပ်စစ်မော်တာဖြင့် ရေပေးဝေနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

ရေပြန်ရေထွက်မှ ဖြန့်ဝေလျက်ရှိသောရေသည် သောက်သုံးနိုင်သောအဆင့်ရှိသော်လည်း ကတ်ဒီမီယမ်ဓာတ် မြင့်မားခြင်းနှင့် ရေစေးရေသွက်များနေခြင်းကြောင့် ရေရှည်တွင် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရေးအတွက် ရေသန့်စက် တပ်ဆင်အသုံးပြုရန်လည်း လိုအပ်လာသည်။ သို့ဖြစ်၍ TPA ၏ အစီအစဉ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် Shunkokai ကုမ္ပဏီမှ မြန်မာနိုင်ငံအဖွဲ့ဝင်များက ရေသန့်စက် (WTP 240 Hitachi Aqua-Tech Water Treatment System) တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၂၀၀ ကို ပေးလှူခဲ့သည်။ ဒေသခံပြည်သူများက ရေသန့်စက်ထားရှိရန် အဆောက်အအုံနှင့် ရေသန့်သိုလှောင်ရန် ရေတိုင်ကီနှစ်လုံးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။



ရေသန့်စက်ဖွင့်ပွဲကျင်းပစဉ်

အဆိုပါ ရေသန့်စက် တပ်ဆင်အသုံးပြုခြင်းစီမံကိန်းကို ရေပြန်ရေပေးဝေရေးကော်မတီထံသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ် ၃ ရက်က ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကျေးပေါခုံကျေးရွာ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး၊ Shunkokai ကုမ္ပဏီမှ အလှူရှင်များ၊ TPA မှ စီမံကိန်းမန်နေဂျာ၊ ရေပြန်ရေပေးဝေရေးကော်မတီအဖွဲ့နှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့လူသားအဖွဲ့အစည်း(TPA )သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အပြန်အလှန် ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်းစီမံကိန်းကို ပူးပေါင်းဆောင်ရွက်ရာတွင် စီမံကိန်းပထမ အဆင့်အနေဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၉ သန်း အသုံးပြု၍လည်းကောင်း၊ စီမံကိန်း ဒုတိယအဆင့်ကို ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၄ သန်းဖြင့်လည်းကောင်း၊ စီမံကိန်း တတိယအဆင့်ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၅ သန်းဖြင့်လည်းကောင်း အသီးသီး ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းစတုတ္ထအဆင့်ကို ၂၀၁၂ ခုနှစ် မတ်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ယခုလည်း ၂၀၁၅ ခုနှစ် မေ ၁၅ ရက်မှ ၂၀၁၈ ခုနှစ် မေ ၁၄ ရက်အထိ စီမံကိန်း လျာထားငွေ ၁ ဒသမ ၉၅ သန်းဖြင့် လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဒေသအတွင်းရှိ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အသေးစားရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သောက်သုံးရေအတွက် ရေသွယ်ယူပေးခြင်း၊ အသေးစား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် နေ့ကလေးထိန်းမှုကြိုကျောင်း ဆောက်လုပ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မည့် သဘာဝပတ်ဝန်းကျင်ကို တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



တပ်ဆင်ထားပြီးသော ရေသန့်စက်ကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်

စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် မျိုးဆက်တစ်ခုတည်းအတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ နောင်အနာဂတ် မျိုးဆက်သစ်များအထိ မြေဆီလွှာကောင်းမွန်ပြီး အော်ဂဲနစ်နည်းစနစ်ကိုအခြေခံသော ဓာတုဆေးဝါးကင်းလွတ်သည့် စိုက်ပျိုးနိုင်မှုကို ရည်ရွယ်ကာ လယ်ယာနှင့် သစ်တောများ ကောင်းမွန်စေရန် ဒိုချကင်း သဘာဝမြေသြဇာနှင့် အခြားသော သဘာဝနည်းပညာကိုအခြေခံသည့် လယ်ယာစိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဝေဆောင်ရွက်ပေးခြင်းဖြစ်သည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပညာရေးကဏ္ဍတွင် စိုက်ပျိုးရေးကိုအခြေခံ၍ ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် မူကြိုကျောင်း၊ မူလတန်းကျောင်းများ ဆောက်လုပ်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရလည်း ဂျပန်နိုင်ငံမှ တက္ကသိုလ် ကျောင်းသားများ လာရောက်လေ့လာခြင်း၊ မြန်မာလူငယ်များ ဂျပန်နိုင်ငံသို့ အပြန်အလှန်သွားရောက်လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း စသည်တို့ဖြင့် ပညာရေး၊ လူမှုဆက်ဆံရေးဆိုင်ရာ အထောက်အပံ့များစွာ ဖြစ်စေခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍လည်း အင်းလေးကန်ဒေသ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယင်းလုပ်ငန်းအစီအစဉ်များထဲတွင် အင်းလေးကန် သန့်ရှင်းသာယာလှပရေး၊ အင်းလေးကန်အတွင်းရှိ ဗေဒါပင်နှင့် ရေမှော်ပင်များကို သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲရေး၊ ဗေဒါပင်မှ လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရေးစသော နည်းပညာများပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

အင်းလေးကန်အတွင်းသို့ မြေအနယ်အနှစ်ပို့ချမှုနှင့် မြေဆီလွှာတိုက်စားခြင်း မရှိအောင် အင်းလေးကန်ပတ်ဝန်းကျင်တွင် သစ်တောထူထောင်ခြင်း၊ ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေးသုံးစွဲမှုမရှိအောင် အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာကို အခြေခံသော ဓာတုဆေးဝါးကင်းလွတ်သည့် စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာများပို့ချပေးခြင်း၊ အော်ဂဲနစ်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ရောင်းချနိုင်ရန် ဆောင်ရွက်ပေးခြင်းတို့လည်း အပါအဝင်ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လုပ်ငန်းတစ်ခုသည် ဒေသ၏ လိုအပ်ချက်နှင့်သော်လည်းကောင်း၊ အခြေအနေ အချိန်အခါနှင့်သော်လည်းကောင်း အံဝင်ခွင်ကျရှိခဲ့ပါမူ ယင်းအဖွဲ့အစည်း၊ ယင်းလုပ်ငန်းအပေါ် ဒေသခံတိုင်းရင်းသားများက ကျေးဇူးတင်ကြသည်။ ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုကြသည်။ TPA သည်လည်း ဒေသခံများ၏ အသိအမှတ်ပြုမှုကို ခံယူရရှိသော အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်သည်။ တောင်ပို့ကြီး စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးမှုများ၊ ကင်တုတ်ဆည် တည်ဆောက်ရေးလုပ်ငန်း၊ ပင်းတယဒေသ ကုံတုံဆရာတော်ကြီးကျောင်း ရေရရှိရေးလုပ်ငန်း၊ ကလောမြို့ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးမှုများသည် TPA ၏ သိသာထင်ရှားသော အကျိုးပြုလုပ်ငန်းများ ဖြစ်ကြသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် TPA တို့ ပူးပေါင်း၍ ယခုဆောင်ရွက်ပေးခဲ့သည့် အင်းလေးဒေသကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းသည်လည်း လူသာခုခေါ်၊ နတ်သာခုခေါ် လုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသခံတိုင်းရင်းသားအားလုံးကလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြသည်။ ။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နယ်စပ် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၄၆ သိန်းဖြင့် ထရန်စဖော်မာ တပ်ဆင်ပေးကာ အင်ဂျင်စက်အစား လျှပ်စစ် မော်တာဖြင့် ရေပေးဝေနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ရေပြန်ရေထွက်မှ ဖြန့်ဝေလျက်ရှိသော ရေသည် သောက်သုံးနိုင်သောအဆင့်ရှိသော်လည်း ကတ်ဒီမီယမ်ဓာတ် မြင့်မားခြင်းနှင့် ရေစေးရေသွက်များ နေခြင်းကြောင့် ရေရှည်တွင် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ရရှိရေးအတွက် ရေသန့်စက် တပ်ဆင်အသုံးပြုရန်လည်း လိုအပ်လာသည်။ သို့ဖြစ်၍ TPA ၏ အစီအစဉ်ဖြင့် ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် Shunkokai ကုမ္ပဏီမှ မြန်မာနိုင်ငံ အဖွဲ့ဝင်များက ရေသန့်စက် (WTP 240 Hitachi Aqua-Tech Water Treatment System) တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂၀၀ ကို ပေးလှူခဲ့သည်။ ဒေသခံပြည်သူများက ရေသန့်စက်ထားရှိရန် အဆောက်အအုံနှင့် ရေသန့် သိုလှောင်ရန် ရေတိုင်ကီနှစ်လုံးကို ဆောက်လုပ်လှူဒါန်းခဲ့သည်**

# တရုတ်နိုင်ငံတွင် မြေပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံး

**ပေကျင်း မတ် ၂၈**

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် ယနေ့နံနက်က ပြိုကျမှုကြောင့် အလုပ်သမားရှစ်ဦးအနက် နှစ်ဦးအား ကယ်ဆယ်နိုင်ခဲ့သော်လည်း ၎င်းတို့သည်ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အသက်ကယ်ပစ္စည်း ကိရိယာများ၊ အနံ့ခံခွေးများနှင့်အတူ ကယ်ဆယ်ရေးလုပ်သားများသည် အပျက်အစီးများအောက်တွင် ရောက်ရှိနေသော နောက်ထပ် ခုနစ်ဦးအား ရှာဖွေမှုများလုပ်ဆောင်နေကြောင်း ဒေသခံအစိုးရက ပြောကြားခဲ့သည်။

အဆိုပါ မြေပြိုကျမှုသည် မချန်မြို့ ပျော်ပွဲရွှင်ပွဲများကျင်းပရာ ပန်းခြံ၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၃၅မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြိုကျမှုတွင် ဆောက်လက်စအဆောက်အအုံအပိုင်းအစများ ပါဝင်ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသူ အစိုးရအရာရှိ ဟွမ်ဂူရန်က ပြောခဲ့သည်။

၃၀ စတုရန်းမီတာပမာဏရှိ မြေများပြိုကျခဲ့ကြောင်း ဟွမ်က ပြောသည်။

ပြိုကျအစိတ်အပိုင်းများဖယ်ရှားရာတွင် ပိမိနေသူများကို အန္တရာယ်မကျရောက်ရေးသတိကြီးစွာထား၍ ဆောင်ရွက်နေကြောင်း ကယ်ဆယ်ရေးအကြီးအကဲဖြစ်သူ လီရီဖန်က ပြောသည်။ ရဲတပ်ဖွဲ့ကလည်း အဆောက်အအုံပြိုကျမှုနှင့်ပတ်သက်ပြီး လူရှစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

(ဆင်ဟွာ)



# ဆဲလ်ဖီရိုက်နေသည့် မိန်းကလေးနှစ်ဦး လေယာဉ်တိုက်မိပြီးသေဆုံး

**မက္ကဆီကိုစီးတီး မတ် ၂၈**

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ လေယာဉ်ပြေးလမ်းတစ်ခု၏ အပြင်ဘက်၌ ဆဲလ်ဖီရိုက်နေသော ၈မက္ကဆီကို မိန်းကလေးနှစ်ဦးအား လေယာဉ်ငယ်တစ်စီးက ဝင်ရောက်တိုက်မိခဲ့၍ သေဆုံးခဲ့ကြောင်း ယမန်နေ့က သတင်းများတွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်နှင့် ၁၇ နှစ်အရွယ် နှစ်ဇီရာမန်ဒိုဇာနှင့် ကလာရီဆာမော်ချိုအမည်ရှိ မက္ကဆီကို မိန်းကလေးနှစ်ဦးသည် ကုန်တင်ယာဉ်တစ်စီးပေါ်တက်၍ ၎င်းတို့၏ မိုဘိုင်းဖုန်းများဖြင့် ဆဲလ်ဖီ ရိုက်နေစဉ် လေယာဉ်တောင်ပံနှင့်တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

၎င်းမိန်းကလေးနှစ်ဦးသည် လေယာဉ်ပြေးလမ်း အပြင်ဘက်တစ်လျှောက် ကျင်းပနေသည့် မြင်းပြိုင်ပွဲသို့ လာရောက်ကြသူများဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝမ်းနည်းဖွယ် မတော်တဆမှုသည် နိုင်ငံမြောက်ပိုင်း ချီဟွာပြည်နယ် ချီနီပါ့စ်မြို့တွင် မတ် ၂၅ ရက် နေ့လယ်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူနှစ်ဦးအား ယင်းနေ့ ညနေပိုင်း၌ပင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း ပြည်တွင်း နေ့စဉ်သတင်းစာ El Heraldo de Chihuahua က ဖော်ပြခဲ့သည်။

အရေးအတွက် အတိအကျဖော်ပြရန် ခက်ခဲသော်လည်း ကမ္ဘာတစ်ဝန်းတွင် ဆဲလ်ဖီရိုက်ခြင်းကြောင့် ပြင်းထန်စွာဒဏ်ရာရရှိသူနှင့် သေဆုံးသူ အများအပြားရှိခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# ဘာလင်ပြတိုက်ရှိ ဂင်းနစ်မှတ်တမ်းဝင် ရွှေဒင်္ဂါးတစ်ပြားပျောက်ဆုံး

**ဘာလင် မတ် ၂၈**

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ပြတိုက်တစ်ခု၌ မတ် ၂၇ ရက် အစောပိုင်းက အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိသည့် ရွှေဒင်္ဂါးပြားကြီးတစ်ပြား အခိုးခံရကြောင်း ဘာလင်မြို့ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

မေဘယ်ရွက်ကြီးဟု လူသိများသည့် ယင်းရွှေဒင်္ဂါးပြားကို ၂၀၀၇ ခုနှစ်တွင် ကနေဒါတော်ဝင် ဒင်္ဂါးထုတ်လုပ်ရေးစက်ရုံက ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒင်္ဂါးပြား၏မျက်နှာပြင်တစ်ဖက်တွင် မေဘယ်ရွက်အား ပုံဖော်ထားပြီး အခြားတစ်ဖက်တွင် အယ်လီဇဘက် ၂ ဘုရင်မ၏ပုံအား ဖော်ပြထားကြောင်း သိရသည်။



Bode ပြတိုက်၏ ပြောကြားချက်အရ အဆိုပါ ရွှေဒင်္ဂါးတွင် သန့်စင်သော ရွှေပါဝင်မှုနှုန်းသည် ၁၀၀၀ ပုံလျှင် ၉၉၉ ပုံဖြစ်ပြီး ဂင်းနစ်မှတ်တမ်းဝင် ရွှေဒင်္ဂါးပြားတစ်ပြားဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က အချင်း ၅၃ စင်တီမီတာနှင့် အလေးချိန် ၁၀၀ ကီလိုဂရမ်ရှိသည့် အဆိုပါဒင်္ဂါးကို သူခိုးအုပ်စု တစ်စုက ပြတိုက်အတွင်းမှ ခိုးယူသွားခြင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ဘာလင်မြို့လယ်ရှိ Bode ပြတိုက်သည် ကမ္ဘာပေါ်တွင် ဒင်္ဂါးပြားအများဆုံး စုဆောင်းထားသည့် ပြတိုက်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၎င်း၏ ဒင်္ဂါးပြခန်း၌ ရှားပါးဒင်္ဂါး ၅၀၀၀၀၀ ခန့် စုဆောင်းထားကြောင်း သိရသည်။

(ဆင်ဟွာ)

# တူနီးရှားပါလီမန်အဆောက်အအုံအတွင်း ဓားကိုင်ဝင်ရောက်ရန် ကြိုးစားသူအား ဖမ်းဆီး

**တူးနစ် မတ် ၂၈**

တူနီးရှားနိုင်ငံ၌ အင်္ဂါနေ့က ဓားကိုင်ဆောင်ထားသောလူငယ်တစ်ဦးသည် တူနီးရှားပါလီမန်အဆောက်အအုံအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းစဉ် စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းအား ဖမ်းဆီးထိန်းသိမ်းမှု ပြုလုပ်ခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ပါလီမန်လွှတ်တော်မှ ပြောရေးဆိုခွင့်ရှိသူက ဓားလက်နက်ကိုင်ဆောင်ထားသူသည် အဘယ်ကြောင့် လွှတ်တော်အဆောက်အအုံအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြောင်းကို ရှင်းလင်းစွာမသိရှိရသေးကြောင်း ပြောကြားခဲ့သည်။

အဆိုပါလူငယ်သည် လွှတ်တော်အစည်းအဝေးပြုလုပ်မှုကို စောင့်ကြည့်ရန် လွှတ်တော်သို့ လာရောက်သည့် ကျောင်းသားများအဖွဲ့မှ လူငယ်တစ်ဦးဖြစ်သည်ဟု ပါလီမန်လွှတ်တော်အဖွဲ့ဝင်တစ်ဦးက ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်နှစ်အကြာက တူနီးရှားပါလီမန်လွှတ်တော်အဆောက်အအုံအနီးရှိ ဘာဒိုပြတိုက်၌ သေနတ်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး နိုင်ငံခြားသား ၂၁ ဦးကို သတ်ဖြတ်ခဲ့ပြီးနောက်တွင် လွှတ်တော်အဆောက်အအုံ၏ လုံခြုံရေးကို တင်းကျပ်စွာချထားခဲ့သည်။ ယင်းတိုက်ခိုက်မှုကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

(ရိုက်တာ)

# ရေကြောင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ တရုတ်နှင့်ဖိလစ်ပိုင် ဆွေးနွေးမည်

**ပေကျင်း မတ် ၂၈**

တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် လာမည့်မေလတွင် တောင်တရုတ်ပင်လယ်အရေးနှင့် သက်ဆိုင်သည့် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းဆွေးနွေးမှု ယန္တရားတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟွာချောင်ယင်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

လတ်တလောတွင် နှစ်နိုင်ငံလုံးက အဆိုပါအကြောင်းအရာပေါ်တွင် ရင်းရင်းနှီးနှီးညှိနှိုင်းဆွေးနွေးသွားကြရန် အာရုံစိုက်လျက်ရှိကြောင်း ဟွာကသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့်အတူ တည်ငြိမ်အေးချမ်းသည့် ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်စေရန် သာမက အကျိုးအမြတ်ရရှိနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာကောင်းသည့် အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်ရန် ရေကြောင်းသွားလာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်နှင့် မတူကွဲပြားမှုများကို သင့်တင့်မျှတအောင် စီမံထိန်းချုပ်ဆောင်ရွက်သွားရန်စိတ်အားထက်သန်လျက်ရှိနေကြောင်း ဟွာကပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ (PCG) ကိုယ်စားလှယ်များကိုလည်း တရုတ်နိုင်ငံသို့ စောစီးစွာ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သည့် ရေကြောင်းသွားလာမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကမ်းခြေစောင့်တပ်ဖွဲ့ကော်မတီ အစည်းအဝေးတွင် နှစ်ဖက်စလုံးက ၂၀၁၇ ခုနှစ်အတွက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဇယားများကို စီစဉ်ရေးဆွဲခဲ့ကြသည်။ နှစ်နိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန် ယုံကြည်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းလာစေမည်ဖြစ်ကြောင်း ဟွာက ပြောကြားခဲ့သည်။

(ဆင်ဟွာ)




တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချောင်ယင်

# အာရှလူငယ် အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနေသည့် (၁၁) ကြိမ်မြောက် အသက် ၁၉ နှစ်အောက် အာရှလူငယ် အမျိုးသား ဘော်လီဘောပြိုင်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘော်လီဘော အားကစားရုံ၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်မှ နည်းစနစ်အကြံပေး ဦးတင်မောင်အေးနှင့် အာရှ ဘော်လီဘော ကွန်ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြသည်။

မေးခွန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက မြန်မာနိုင်ငံအနေဖြင့် အာရှအဆင့် ဘော်လီဘောပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ်မှ စတင်၍ လက်ခံကျင်းပခဲ့ရာ ယခုနှစ်သည် တတိယအကြိမ်မြောက်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အာရှအဆင့် ဘော်လီဘော ပြိုင်ပွဲ များကို စဉ်ဆက်မပြတ် လက်ခံကျင်းပသွားရန် အဖွဲ့ချုပ်အနေဖြင့် စီစဉ်ထားပါကြောင်း၊ ထိုပြင် နိုင်ငံအတွင်း မျိုးဆက်သစ် ဘော်လီဘော အားကစားသမား ပေါ်ထွန်းလာရေးအတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့် ပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲများ၊ ဝန်ကြီးဌာန ပေါင်းစုံပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိပါကြောင်း၊ အလားတူ ကလေးသူငယ်များအကြား ဘော်လီဘော အားကစားနည်းကို စိတ်ပါဝင်စားမှုရှိစေရန် အင်းလေး၊ ငွေဆောင်နှင့် ပျဉ်းမနားမြို့တို့တွင် ပြိုင်ပွဲများကျင်းပခဲ့ပါကြောင်း ဖြေကြားကြသည်။

ထို့အတူ ၂၀၁၇ ခုနှစ် (၁၁) ကြိမ်မြောက် အသက် ၁၉ နှစ်အောက် အာရှလူငယ်အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့သော်လည်း ပျက်ကွက်ခဲ့သည့် အသင်းများကို အာရှဘော်လီဘော ကွန်ဖက်ဒရေးရှင်းမှ ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပနေသည့် (၁၁) ကြိမ်မြောက် အသက် ၁၉ နှစ်အောက် အာရှလူငယ် အမျိုးသားဘော်လီဘော ပြိုင်ပွဲသည် လာမည့်ဩဂုတ်လ၌ ဘာရိန်းနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့အသက် ၁၉ နှစ်အောက် အမျိုးသားဘော်လီဘော ပြိုင်ပွဲအတွက် အရေးကြီးသည့် ပွဲစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# အာရှဖလား ခြေစစ်ပွဲအဖွင့်ပွဲတွင် မြန်မာအသင်း အိမ်ကွင်း၌ရှုံးနိမ့်

**ရန်ကုန် မတ် ၂၈**

၂၀၁၉ အာရှဖလားခြေစစ်ပွဲ အုပ်စု (က) ပထမအဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ **(ယာပုံ)** မြန်မာအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အိန္ဒိယအသင်းကို ရှုံးနိမ့်ခဲ့သည်။ အိမ်ရှင် မြန်မာအသင်းခြေစွမ်းအသာဖြင့် ဖိကစားပြီး ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ်အား နည်းမှုကြောင့် ဂိုးမရှိဘဲ ရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းသည် အိမ်ကွင်းအဖွင့်ပွဲ အရှုံးရလဒ်ကြောင့် အာရှဖလားခြေစစ်ပွဲအောင်မြင်ရန် ဖိအားဝင်သွားရပြီး ရုန်းကန်ရတော့မည်ဖြစ်သည်။ အိန္ဒိယအသင်းသည် အဝေးကွင်းတွင် မြန်မာတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် တန်ပြန်တိုက်စစ်မှ အနိုင်ဂိုးသွင်းယူခဲ့သောကြောင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။



မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲတွင် ပုံစံကောင်းရခဲ့သည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ပွဲထွက် ၁၁ ဦးတွင် သီဟစည်သူ(ဂိုး)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ ဖြိုးကိုကိုသိန်း၊ သိန်းသန်းဝင်း၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး၊ စည်သူအောင်၊ ကျော်ကိုကို၊ အောင်သူတို့ ပါဝင်ခဲ့သည်။ မြန်မာအသင်းသည် အိမ်ကွင်းတွင် ကစားရသောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အရပ်အမောင်းမြင့်မားသည့် အိန္ဒိယအသင်းမှာ အမြင့်ဘောများဖြင့် ကစားခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းက အခွင့်အရေးပိုရခဲ့သည်။ သို့သော် တိုက်စစ်မှူးများဖြစ်သည့် အောင်သူနှင့် ကျော်ကိုကိုတို့ အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် အိန္ဒိယအသင်း ဂိုးရနိုင်သည့်အခွင့်အရေး ပြန်ရခဲ့ပြီး မြန်မာဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် အိန္ဒိယအသင်းက ခံစစ်ကိုဦးစားပေးခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သောကြောင့် မြန်မာအသင်းပိုဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ရန်နိုင်ဦး၏ ညာခြမ်းမှအဓိကတိုက်စစ်ဆင်ခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သောကြောင့် ဦးဆောင်ဂိုးနှင့်လွဲချော်ခဲ့ရသည်။ မြန်မာအသင်းမှ အောင်သူ၊ ရန်အောင်ကျော်၊ ဇော်မင်းထွန်းတို့၏ ကန်သွင်းမှုများ လွဲချော်ခဲ့သလို ကျော်ကိုကို၏ အပိုင်ခေါင်းတိုက်ဂိုးသွင်းမှုနှစ်ကြိမ်မှာလည်း ဂိုးမရခဲ့ပေ။ ပွဲပြီးခါနီးတွင် အိန္ဒိယအသင်း အနိုင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှ အသင်းခေါင်းဆောင် ချီသရီက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဇွန် ၁၃ ရက်တွင် မကာအိုအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# တာချီလိတ်၌ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးတစ်လုံးတွေ့ရှိ



**တာချီလိတ် မတ် ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် မြတ်လေးလမ်းဘေးရှိ သဲပုံအတွင်းမှ (စနက်တံပါ) ပင် မဖြုတ်ရသေးသော လက်ပစ်ဗုံးတစ်လုံးကို မတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲခန့်က တွေ့ရှိခဲ့သည်။ **(ဝဲပုံ)**

ရွှေနဂါး(ဂဂ)အိမ်ဆောက်ပစ္စည်းဆိုင် အရောင်းစာရေးဖြစ်သူ ဦးညီညီသည် ဆိုင်အနောက်ဘက်ရှိ သဲပုံအတွင်းမှ GRENADE HANT FRAG M.26 A2 RDX / TNTLOT.4-83 တံဆိပ်ပါ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံး(စနက်တံပါ) ပင် မဖြုတ်ရသေးသော အစိမ်းရောင်တစ်လုံးအား တွေ့ရှိရ၍ တာဝန်ရှိသူများထံ သတင်းပို့ခဲ့ပြီး တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုနှင့် ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဗျူဟာအဖွဲ့ (အခြေချ)တာချီလိတ်သို့ အပ်နှံခဲ့ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အမျိုးသားအဆင့် မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းကောက်ယူရေး သင်တန်းဆရာ/ကြီးကြပ်သူများ သင်တန်းဖွင့်

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် UNODC တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ အမျိုးသားအဆင့် မူးယစ်ဆေးဝါးသုံးစွဲမှု စစ်တမ်းကောက်ယူရေး သင်တန်းဆရာ/ကြီးကြပ်သူများ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် Park Royal Hotel ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ စီမံကိန်းဌာန၊ ဌာနမှူးရဲမှူးကြီး ဇော်လင်းထွန်း တက်ရောက်အမှာစကားပြောကြားခဲ့ပြီး စစ်တမ်းကောက်ယူရေး အစီအစဉ်အရ မြေပြင်ကွင်းဆင်း၍ စစ်တမ်းကောက်ယူခြင်း၊ အချက်အလက်များထည့်သွင်းခြင်း လုပ်ငန်းစဉ်များအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မသန်စွမ်း(ခြေခွင်ကလေး)နှင့် မွေးရာပါလိင်အင်္ဂါနှစ်မျိုးပါ ကလေးငယ်များအား ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ဘုရားသုံးဆူ မတ် ၂၈**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဘုရားသုံးဆူမြို့အမှတ် (၃) ရပ်ကွက်ရှိ မသန်စွမ်းခြေခွင်ကလေးနှင့် မွေးရာပါ လိင်အင်္ဂါနှစ်မျိုးပါကလေးငယ်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးနှင့် ကျန်းမာရေးဌာနတာဝန်ခံ ဆရာဝန် ဒေါက်တာကျော်မင်းဦးတို့က ဝေဒနာရှင်ကလေးနှစ်ဦးအခြေအနေနှင့် ဆေးဝါးကုသမည့်အချိန်တွင် လိုအပ်မည့်ငွေရေးကြေးရေးအခက်အခဲများကို ချပြရှင်းလင်းခဲ့ပြီး ရန်ကုန်မြို့သို့ သွားရောက်ဆေးဝါးကုသရန်အတွက် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက အလှူငွေကျပ် ၁၄၄၃၅၀၀ ကို ထည့်ဝင်ခဲ့ကြပြီး တာဝန်ခံဆရာဝန် ဒေါက်တာ ကျော်မင်းဦးက ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ၊ အလှူရှင်များဆက်လက်ရှာဖွေကာ ဆေးဝါးကုသရာတွင် အခက်အခဲမရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သုံးဆူ( မြို့နယ် ပြန်/ဆက်)**

# ကျိုင်းလပ်မြို့၌ မိုးသက်လေပြင်းနှင့်အတူ မိုးကြိုးပစ်ခံရမှုကြောင့် နွားခြောက်ကောင်သေဆုံး

**ကျိုင်းလပ် မတ် ၂၈**

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ဝမ်း(၁) ကျေးရွာနေ ဦးကျနီး၏ နွားတင်းကုပ်ရှိ နွားခြောက်ကောင်အား မတ် ၂၈ ရက် နံနက် ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကြိုးပစ်ခံရသည့် နွားတစ်ကောင်လျှင် ဒေသတန်ဖိုးငွေကျပ် ခြောက်သိန်းခန့်ဖြစ်ရာ စုစုပေါင်းငွေကျပ် ၃၆ သိန်းခန့် ဆုံးရှုံးခဲ့သည်။ ထို့အတူ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နမ့်ကိုင်းကျေးရွာရှိ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ သွပ်အမိုးအချပ် ၂၀ လန်ခြင်း၊ သစ်သားဒိုင်းများ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည့်အတွက် ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ဟားခါးမြို့၌ ကျင်းပ

**ဟားခါး မတ် ၂၈**

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး (CHIN STATE DEVELOPMENT FORUM) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကိုယ်စား ထန်တလန်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမှုထန်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး UNICEF ဌာနေကိုယ်စားလှယ် မိုဟာမက်ဘက်ဒရူးဟာဆန်နှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စံစံတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြကာ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ ဖိုရမ်သို့ ချင်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများနှင့် NGO, INGO, CSO များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မတ် ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

*❍ ကျောဖုံးမှ*

စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ကြားသိရ၍ မှန်ကန်မှု ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဆင့်မြင့်အဝေးပြေးလမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးအဖွဲ့က ဦးစီးပြီး Asia Develop Bank (ADB ) ၏ ကူညီထောက်ပံ့ပေးမှုဖြင့် ၂၀၁၈ ခုနှစ် ဧပြီတွင် အကောင်အထည်ဖော်ဖောက်လုပ်မည်ဖြစ်သည်။ လမ်းမကြီး အဆင့်မြှင့်အကောင်အထည်ဖော်ပြီးစီးပါက ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ပေးနိုင်ခြင်း၊ ခရီးအကွာအဝေးကို တိုတောင်းစေခြင်း၊ ကုန်သွယ်စီးဆင်းမှု မြန်ဆန်စေခြင်း၊ ခရီးစဉ်မှ အချိန်ကုန်သက်သာစေခြင်းတို့ကြောင့် မြန်မာနိုင်ငံ တစ်ဝန်းကုန်သွယ်စီးဆင်းမှုမှာ ယခုထက် ပိုမိုလျင်မြန်မည်ဖြစ်သည်။ လမ်းမကြီးပေါ်ရှိ မြို့ကြီးများမှာလည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများကလည်း အဆိုပါလမ်းမကြီး စတင်ဖောက်လုပ်မှုကို ဝမ်းသာပီတိဖြစ် မျှော်လင့်နေကြကြောင်းနှင့် လမ်းမကြီးအဆင့်မြှင့်တင်ရာတွင် အခြားမြို့များမှာ မြို့ရှောင်လမ်းဖြတ်သန်းသွားလာရေးအတွက် ပြဿနာမရှိသော်လည်း သုံးခွမြို့မှာ မြို့ရှောင်လမ်းမရှိသဖြင့် အခက်အခဲများနဲ့ ကြုံနေရသောကြောင့် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးက ထပ်မံဖြည့်စွက် မေးမြန်းခဲ့သည်။

သို့ဖြစ်၍ ပဲခူး၊ သနပ်ပင်၊ ခရမ်း၊ သုံးခွ၊ သန်လျင်-သီလဝါသို့ ဆက်သွယ်သော အဝေးပြေးလမ်းမကြီး ဖောက်လုပ်မည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သုံးခွမြို့အား မြို့ရှောင်လမ်းသစ်တစ်ခုကို သင့်တင့်လျောက်ပတ်သည့် နေရာမှ ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# နိုင်ငံတကာသီချင်းဆိုပြိုင်ပွဲများ မြန်မာနိုင်ငံတွင် ကျင်းပမည်

**ရန်ကုန် မတ် ၂၈**



မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အဆိုဝါသနာရှင်များ ပါဝင်သီဆိုယှဉ်ပြိုင်မည့် i-SiNG World Finals 2017 ကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ မြန်မာနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်မှ စတင်ကျင်းပမည့် i-SiNG သီချင်းဆိုပြိုင်ပွဲကို နိုင်ငံပေါင်း ၃၀ ကျော်တွင် နိုင်ငံအဆင့်ပြိုင်ပွဲများ ကျင်းပပြီး အနိုင်ရရှိသည့် ချန်ပီယံများကို စုစည်းပြီး i-SiNG World Finals 2017 ကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံအလိုက် ပြိုင်ပွဲဖြစ်သည့် i-SiNG Myanmar ပြိုင်ပွဲကို အသက်(၁၆)နှစ်အထက် ဝါသနာရှင်နှင့် ကျွမ်းကျင်အဆင့် အဆိုရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲများ၊ နှစ်ဦးတွဲ ပြိုင်ပွဲများ ပါဝင်ကာ ယခုနှစ် ဩဂုတ် ၂၉၊ ၃၀ ရက်များတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ပြိုင်ပွဲပြုလုပ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

i-SiNG Myanmar 2017 ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ မေလတွင် စတင်မိတ်ဆက်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မေ ၁ ရက်မှ စတင်၍ လျှောက်လွှာပုံစံများကို အွန်လိုင်း i-SiNG Myanmar ဖေ့စ်ဘုတ်တွင် ရယူ၍ အချက်အလက်များဖြည့်စွက်ကာ လျှောက်ထားနိုင်မည်ဖြစ်သည်။

“နိုင်ငံပေါင်း ၃၀ ကျော်က ပြိုင်ပွဲဝင် သီချင်းဆိုပါရမီရှင်တွေကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အိမ်ရှေ့တံခါးဝဆီ ခေါ်ဆောင်လာနိုင်ပြီး ကျွန်တော်တို့ လူမျိုးနဲ့ ယဉ်ကျေးမှုအနုပညာတွေကို ကမ္ဘာက မြင်အောင် ပြသနိုင်တာကို အားရကျေနပ်ပါတယ်” ဟု တွဲဖက်အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ ဦးချမ်းမြေ့ဝင်းက ပြောကြားသည်။

i-SiNG Myanmar 2017 ပြိုင်ပွဲနှင့် i-SiNG World Finals 2017 ပြိုင်ပွဲများကို Xan Destiny Group မှ ဦးဆောင်ကျင်းပပေးခြင်းဖြစ်ပြီး KWC Myanmar အမည်ဖြင့် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်များတွင်လည်း သီချင်းအဆို ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## မူခင်းကြိုတင်ကာကွယ်ရေး ရဲလုပ်ငန်းစဉ် ရှင်းလင်း

**ရန်ကုန် မတ် ၂၈** - ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် အောင်သဇင် ဓမ္မာရုံ၌ ရွေးကောက်ပွဲကာလနှင့် မဟာသင်္ကြန်ကာလအတွင်း မူခင်းကြိုတင်ကာကွယ်ခြင်းနှင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များ ချပြဆွေးနွေးရှင်းလင်းပွဲကို မတ် ၂၆ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဟာသင်္ကြန်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့နယ် ရပ်/ကျေးဒေသခံများအား တွေ့ဆုံ၍ လုံခြုံရေးဆောင်ရွက်မှုအခြေအနေများကို ချပြဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ၏ ပြန်လည်ဆွေးနွေးချက်များကို ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

*✪ ကျောဖုံးမှ*

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က ပြိုင်ပွဲဝင်အသင်းများအား အမှတ်တရလက်ဆောင်ပေးအပ်သည်။ ထို့နောက် ပထမနေ့ပွဲစဉ်များ ဆက်လက်ကျင်းပရာ အိမ်ရှင်မြန်မာအသင်းက ဟောင်ကောင်အသင်းကို သုံးပွဲပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် လက်စွမ်းပြကစားနိုင်ခဲ့ပြီး ၂၅-၁၅ မှတ်၊ ၂၅-၁၇ မှတ်၊ ၂၅-၁၅ မှတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် သြစတြေးလျအသင်းနှင့် အုပ်စုဒုတိယပွဲအဖြစ် မတ် ၃၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု(က)တွင် မြန်မာ၊ ဟောင်ကောင်၊ သြစတြေးလျ၊ အုပ်စု (ခ) တွင် တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ အုပ်စု (ဂ)တွင် ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ အုပ်စု (ဃ) တွင် ကာဇက်စတန်၊ တရုတ်နှင့် တရုတ်(တိုင်ပေ) အသင်းတို့ ပါဝင်နေကာ အုပ်စုပွဲစဉ်များကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် အချိန်ယူလေ့ကျင့်ပြင်ဆင်ခဲ့ပြီး လက်ရွေးစင်ကစားသမားအချို့ ပါဝင်လာကာ နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဦးကျော်စွာဝင်းက ကိုင်တွယ်လျက်ရှိသည်။

ပြိုင်ပွဲကို ဧပြီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်အုပ်စုပွဲများ၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲနှင့် နေရာအလိုက်အဆင့်လုပွဲများကို ဧပြီ ၁ ရက်မှစ၍ ကျင်းပမည်ဖြစ်သည်။

# မွေးရာပါနှလုံးရောဂါခံစားနေရသည့် ကလေးငယ်များအား တရုတ်သို့ခေါ်ဆောင်ကာ အခမဲ့ကုသပေးမည်

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများရှိ မွေးရာပါနှလုံးရောဂါ ခံစားနေရသည့် ကလေးငယ်များအား ရွေးချယ်မှုများ ပြုလုပ်၍ တရုတ်နိုင်ငံသို့ ခေါ်ဆောင်ကာ အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီးမှ သိရသည်။

“တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်ဖို့ မြန်မာနိုင်ငံမှာရှိတဲ့ ဆင်းရဲနွမ်းပါးပြီး မွေးရာပါနှလုံးရောဂါသည် ကလေးငယ်တွေကို တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ ဆေးရုံကြီးကိုခေါ်ပြီး အခမဲ့ကုသပေးသွားမှာဖြစ်ပါတယ်။ ရန်ကင်းကလေးဆေးရုံကြီးကို လာပြတဲ့ တစ်နိုင်ငံလုံးက ကလေးမိဘတွေကို အကြောင်းကြားပြီး လှမ်းခေါ်ထားတယ်။ ကလေး အယောက် ၁၀၀ ထဲက ဆင်းရဲနွမ်းပါးတဲ့ ကလေး ၅၀ ကို ရွေးချယ်ပြီး တရုတ်နိုင်ငံမှာ အခမဲ့ကုသပေးမှာပါ”ဟု ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က ပြောသည်။

တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် တရုတ်အမျိုးသားကုသိုလ်ဖြစ် အဖွဲ့ချုပ် (China Charity Federation)က “နယ်နိမိတ်အကန့်အသတ်မရှိသည့် ချစ်မေတ္တာစိတ်ဖြင့် မြန်မာနိုင်ငံတွင် မွေးရာပါနှလုံးရောဂါစွဲကပ်နေသည့် ကလေးသူငယ်များအား ကုသရေး” လှုပ်ရှားမှုအဖြစ် ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အရ တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Xu Yixuan ဦးဆောင်သည့်အဖွဲ့နှင့် ရန်ကင်းကလေးဆေးရုံကြီးမှ နှလုံးရောဂါအထူးကုဆရာဝန်ကြီးများ ဦးဆောင်သည့် အဖွဲ့တို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းမှ စတင်၍ မြန်မာနိုင်ငံအတွင်းရှိ မွေးရာပါနှလုံးရောဂါခံစားနေရသည့် ကလေးငယ် ၁၀၀ ထဲမှ ၅၀ ကို စိစစ်ရွေးချယ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ရွေးချယ်ရာတွင် ဆေးဝါးကုသမှုခံယူမည့် ကလေးငယ်များ၏ အသက်အပိုင်းအခြားကို အသက် ရှစ်နှစ်မှ ၁၄ နှစ်အတွင်း အဓိကထား၍ ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခဲ့သော ဝေဒနာရှင်ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများအား ရန်ကင်းကလေးဆေးရုံကြီးမှ ဆရာဝန်ကြီးများ ဦးဆောင်လိုက်ပါ၍ တရုတ်နိုင်ငံသို့ ခေါ်ဆောင် ကုသသွားမည်ဖြစ်ပြီး ခွဲစိတ်ကုသစရိတ်၊ ခရီးသွားလာနေထိုင်စရိတ်များကို တရုတ်နိုင်ငံမှ အကုန်အကျခံကာ ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးမှ ရွေးချယ်ခံရသော ကလေးငယ် ၅၀ အား ဧပြီလတွင် တစ်ကြိမ်၊ မေလတွင် တစ်ကြိမ်၊ ဇွန်လတွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ခွဲ၍ ပို့ဆောင်ကာ တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ An Zhen ဆေးရုံကြီး၌ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံရှိ မွေးရာပါ နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များကို ခွဲစိတ်ကုသပေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၅၀၊ သွင်းကုန် ၇၇၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် အစီး ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၉၅၅ သန်းခန့် စုစုပေါင်း ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆ ဒသမ ၉၅၅ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၆ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Mark-II အမျိုးအစား လိုင်စင်မဲ့ယာဉ်အား သတင်းအရ (၁၆)မိုင် ကျောက်ချောပူးပေါင်းစစ်ဆေးရေးစခန်း တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်နောက်ဖုံးအတွင်း ပီနံအိတ်ခွံဖြင့် ထုပ်ထားသည့် M-22 အမျိုးအစား (၄၀)မမ လောင်ချာတွဲလျက် တစ်လက်၊ ကျည် အတောင့် ၃၀ ဆံ့ ကျည်ကတ်အခွံတစ်ခုနှင့် လက်ကိုင်ဖုန်းခြောက်လုံးအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





သိမ်းဆည်းရမိသည့် M-22 အမျိုးအစား (၄၀)မမ လောင်ချာတွဲလျက် တစ်လက်၊ ကျည် အတောင့် ၃၀ ဆံ့ ကျည်ကတ်အခွံတစ်ခုနှင့် လက်ကိုင်ဖုန်းခြောက်လုံးကို တွေ့ရစဉ်

# ခရီးသည်တင်မှန်လုံယာဉ်နှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ ဆိုင်ကယ်မောင်းနှင်သူသေဆုံး၊ ခရီးသည်တစ်ဦး ဒဏ်ရာရ



**မတ္တရာ မတ် ၂၈**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းတွင် မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေး-မိုးကုတ် ကားလမ်းမိုင်တိုင်အမှတ်(၁၅/၆)နှင့် (၁၅/၇)ကြားအရောက်တွင် အောင်ကျော်ဆင့် (၄၅ နှစ်) မန္တလေးမြို့ မြို့သစ်ရပ်ကွက်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 9A/---- ခရီးသည်တင်မှန်လုံယာဉ်သည် ရှေ့မှ မောင်းနှင်နေသော မော်တော်ယာဉ်ကို ဝဲဘက်ခြမ်းမှ ကျော်တက်ရာ မျက်နှာချင်းဆိုင် မတ္တရာဘက်မှ မန္တလေးဘက်သို့ အောင်ညီညီဖြိုး(၁၈ နှစ်) သပြေပင်ကုန်းရွာ မတ္တရာမြို့နယ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် တိုက်မိရာ အောင်ညီညီဖြိုးမှာ ဆိုင်ကယ်နှင့်အတူ ကားခေါင်းအောက်ပိုင်းသို့ ရောက်ရှိသွားပြီး ကားမှာ လမ်းအနောက်ဘက်ခြမ်းရှိ မန်ကျည်းပင်ကို ဝင်တိုက်မိ၍ အောင်ညီညီဖြိုးမှာ နေရာတွင်ပင် ဒဏ်ရာများဖြင့် သေဆုံးသွားကာ ကားပေါ်တွင် လိုက်ပါလာသည့် ခရီးသည်တစ်ဦးမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဖြစ်စဉ်ကြောင့် ယာဉ်မောင်းနှင်သူ အောင်ကျော်ဆင့်ကို မတ္တရာမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဘားအံမြို့နယ်တွင် လက်နက်ကိုင်ဆောင် မူးယစ်ဆေးဝါးရောင်းချသည့်အဖွဲ့အား ဖော်ထုတ်ဖမ်းဆီး

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံကျေးရွာအုပ်စု လှိုင်နားကျေးရွာ ချောင်းစပ်အနီး လယ်ကွင်းအတွင်း၌ လက်နက်ကိုင်ဆောင်၍ မူးယစ်ဆေးဝါး ရောင်းချနေသော အဖွဲ့အား ဘားအံမြို့နယ်ရဲတပ်ဖွဲ့ အိန္ဒုနယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မင်းအောင် ဦးစီးအဖွဲ့က မတ် ၂၈ ရက် နံနက် ၆ နာရီက ပိတ်ဆို့ဖမ်းဆီးခဲ့သည်။



ဘားအံမြို့နယ် နောင်လုံကျေးရွာအုပ်စု လှိုင်နားကျေးရွာနေသူများ ဖြစ်သော စောအကော်(၃၅ နှစ်)၊ အောင်စိုး(၂၂နှစ်)နှင့် မြဝင်း(၄၁ နှစ်)တို့ သုံးဦးကို သတင်းအရ ရှာဖွေရာ စောအကော် လွယ်ထားသည့် လွယ်အိတ်အတွင်းမှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉ ပြား ကာလတန်ဖိုး ငွေကျပ် ၄၁၇၀၀၀၊ မြန်မာငွေစက္ကူရေရာ ၂၅၀၀၀ ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ခဲသီးတောင့်များ ထည့်ထားသော သုံးလက်မခွဲခန့်အမြင့်ရှိ ပုလင်းတစ်လုံး၊ ယမ်းမှုန့် များ ထည့်ထားသော ကော်ဘူးတစ်ဘူးနှင့် ၎င်းတို့ သုံးဦးအနီးမှ ယမ်းထောင်း တူမီးသေနတ်တစ်လက်တို့အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး စောအကော်၊ အောင်စိုးနှင့် မြဝင်းတို့ သုံးဦးကို အိန္ဒုနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# လက်ပံတန်းမြို့ စက်သုံးဆီဆိုင်၌ ဆိုင်ကယ်ဆီထည့်စဉ် မီးလောင်မှုဖြစ်ပွား

**လက်ပံတန်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့မအုကုန်းရပ်ကွက် မဟာဗျူဟာလမ်းဘေး ပြုံးမောင်မောင် ကုန်စုံဆိုင်ရှေ့တဲထိုးရောင်းချသည့် လှိုင်ဝင်း အသက် (၄၀ နှစ်) အောင်သိဒ္ဓိလမ်း ဘီးလင်းတန်းရပ်ကွက်နေထိုင်သူပိုင် ဓာတ်ဆီအရောင်းဆိုင်(လိုင်စင်စိစစ်ဆဲ)တွင် မတ် ၂၈ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် လူတစ်ဦး(အမည်စိစစ်ဆဲ)က ၎င်း၏ မော်တော်ဆိုင်ကယ်ကို ဆီထည့်စဉ် အင်္ကျီပေါ်သို့ ဆီစက်ကျရာမှ အပူချိန်လွန်ကဲပြီး မီးစတင်လောင်ကျွမ်းရာ ဆီပေပါခွံလေးလုံး၊ ဆီတစ်ဝက်ခန့်ရှိ ဆီပေပါခွံ တစ်လုံး၊ ဆိုင်ကယ်တစ်စီး ဆုံးရှုံးသွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးမှူး ဦးလင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဖုန်းမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း ဆိုင်ရှင် လှိုင်ဝင်းအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်ဆင့်**

MCIA 'အသင်းဝင်ကုမ္ပဏီ များနှင့် စီးပွားရေးအဖွဲ့အစည်းများအတွက် အထူးအစီအစဉ်' MCPA

မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိကွန်ပျူတာ တက္ကသိုလ်များမှ နောက်ဆုံးနှစ်ကျောင်းသား/သူများသည် လုပ်ငန်းခွင်လက်တွေ့ သင်တန်းဆင်းခြင်း (Internship Programme) ကို ဆောင်ရွက်မည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော အသင်းဝင်ကုမ္ပဏီများနှင့် အခြားစီးပွားရေးအဖွဲ့အစည်းများမှ ခေါ်ယူလိုပါက အောက်ပါအသင်းရုံးများသို့ (၃.၄.၂၀၁၇) နောက်ဆုံးထား၍ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ အရည်အသွေးမြင့်မားသော ဘွဲ့ရလူငယ် တတ်သိပညာရှင်များ များစွာ ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ အားပေးကူညီဆောင်ရွက်ခြင်း ဖြစ်ပါ၍ CSR (Corporate Social Responsibility) အနေဖြင့်ပါဝင်ကူညီလိုသော အဖွဲ့အစည်းများအား ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်**

MCPA & MCIA Office Address - အဆောင် (၉) မြေညီထပ်၊ MICT Park ၊လှိုင်မြို့နယ်။

E mail Address - office@mciamyanmar.org / office@mcpamyanmar.org

ဖုန်းနံပါတ် - ၀၁-၆၅၂၂၃၈၊၀၁-၆၅၂၂၇၆၊၀၉-၅၀၆၇၁၆၈။



# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)**
**၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကိုပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ပြည်ထောင်စုအစိုးရအဖွဲ့၊ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ပြည်ထောင်စုအစိုးရအဖွဲ့၊ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက်တိုး၍ ဖြစ်စေ၊ လျော့၍ဖြစ်စေရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ပြည်ထောင်စုအစိုးရအဖွဲ့၊ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်း စဉ် လွှဲပြောင်းသုံးစွဲသည့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော် သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများ ကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရပိုမိုသုံးစွဲရန် ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း များအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ်ထောက်ပံ့ခြင်း၊လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုနိုင်သည်။

### အခန်း(၂)

### ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသောချေးငွေစာချုပ်များသို့မဟုတ်အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှ ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့်ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန်အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့်ရောင်းချခြင်းကိုမြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက် သော်လည်းကောင်း၊ ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသောချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား(၁)၊ (၃)နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ် ရန်ပုံငွေမှဖြစ်စေခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုမှုများကိုပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့ သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မတ်လ၃၁ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ငါးဆယ့်နှစ်သိန်း ထက်မပိုစေရ။

### အခန်း(၃)

### ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စု အဆင့်ဌာန အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(က) နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ် ရန်ပုံငွေမှခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကိုပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်း လမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့်သုံးငွေများကို အမှန် စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကိုစီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ဇယား (၅)နှင့်(၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကိုအမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့်ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုး ခံစားခွင့်များပေးရာတွင်လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၁၉။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ လက်ကျန်အခြေအနေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီသာမန် အသုံးစရိတ်အားလုံးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်း ပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှု စရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်း ပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ကုန်ထုတ်လုပ်မှု စရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် နှင့်နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့်မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့် အသုံးစရိတ်များမှအပ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန်အသုံး စရိတ်၊ ကျန်သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

*ဆက်လက်ဖော်ပြပါမည်*

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ မတ်လ (၂၃ )ရက်**
**၂၀၁၆-၂၀၁၇ ပညာသင်နှစ်**
**အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာအဆင့်၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံ ပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ ဒသမတန်း ဘက်စုံပညာထူးချွန်သူများစာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ရဲမာန်အောင် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မမေသင်းကြူ | အထက(၄)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ခမ်းဆုန် | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မကြည်ဌေး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ကောင်းထက်ကျော် | အထက-မြသီတာ | မိုးညှင်း | မိုးညှင်း |
| ၆ | မသိမ့်နေခြည် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်နန္ဒကျော် | အောင် (ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မနှင်းဇာအောင် | အထက(၁)ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်အဝါလ်ဖေလတ်အောင် | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၀ | မစွဲ့အေးထွန်း | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ပိုင်ဟန်ကျော် | အထက(၅)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မဗစ်တိုးရီယားအူးမာ | အထက-ဒေါင်ခါး | ဒီမော့ဆို | လွိုင်ကော် |
| ၁၃ | မောင်စည်သူအောင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘော်လခဲ |
| ၁၄ | မချစ်ဆွေဇင်ခိုင် | အထက-ဘောလခဲ | ဘော်လခဲ | ဘော်လခဲ |
| ၁၅ | မောင်ထွန်းနိုင်ဝင်း | အထက-ရွှေဂွန်း | လှိုင်းဘွဲ | ဘားအံ |
| ၁၆ | နော်အယ်ပဟီဖော | အထက-ရွှေဂွန်း | လှိုင်းဘွဲ | ဘားအံ |
| ၁၇ | မောင်ထက်အောင်ပိုင် | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၈ | မစိမ်းလဲ့လဲ့လွင် | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မအေးလစ်ဇုံကိပ်ပါရ် | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မောင်ဗန်ထမ့်ှန် | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်အီဆတ်လာလ်ဒင့်ပွီးအာ | အထက(၁)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မဂင့်ခန့်ကျိန် | အထက(၁)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၃ | မပန်းအိဇင် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်နိုင်းထန်း | အထက(၃)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်သန့်ဇင်ဝင်း | အထက(၁)မြင်းမူ | မြင်းမူ | စစ်ကိုင်း |
| ၂၆ | မနှင်းနုနုဝေ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ဝေယံမိုးမြင့် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၂၈ | မယမင်းထိုက် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၂၉ | မောင်နေမင်းကိုကို | ဇွဲသန်(ကပက) | ရေဦး | ရွှေဘို |
| ၃၀ | မောင်လမင်းထက် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၁ | မမွန်မွန်ကျော် | အထက(၂)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၂ | မချိုမာခိုင် | မြပန်းသဇင်(ကပက) | ရေဦး | ရွှေဘို |
| ၃၃ | မောင်ဖြိုးမင်းဝေ | အထက-ကျားတက် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၄ | မလှိုင်းအိခိုင် | အထက-ကျားတက် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၅ | မောင်ထက်အောင်လင်း | အထက(၃)ကလေး | ကလေး | ကလေး |
| ၃၆ | မရွှန်းလဲ့လဲ့ဦး | အထက(၁)ကလေး | ကလေး | ကလေး |
| ၃၇ | မောင်အံ့မော်ဦး | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၈ | မောင်ဟိန်းထက်ဇော် | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၃၉ | မနှင်းမိုမို့ဦး | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၄၀ | မခင်နန်းဝင်း | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၄၁ | မောင်သင့်မြတ်ဇော်ဝင်း | အထက-မင်းယား | ဖောင်းပြင် | မော်လိုက် |
| ၄၂ | မနန်းပိုးအိရွှေစင် | အထက-သရောင်း | ဖောင်းပြင် | မော်လိုက် |
| ၄၃ | မကျော့ကေခိုင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၄ | မောင်ဘီးထရာဗယ်ဆင်း | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၅ | မောင်ရဲထက်အောင် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မဆည်းဆာအိန်ဂျယ် | အထက-ကမြိုင် | သရက်ချောင်း | ထားဝယ် |
| ၄၇ | မောင်ကောင်းဆက်ဟိဏ်း | အထက(၂)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မခြူးအိမ်စည် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မောင်မြတ်သူ | အထက-ပုလော | ပုလော | မြိတ် |
| ၅၀ | မမေအောင်သပြေ | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်ဝိုင်းထက်အာကာဦး | အထက(၂) ညောင်လေးပင် | ညောင်လေးပင် | ပဲခူး |
| ၅၂ | မောင်ဟန်လင်းဇော် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၃ | မကေသရီဝင်းလွင် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မသွန်းဆုစံ | အထက-ကဝ | ကဝ | ပဲခူး |
| ၅၅ | မောင်သာထက်စံ | အထက(၇) တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်မင်းသစ်ထွန်း | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၇ | မနှင်းဦးဝေ | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၈ | မစိုးယွန်းနဒီ | အထက-ကျောက်ကြီး | ကျောက်ကြီး | တောင်ငူ |
| ၅၉ | မောင်မင်းသန့်ကို | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၀ | မောင်နိုင်ရဲ | အထက-မင်းလှ | မင်းလှ | သာယာဝတီ |
| ၆၁ | မရွှေရည်ယမင်း | အထက(၃)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၂ | မအေးချမ်းသဇင် | အထက-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၆၃ | မောင်ကောင်းခန့်စည် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၄ | မောင်ကျော်ကျော်ဌေး | အထက-မြို့မ | ပေါင်းတည် | ပြည် |
| ၆၅ | မမြတ်ရည်သာ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၆ | မဝင်းလဲ့ရွှေစင် | ကဝိစည်သူ(ကပက) | သဲကုန်း | ပြည် |
| ၆၇ | မောင်ပိုင်ပြည့်မာန် | အထက(၁)မကွေး | မကွေး | မကွေး |
| ၆၈ | မောင်ဟိန်းသန့်ဦး | အထက(၃)ချောက် | ချောက် | မကွေး |
| ၆၉ | မရွှေစင်သီဟန် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၀ | မသက်သက်လှိုင် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၇၁ | မောင်ဆန်းမြင့်အောင် | UHW (ကပက) | စလင်း | မင်းဘူး |
| ၇၂ | မရွှေရည်ရွှန်းလဲ့ | အထက-ကုန်းဇောင်း | ပွင့်ဖြူ | မင်းဘူး |
| ၇၃ | မောင်သော်တာစိုး | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မဇာပိုးအိ | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၅ | မောင်ထက်နိုင်လင်း | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၆ | မောင်သက်ခိုင်ဝင်း | အထက-ကံမ | ကံမ | သရက် |
| ၇၇ | မဆုပြည့်စုံ | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၈ | မပိုးသီရိ | အထက(ခွဲ)ပန်းတော | မင်းတုန်း | သရက် |
| ၇၉ | မောင်ဟိန်းဇင်အောင် | အထက-ရုံးရှိ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မကေခိုင်မျိုး | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်စိုင်းသူအောင် | အထက(၁၁)အောင်မြေသာစံ | အောင်မြေသာစံ | မန္တလေး |
| ၈၂ | မောင်နိုင်မင်းထက် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မခင်လဝန်းပီတိ | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မမြတ်ဖြိုးသဥ္ဇာ | အထက(၄)အောင်မြေသာစံ | အောင်မြေသာစံ | မန္တလေး |
| ၈၅ | မောင်ကျော်စွာ | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မအိမ့်သက်မှူးသွင် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ဟန်ထက်လင်း | အထက(ခွဲ)မြို့မ | ကျောက်ဆည် | ကျောက်ဆည် |
| ၈၈ | မခင်ရတနာဝင်း | အထက(၁)ကျောက်ဆည် | ကျောက်ဆည် | ကျောက်ဆည် |
| ၈၉ | မောင်ဇေယျာလင်း | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မအိရွှေစင် | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်သီဟမောင် | အထက(၁)ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မဖြူသန့်ချို | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်ကောင်းမြတ်စံ | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မဂျက်စမင်ဆွေ | သမာဓိ(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်စစ်နိုင်ထွန်း | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မသင်းသူစိုး | အထက-သစ္စေး | ရမည်းသင်း | ရမည်းသင်း |
| ၉၇ | မောင်မင်းမြတ်သူ | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်သီဟစိုး | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၉၉ | မလှယဉ်ကျေး | အထက(၉)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မနှင်းသုန်သုန် | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၁ | မောင်အုပ်စိုးသူ | အထက-ဇင်းကျိုက် | ပေါင် | သထုံ |
| ၁၀၂ | မခိုင်သန့်စင် | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၃ | မောင်ခိုင်စိုးလင်း | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မဖြိုးဝေခင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်လပြည့်ဝန်း | အထက(၁)သံတွဲ | သံတွဲ | သံတွဲ |
| ၁၀၆ | မခင်ရှင်းသန့်ထင် | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၀၇ | မောင်မျိုးသန့်ဆန်း | SAN-Top Passing Centre (ကပက) | မာန်အောင် | ကျောက်ဖြူ |
| ၁၀၈ | မဆုမွန်ကျော် | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၀၉ | မောင်ညီကောင်းထက် | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၁၀ | မခိုင်နန္ဒာလင်း | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၁၁ | မောင်ကျော်ဇော်သိန်း | အထက(၁)မောင်တော | မောင်တော | မောင်တော |
| ၁၁၂ | မခင်ချယ်ရီဝင်း | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၁၃ | မောင်ထက်အောင်ရှိုင်း | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |

ဆက်လက်ဖော်ပြပါမည်

# မြန်မာ့ရိုးရာသိုင်းပညာ ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာသင်ကြားလျက်ရှိ

**ရန်ကုန် မတ် ၂၈**

မျိုးဆက်သစ်လူငယ်များကျန်းမာကြံ့ခိုင်မှုနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် နွေရာသီအားကစားပညာရပ်တို့ကို မွေးထုတ်သင်ကြားပေးလျက်ရှိရာ မတ် ၂၄ ရက်က လှိုင်သာယာမြို့နယ်ရှိ နယ်မြေခံတပ်အတွင်း၌ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားကျောင်းသူများအား မြန်မာ့ရိုးရာအခြေခံသိုင်းပညာကို သင်ကြားပေးလျက်ရှိရာ ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားပျော်ရွှင်စွာဖြင့် လေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။



"နွေရာသီ ကျောင်းပိတ်ရက်မှာ ကလေးတွေ ကျန်းမာကြံ့ခိုင်ပြီး မိမိကိုယ်ကိုယုံကြည်ချက် မြင့်မားလာအောင်နဲ့ မျိုးချစ်စိတ်တွေပိုပြီး မွေးမြူတတ်အောင် မြန်မာ့သိုင်းပညာကို သင်ကြားပေးတာပါ။ အခြေခံထဲက ၃၅ ကွက်ကိုသင်ကြားပေးတာပါ။ ကိုယ်ခံပညာဆိုတာ ဉာဏ်ရည်မြင့်မားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုကို အဓိက အထောက်အကူပေးပါတယ်။ ပြီးတော့စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုကိုလည်းအထောက်အကူဖြစ်စေပါတယ်။ မြန်မာ့ရိုးရာသိုင်းပညာရဲ့အမွေကိုလည်း လက်ဆင့်ကမ်း ထိန်းသိမ်းတာပါ"ဟု မြန်မာ့သိုင်းပညာကို သင်ကြားပေးနေသူဆရာဇော်ဝင်းမြင့်ကပြောသည်။

ယခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ဘောလုံး၊ ဘော်လီဘော၊ ကမ်ပို၊ ကြက်တောင်၊ ဂျူဒိုနှင့် အခြားအားကစားနည်းများကိုလည်း တိုင်းဒေသကြီးရှိ ကျောင်းသား ကျောင်းသူများ မိမိဝါသနာအလိုက် လေ့ကျင့်သင်ကြားလျက်ရှိပြီး ရှေးမြန်မာမင်းများ လက်ထက်မှ ဆင်းသက်လာသည့် မြန်မာ့ရိုးရာသိုင်းပညာရပ်ကိုလည်း လက်ဆင့်ကမ်းရိုးရာအမွေအဖြစ် နွေရာသီတွင် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

"သမီးတို့ အခုလို သိုင်းပညာသင်ရတာကိုပျော်တယ်။ အခြေခံပညာ ၆၃ ခုနဲ့စွမ်းရည်ပြကွက် ၃၀ ကျော် သင်ပေးပါတယ်။ မိန်းကလေးတွေ အခုခေတ်မှာ သိုင်းပညာတတ်ထားရင် မမှားဘူးလေ။ ကျောင်းပိတ်ရက်မှာ ကွန်ပျူတာနဲ့ အင်္ဂလိပ်စကားပြော သင်တန်းလည်း တက်ချင်တယ်။ ဒီသိုင်းပညာကြောင့်ပဲသူငယ်ချင်းတွေ တိုးလာတယ်။ ပိုပြီး ရင်းနှီးမှုတွေရတဲ့အတွက် သိုင်းပညာသင်ရတာကို ကြိုက်တယ်" ဟု သင်တန်းသူ မယုသဥ္ဇာစိုးက ပြောသည်။

နွေရာသီမြန်မာ့သိုင်းပညာအခြေခံသင်တန်းအား သုံးပတ်တာအဖြစ် မြန်မာ့သိုင်းအဖွဲ့ချုပ်တွင် ပြိုင်ပွဲဝင်ဆုရဆရာနှစ်ဦးက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကကြီးမှူး၍ ပြည်သူ့နီတိရေးဖြေပြိုင်ပွဲကို မူလတန်း (၅ နှစ်မှ ၁၀ နှစ်)၊ အလယ်တန်း (၁၀ နှစ်မှ ၁၅ နှစ်)နှင့် အထက်တန်း (၁၅ နှစ်မှ နှစ် ၂၀) ဟူ၍ အဆင့်သုံးဆင့်ခွဲခြား၍ ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများအပြင် ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကျောင်းပြင်ပ ပညာရေးသင်ကြားနေသော ကလေးသူငယ်များ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် လုပ်ငန်းခွင်ဝင်နေကြသော ကျောင်းနေအရွယ် ကလေးများပါ ပါဝင်ဖြေဆိုနိုင်သည်။

ပါဝင်ဖြေဆိုလိုသူများသည် မြို့တော်ခန်းမ(မြေညီထပ်)ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ပြန်ကြားရေးဌာနခွဲသို့ ရုံးချိန်အတွင်း မတ် ၃၁ ရက် နောက်ဆုံးထား၍ အမည်၊ အဘအမည်၊ အသက်၊ အတန်း၊ ကျောင်း၊ မြို့နယ်တို့ကို ဖော်ပြလျက် အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပမည့်နေရာများကို ဖြေဆိုသူအရေအတွက်ပေါ်မူတည်ပြီး သက်ဆိုင်ရာ ခရိုင်များတွင် စီစဉ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ Website-www.ycdc.gov.mm ဖုန်း-၀၉၄၉၂၂၇၈၈၆၊ ၀၉-၇၃၀၃၀၁၇၅၊ ၀၉-၈၆၃၆၅၅၂ နှင့် ၀၉-၇၇၈၀၅၂၁၄၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီက ထပ်မံအသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကိုချစ်**



## ပျဉ်းမနားမြို့၌ MPT Sim Card များ အခမဲ့မှတ်ပုံတင်ပေး

**နေပြည်တော် မတ် ၂၈**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့၌ MPT Sim Card များအား အခမဲ့မှတ်ပုံတင်ပေးခြင်းနှင့် G.S.M, 49 အစဖုန်းများနှင့် 830 CDMA ဖုန်းများအား မှတ်ပုံတင်ပါက အခမဲ့မှတ်ပုံတင်ပြုလုပ်ပေးသည့်အပြင် အမျိုးစားတူ Sim Card တစ်ခုအား အခမဲ့လက်ဆောင်ပေးခြင်းကို မတ် ၂၄ ရက်က ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုဘိုင်းဖုန်းများ မှတ်ပုံတင်ဆောင်ရွက်ပေးရာ၌ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ဝိုင်းဝန်းကူညီကာ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရွာကောက်ရပ်ကွက်နှင့် မြို့ပေါ်ရှိဒေသခံများအား မိုဘိုင်းဖုန်း Sim Card များ အခမဲ့မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရုပ်ဗေဒ)**

# ကျောက်တံတား၌ လမ်းအန္တရာယ်ကင်းရှင်းရေး လူထုလှုပ်ရှားမှုပြုလုပ်မည်

**ကျောက်တံတား မတ် ၂၈**

လမ်းအန္တရာယ်ကင်းရှင်းဖို့ မိမိကိုယ်တိုင်စတင်စို့ "Start with Me Road Safety" လူထုပါဝင်သည့် လှုပ်ရှားမှုကြီးကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံ၌ ဧပြီ ၄ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုတွင် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အပါအဝင် Action Aid Myanmar, Mizzia, Oway Ride, YSH/FMI/SPA, Prudence Foundation, Suu Foundation, Tint Tint Myanmar Group, OKS, Institut Francais de Birmanie, Lukoil, FPT Myanmar, Tun Group Asia , Phandeeyar; Myanmar Innovation Lab, FFSS စသည့် အဖွဲ့အစည်းများက ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုကြီးကို အဓိကပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ နေရာတိုင်းတွင် လူကြောင့်ဖြစ်သည့် ယာဉ်မတော်တဆမှုများစွာဖြစ်ပွားလျက်ရှိပြီး လူပေါင်းများစွာ သေဆုံးမှုကို လျှော့ချနိုင်ရန် ပြည်သူများတစ်ဦးချင်းစီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြောင်း၊ ယာဉ်တိုက်မှုအားလုံး၏ ၉၅ ရာခိုင်နှုန်းသည် လူ၏အမှားကြောင့်ဟု စစ်တမ်းများကဆိုပြီး ရန်ကုန်တွင် ယာဉ်မတော်တဆမှုကြောင့် နေ့စဉ် ၁၄ ဦးခန့်သေဆုံးနေရကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်းရန်ကုန်မြို့၌ ယာဉ်မတော်တဆမှု တစ်ရက်လျှင် ၄၇ မှုရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၄ ရက်၌ ပြုလုပ်မည့်အခမ်းအနားတွင် စိတ်ပါဝင်စားသူ ၇၀၀ ကျော် တက်ရောက်မည်ဖြစ်ပြီး Safe Steps-Road Safety တူညီဝတ်စုံများဝတ်ဆင်ကာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် မိတ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် အနုပညာရှင်များ၊ ကျွမ်းကျင်သူများကလည်း လမ်းဘေးအန္တရာယ်ကင်းရှင်းစေရန် သတိထားရမည့်အကြောင်း ပညာပေးသည့်အနေဖြင့် အနုပညာပုံဖော်မှုများ ပြုလုပ်မည်ဖြစ်ပြီး FIA ၏ ဥက္ကဋ္ဌ UN Special Envoy for Road Safety နှင့် Suu Foundation ဥက္ကဋ္ဌ Mr. Jean Todt နှင့် Prudence Foundation ၏ ဥက္ကဋ္ဌ Mr. Donald Kanak တို့က ဦးဆောင်ကာ ဧပြီ ၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ သတင်းစာရှင်းလင်းပွဲထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အေးချမ်းသာကျေးရွာတံတားအချိန်မီပြီးစီးခြင်းမရှိ၍ ခက်ခဲစွာသွားလာနေကြရ

**လယ်ဝေး မတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အေလာမြို့အရှေ့ စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ အောင်ချမ်းသာကျေးရွာသည် အိမ်ခြေပေါင်း ၃၈၀ ကျော်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး မြစ်ကူးတံတားတည်ဆောက်မှုလုပ်ငန်းများ ယခုတိုင်ပြီးစီးခြင်းမရှိ၍ ခရီးသွားလာရာ၌ ခက်ခဲစွာသွားလာနေကြရကြောင်း ဒေသခံများကပြောသည်။

"အရင်က အနောက်ဘက်ကမ်းက ငှက်ပျောစိုက်ခင်းနေရာတွေမှာ မြစ်ရေတိုက်စားလို့ တဖြည်းဖြည်း ဒီဘက်ကို ရွှေ့ပြောင်းလာတာ၊ အိမ်ခြေခြောက်ဆယ်ကျော်တယ်။ ဒီမှာ နေစရာမရှိတော့လို့ အခြားဒေသတွေကို ပြောင်းရွှေ့သွားကုန်ပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးကွက်သို့တင်ပို့ရာ၌ စက်လှေများဖြင့်သာ တစ်ဖက်ကမ်းသို့ သယ်ယူကြရပြီး အချိန်ကုန်ခြင်းအပြင် ငွေကုန်ကြေးကျ ပိုမိုများပြားလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်

ယခုနှစ်တွင် စစ်တောင်းမြစ်ကူးတံတားတည်ဆောက်ရန် အရှည် ပေ ၂၃၀ အတွက် ငွေကြေးရရှိပြီ ဖြစ်သော်လည်း လုံလောက်မှု မရှိသည့်အတွက် ကျေးရွာမှစိုက်ထုတ်ကုန်ကျခံရနိုင်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ဆောက်လုပ်ထားသော ကျောင်းဆောင်သစ်အား လွှဲပြောင်း

**ညောင်လေးပင် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပျဉ်ရေကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မတ် ၂၆ရက်က ကိုယ့်အားကိုယ်ကိုးစုပေါင်းလှူဒါန်း၍ ဆောက်လုပ်ထားသော မေတ္တာမွန်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနုနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး မေတ္တာမြေဖောင်ဒေးရှင်း(မန္တလေးမြို့) မှ နာယက ဦးသန်းဌေးက ဗလာစာအုပ်များပေးအပ်လှူဒါန်းသည်။ အဆိုပါ မေတ္တာမွန်ကျောင်းဆောင်အား မန္တလေးမြို့မှ ဦးကျော်မြ၊ ဒေါ်လေးလေးမွန်၊ မေတ္တာမြေဖောင်ဒေးရှင်း၊ ပျဉ်ရေကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများက ထည့်ဝင်သောအလှူငွေ ကျပ်သိန်း ၁၆၀ဖြင့် ပေ(၆၀×၃၀) တစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ကာ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၇၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# လားရှိုးလရောင်၊ စာရေးစက္ကူပြာ၊ တိမ်လွှာမှိုမှိုလွင်

## ဆူးငှက်

ရွှေတချောင်းသည် တစ်ချိန်က ရေရှင်ချောင်းမို့လှေလောင်းတွေအသွယ်သွယ်နဲ့ ကူးသန်းသွားလာကြသည်ဟု ကျွန်တော်တို့ လွမ်းဆွတ်မှုကား လွမ်းဆွတ်မှုအဖြစ်နဲ့ပဲ အတိတ်မှာထားခဲ့ရပေမည်။ ရွှေတချောင်းသည် ဘယ်နံရောအခါမှ ရေကောင်းရေသန့်နှင့် ရေရှင်ချောင်းဖြစ်မှာမဟုတ် တော့၊ မဖြစ်နိုင်တော့ ။ မဟုတ်တော့သည့်အရာအား မျှော်မှန်းရော်ရမ်းလွမ်းဆွတ်မနေဘဲ လက်ရှိရွှေတချောင်းကို မည်သို့မည်ပုံ အကောင်းဆုံးဖြစ်အောင် အသုံးချမလဲဆိုတာ စဉ်းစားကြမည်။ ထိုကိစ္စကသေးသေးမွှားမွှားလည်းမဟုတ်။ ပွဲပြီးမီးသေလည်းမဟုတ်၊ စက္ကူပေါ်က စီမံကိန်းနှင့် တင်းတိမ်ရမှာလည်းမဟုတ်။ သတင်းစာထဲ စာလုံးမည်းကြီးနှင့် ပါရုံဟန်ပြဖို့လည်း မဟုတ်။

တကယ်တော့ မန္တလေးမြို့ပြဖွဲ့စည်းမှုတွင် စနစ်မကျခဲ့မှုအဖြစ် ရှေးရှေးလူကြီးသူမများအား အပြစ်တင်ရမည့်လုပ်ငန်းမှာ ရေဆိုးထုတ်ရေမြောင်းစနစ်ပဲဖြစ်သည်။ လူဦးရေရှစ်သောင်းတစ်သိန်းရှိတုန်းကလည်း ဒီအတိုင်း။ အခုရှစ်သိန်းတစ်သန်းရှိလုနီးသော်လည်း ဒီအတိုင်း။ လူဦးရေရှစ်သောင်းတုန်းကကိစ္စမရှိ။ ရေဆိုးဆိုတာ နေ့မြင်ညပျောက်။ အညာနွေအပူမှာ မြေထဲစိမ့်၊ အငွေ့ပျံသွားရုံနှင့် ပျောက်သွား၏။ ထိုစဉ်ကတည်းက အနာဂတ်မြို့ပြအတွက် အရေးကြီးသော ရေဆိုးထုတ်စနစ်ကို စဉ်းစားချမှတ်ဖို့ကောင်းသည်။

'စည်မျက်နှာကဲ့သို့ ညီညာပေသော' မန္တလေးမြို့မျက်နှာပြင်မှာ ရေစီးနှုန်းက ဘယ်လောက်၊ ဘယ်လို၊ ဘယ်သို့ရှိမှာလဲ၊ ဒါက ပထဝီဗေဒပညာရှင်များအလုပ်။ သူတို့အလုပ်ကို မြို့ပြတာဝန်ရှိသူတွေနဲ့ ပူးပေါင်းခဲ့ကြရပေမည်။ အရင်ကရှိခဲ့သော တစ်ထွာသာသာ၊ တစ်တောင်သာသာရေမြောင်းများကို သူ့ အိမ်မှကိုယ့်အိမ်၊ ကိုယ့်အိမ်မှသူ့အိမ် နားလည်မှုယူ ဖောက်သွယ်ကာ လွတ်ရာကျွတ်ရာရောက်စေသတည်းဖြင့်ပြီးခဲ့ကြသည်မဟုတ်လော။ ဘာမှပညာသားမပါ။ အရေးကြီးတာ သူ့အိမ်ကိုယ့်အိမ်ရှေ့ရေဆိုးတွေဝပ်မနေဖို့ ရည်ရွယ်ချက်ပင်မဟုတ်လော။

မြို့ပြစီမံကိန်းဆိုတာ ပေါ်ပေါက်လာသောအခါ ထိုလက်ဖြင့်ရေမြောင်းလေးတွေကို အုတ်ရိုးစီပေးလိုက်ခြင်းပဲဖြစ်သည်။ သည်လိုနှင့်တစ်ဆင့်ပြီးတစ်ဆင့် ရွှေတချောင်းထဲစီးပေရော့။ ရွှေတချောင်းထဲက သင်္ဘောထဲ၊ တက်သေးအင်းထဲ၊ ဧရာဝတီမြစ်ထဲ၊ လမ်းသစ်လမ်းသစ်တွေရာချီခြင်း၊ အဆင့်မီခေတ်မီနိုင်လွန်ကတ္တရာများခင်းခြင်းနှင့်အတူ စနစ်တကျအသုံးဝင်သော ရေနုတ်မြောင်းများကိုလည်း အကောင်အထည်ဖော်ရပေမည်။

လွန်ခဲ့သော ၁၅ နှစ်ခန့်က အိမ်ရှေ့ရှိရေမြောင်းသည်မြေမြောင်းကလေး၊ ကန်စွန်းနွယ်၊မှိုနားတို၊မြင်းခွာပင်လေးတွေ စိမ်းစိုလို့၊ ကျုံးနှင့်နီးသောကြောင့် ကျုံးရေကမြောင်းထဲမှာ တသွင်သွင်၊ ထိုရေနှင့်အဝတ်လျှော်လို့ရသည်။ သို့သော် အရပ်ထဲမှာ လူမများ၊ အိမ်မများ။ နောက်တော့ အကျယ်တစ်တောင်၊ အနက်တစ်တောင်၊ အုတ်မြောင်းဖြစ်သွားသည်။ ရေကအရင်လိုမစီးတော့ လမ်းပေါ်မှာ တာဝန်ရှိသူကြည့်လျှင်တော့ မြေပေါ်တစ်ထွာသာသာမြင့်နေသော အုတ်ရိုးကိုမြင်ရမှာမို့ သန့်ရှင်းသပ်ရပ်သော ရေမြောင်းစနစ်ဟု ထင်မှတ်ဖွယ်။ သို့သော် စည်းကမ်းမဲ့မှုနှင့် ရေသုံးများမှု၊ ရေဆိုးစွန့်ပစ်ခြင်းပိုမိုမှုကြောင့် မြောင်းထဲမှာ အမှိုက်ဗရပွနှင့် ရေတွေအိ။ ပိုးလောက်လမ်းတဖွားဖွား၊ ခြင်တဝီဝီ။

လွန်ခဲ့သော လေးငါးနှစ်က ထိုမြောင်းကို သုံးပေခန့်ကျယ်သော မြောင်းမကြီးအဖြစ် ချဲ့ထွင်ကာ အုတ်ရိုးစီသည်။ အရင်ကအနက်တစ်တောင်၊ အကျယ်တစ်တောင်ခန့် ရေဆိုးရေပုပ်များနေရာမှာ အခုအနက်သုံးပေ၊ အကျယ်သုံးပေ ရေဆိုးရေပုပ်များအဖြစ်ပြောင်းလဲသွား၏။ အရင်ခြင်ပေါက်ဖွားနှုန်းထက် နှစ်ဆတိုးသွားဦးမှာပေါ့။ ဘာမှမထူး။

ဤသို့သော အိမ်ရှေ့ကမြောင်းကို နမူနာစံပြု၍ ရွှေတချောင်းမြောင်းကို စဉ်းစားကြည့်သောအခါ ကြောက်ဖွယ်လိလိပါကလား။ ရွှေတချောင်းကို သည်အတိုင်းဆက်ထားမလား။ တစ်မြို့လုံး ပုပ်အီနေသော ရေဆိုးများမှ ပိုလျှံသည်များသာ ရွှေတချောင်းထဲ စီးဝင်ခဲ့သည်။ ဒါကိုပင် အခုရွှေတချောင်းမှာ မည်မျှဒုက္ခပေးနေပြီလဲ။

တကယ်တော့ ကိုယ့်ဘာသာရှာကြံတွေးပူတာပါပဲ။ မြို့ပြဆိုင်ရာပုဂ္ဂိုလ်များမှာ ထိုကိစ္စကို စဉ်းစားထားပြီးဖြစ်မှာပေါ့။ အကောင်းဆုံးဖြစ်မည်ဟု မျှော်လင့်နေမိသည်။

မိုးတွင်းအခါ ရွှေတချောင်းကို ဖြတ်၍ ရွာဟိုင်းသုသာန်သို့သွားသောလမ်းကို သတိရမိ၏။ ရေကဒူးဆစ်လောက်။ ငွေတောင်တိုက်တံတိုင်းဘေးနှင့်သုသာန်အဝင်ဝမှာ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်ပုံများမှာ တိရစ္ဆာန်အသေကောင်များနှင့် အမှိုက်များကရေထဲမှာခြေချစရာမရှိအောင်ပေါလော။ တစ်ခါတစ်ရံနာရေးပို့သော ကားတွေထိုပင်လယ်ကိုမဖြတ်နိုင်၍ ရပ်တန့်ကာရေထဲဆင်းလျှောက်ရ၏။ သားရေပုပ်နံ့များကလည်း ဟောင်လို့။ ယခုမြင်ရသော မဟာအောင်မြေကစားကွင်းနှင့်ဈေးဆိုင်ခန်းများနှင့် မြင်ကွင်းကားယခင်ကနှင့်ဘာမှမဆိုင်။ အပြောင်းအလဲကြီး ပြောင်းလဲသွားသော မြင်ကွင်းများ ဖြစ်သည်။

ယခင်ကမန္တလေးတွင် သုသာန်ပေါင်းများစွာရှိသည့်အနက် ထိုနေရာရှိ ရွာဟိုင်းသုသာန်သည်အကြီးဆုံးနှင့် သက်တမ်းရှည်သုသာန်ကြီး ဖြစ်လေသည်။ ထို့အပြင်မြို့လယ်ကောင်အကျဆုံးသုသာန်ကြီးလည်းဖြစ်၏။ လူနှစ်ယောက်ဖက်မနိုင်သော ကုက္ကိုပင်ကြီးတွေက သုသာန်မြေကို အုပ်မိုးထားသည်။ သရက်ကုံတင်ဇရပ်ကြီးသုံးဆောင်ကလည်း မြောက်ဘက်ထိပ် ကုက္ကိုပင်ကြီးတွေအောက်မှာဝပ်စင်း။

ဇရပ်ကုသိုလ်ရှင် ရွှေလက်ဝါးဆေးတိုက်ပိုင်ရှင်ကြီး၏ ကောင်းမှုဆိုင်းဘုတ်ကြီးကလည်း ဆေးမပြယ့်တပြယ်နှင့် ဇရပ်ထဲမှာနေရာယူထား၏။ အပူရှိန်ပြင်းထန်လှသောတန်ခူး၊ ကဆုန်လောက်ဆိုလျှင် သရက်ကုံတင်ဇရပ်များမှာနေရာမဆံ့ တော့၊ ဘာဝနာတရားဓာတ်ပြားသံ တညံညံ၊ ရေစက်ချအမျှဝေသံ တစီစီ။ အော်ဟစ်ငိုယိုသံတဆူဆူ၊ နာရေးပို့ဘတ်စ်ကား စက်သံများက တဒီးဒီး။ ဟိုး ရွာဟိုင်းဈေးဘက်က။ ဟိုး...မစိုးရိမ်ကျောင်းတိုက်ဘက်ဆီကလည်း ထပ်မံပို့ဆောင်လာသည့် နာရေးများဆီကလည်းရွတ်သံဖတ်သံသဲ့သဲ့ ကြားလာရပြီ။ နာရေးတစ်ခုကတော့ အနီးအနားရပ်ကွက်ကမို့ထင်ပါရဲ့ ခုတင်နှင့်ထမ်းချလာ၏။ မျက်နှာမွဲပေမို့ ပို့ဆောင်သူသိပ်မပါလှ၊ ထဘီစွန်တောင်စွဲ မိန်းမလေးငါးဦး။ ခုတင်ထမ်းလာသော မူးယစ်နေသူယောကျ်ားကြီး လေးငါးဦး။

ဇရပ်ကြီးတွေရှေ့က ကွက်လပ်ကြီးမှာတော့ ကားတွေကွေ့ကြ၊ နောက်ဆုတ်ကြ၊ ပြန်ထွက်ကြ၊ မြင်းလှည်းများက ဘီးကြားထံဖြာထိုးသော တောက်တောက်တောက်တောက် အသံပြုကာဇက်ကြိုးကို တုံ့ဆွဲရင်း လမ်းဘက်ထွက်၏။ အသုဘပန်းရထားမှကျန်ခဲ့သောဆတ်တွန့်စက္ကူစတွေက မြေပြောင်ပြောင် ဟိုတစ်စ သည်တစ်စ။ သုသာန်မှာနေပုံရသော ကလေးတွေက ဆတ်တွန့်စတွေ၊ ယပ်တောင်တွေ ကောက်ယူနေကြသည်။ တချို့ကတော့ ကုက္ကိုပင်ကြီးတွေအောက် အရိပ်မှာ ထိုင်ရင်း သရက်ကုံတင်အပြီးစောင့်နေသည်။ စီခနဲငိုသံကြားကာ နာရေးသေတ္တာကိုမပြီး ဇရပ်နောက်ကျောဘက်ဝင်သွားမှ ထလိုက်သွားကြ၏။

ဇရပ်နောက်ကျောမှာ လူသွားလမ်းလေးက ချုံပင်တွေကြား၊ အုတ်ဂူတွေကြား သစ်ရွက်ခြောက်တွေ အဖွေးသားနှင့် ဟိုး... တောင်ဘက်ထိ ခပ်ဝေးဝေးရောက်အောင်ဆွဲဆောင်သွားသည်။ နာရေးပို့လေတိုင်း မရိုးနိုင်တာက ထိုလမ်းကလေးဘေးတစ်ဖက်တစ်ချက်အုတ်ဂူပေါ်တွေက ကမ္ပည်းစာတွေဖတ်ကြည့်တာပဲပေါ့။

'နေပြည်တော် အသံထွက်ရုပ်ရှင်ရုံပိုင်ရှင်ကြီး ဦးဘယ်သူ၊ အသက်ဘယ်နှနှစ်' "ဟော...တွဲရက်ဂူကသူ့ဇနီးတဲ့" "ဟယ်... ဒါကဂူအသစ်၊ အသက်ငယ်ငယ်လေး" "ဟောဒီဂူတွေက မိသားစုလေ'စသည်ဖြင့် သည်နေရာမှာပြောနေကျ စကားတွေ ပြောဖြစ်ကြသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့သည် လမ်းကလေးဖဲ့ထွက်ဝင်သွားရသော နေရာမှအုတ်ဂူလေး တစ်လုံးဆီကိုလည်း သွားကြသေး၏။ ဂူကလေးဒီဇိုင်းကမရိုး။ သို့သော် မဆန်း။ ထိုထက်စိတ်ဝင်စားမိသည်က ဂူကလေးထိပ်မှာ ကပ်ထားသော ကျောက်ပြားထက်က ဂီတသင်္ကေတများ။ သီချင်းစာသားများ။



အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်း

'ပြာရီမှိုင်းကာ မှို့မှို့၊ ညို့ညို့ညို့လွှင်'

စာဆိုတော်မြို့မဆရာငြိမ်း၏ ဂူကလေး။

ထိုဂူကလေးကို ကြည့်ပြီးတိုင်းပတ္တာရပ်ထဲ တမာပင်အောက်ဝါးကွပ်ပျစ်ကလေးနှင့် ဖိနပ်ကလေးတစ်ရန်။ ထို့နောက် အပြင်းမောင်းလာသော အုတ်ကားတစ်စီး။ ထို့နောက်၊ ထို့နောက်။

ကျွန်တော်တို့သူငယ်ချင်းတစ်စုကား ဆရာငြိမ်းအကြောင်းသတိတရ ပြောလိုက်ကြကာ ညအထိမဆုံးနိုင်။ တစ်ယောက်လိုတာ တစ်ယောက်ဖြည့်၊ တစ်ယောက်ကြားတာ တစ်ယောက်ပြော။ သီချင်းလေးတွေဆိုပြီးပြရ၊ ရွတ်ပြရ။

***မသန်း***

***အနောက်ဘက်ထရံကပ်ထားသောစာအုပ်အပုံထဲက အင်္ဂလိပ်'ငှက်'စာအုပ်ပေးလိုက်ပါ။***

***ငြိမ်း***

ဟုဆိုသော သူ့ပေးစာလေးအကြောင်းထိ မကျန်ပြောဖြစ်ကြ၏။

နောက်တော့ရွာဟိုင်းသုသာန်ရောက်လျှင် ဆရာငြိမ်းဂူကလေးသာမက လမ်းကလေး၏ အရှေ့ဘက်ခြမ်းခပ်လှမ်းလှမ်းမှာရှိသော မထင်မရှား ပါးလုပ်လုပ်ဂူကလေးဆီလည်းသွားဖြစ်အောင် သွားကြရသည်။ ဂူကလေးက တကယ့်မထင်မရှား။ အုတ်ရိုးလေးက မြေပြင်ပေါ်မှာဘာမှမမြင်၊ အခြားဂူတွေအောက်ပျောက်ကွယ်လုမတတ်။ အင်္ဂတွေအချောပင်ကိုင်မထား။ ကမ္ပည်းစာမှာတော့ 'ရဲဘော်ဗဟိန်း'တဲ့။

သြော်...သခင်ဗဟိန်း။ ဗိုလ်ချုပ်အောင်ဆန်းချစ်သော၊ ဒဂုန်တာရာချစ်သော'ကိုဗဟိန်း'။

(ထိုဂူလေးမှာ ရွာဟိုင်းသုသာန်ဖျက်သိမ်းပြီးသည့်နောက်ထိ ကွင်းပြင်ကြီးထဲမှာ ထီးတည်းကျန်ရစ်သေးသည်။ အခုတော့ စားသောက်ဆိုင်တွေ ဆောက်လိုက်တော့ အဖိုးတန်သမိုင်းဝင်အထိမ်းအမှတ်တစ်ခု ပျောက်ခြင်းမလှပျောက်သွားခဲ့ပြန်၏။)

လွတ်လပ်ရေးအတွက် ဘဝနှစ်ကာ လုပ်ကိုင်ခဲ့ရင်း ဝေဒနာကြောင့် လူ့လောကကို မစွန့်ခွာမီပင် အကွဲအပြဲကြောင့် စိတ်ဖြောင့်မသွားခဲ့ရှာသော ကိုဗဟိန်း။ ကျွန်တော်ကား ကိုဗဟိန်း၏ နောက်ဆုံးနေ့များကို ဖတ်ရှုရလေတိုင်း မောလျကြေကွဲနေမိသည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

**ရှစ်သောင်းတစ်သိန်းရှိတုန်းကလည်း ဒီအတိုင်း။ အခုရှစ်သိန်းတစ်သန်းရှိလုနီးသော်လည်း ဒီအတိုင်း။ လူဦးရေရှစ်သောင်းတုန်းက ကိစ္စမရှိ။ ရေဆိုးဆိုတာ နေ့မြင်ညပျောက်။ အညာနွေအပူမှာ မြေထဲစိမ့်၊ အငွေ့ပျံသွားရုံနှင့် ပျောက်သွား၏။ ထိုစဉ်ကတည်းက အနာဂတ်မြို့ပြအတွက် အရေးကြီးသော ရေဆိုးထုတ်စနစ်ကို စဉ်းစားချမှတ်ဖို့ကောင်းသည်**

# မန်ယူတို့ ယူရိုပါလိဂ်ဖလား ရယူနိုင်ပါ့မလား

မိုးမြင့်လင်းလက်

ဒီနှစ်ယူရိုပါလိဂ်ပြိုင်ပွဲမှာ မန်ယူတို့ ချန်ပီယံဖြစ်နိုင်တယ်ဆိုတဲ့ ထင်ကြေးပေးမှုတွေ မြင့်တက်နေပါတယ်။ မန်ယူဟာ ဒီနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်မှာ ခြေစွမ်းမတည်ငြိမ်မှုကြောင့် ရုန်းကန်နေရပေမယ့် ယူရိုပါလိဂ်မှာတော့ အခြေအနေကောင်းတွေနဲ့ ကြုံတွေ့ပြီး ခြေစွမ်းပြနိုင်တာမို့ အခုဆိုရင် ကွာတားဖိုင်နယ်ကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။

ယူရိုပါလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွေကို မဲခွဲအပြီးမှာတော့ အန်ဒါလက်ချ်နဲ့ မန်ယူ၊ ဆယ်လ်တာဗီဂိုနဲ့ KRCဂျန့်၊ အေဂျက်စ်နဲ့ ရှော်လ်ကေး၊ လိုင်ယွန်နဲ့ ဘက်ဆစ်တက်တို့ အတွဲတွေကြောင့် မန်ယူဟာ ကံကောင်းခြင်း အခွင့်အသာရရှိစေခဲ့တာဖြစ်တာလို့ အားကစားဝေဖန်သူတွေက သုံးသပ်နေကြပါတယ်။ ဒါပေမယ့် မန်ယူနည်းပြ မော်ရင်ဟိုကတော့ အန်ဒါလက်ချ်ဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး မိမိတို့ ခက်ခက်ခဲခဲကျော်ဖြတ်ရမယ်လို့ ဆိုထားပါတယ်။

မန်ယူအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာ တန်းစီဇယား စတုတ္ထနေရာရယူဖို့ထက် ယူရိုပါလိဂ်မှာ ဗိုလ်စွဲဖို့ အလေးထားကြိုးစားသွားမယ်လို့လည်း မော်ရင်ဟိုက ကြွေးကြော်နေပါတယ်။ ယူရိုပါလိဂ်မှာဗိုလ်စွဲရင် လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့် တိုက်ရိုက်ရရှိမှာမို့ မော်ရင်ဟိုက အခုလိုပြောကြားနေခြင်းဖြစ်ပါတယ်။ မန်ယူရဲ့ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင် ပြိုင်ပွဲစုံမှာ အားရစရာမရှိပေမယ့် ကစားသမားကောင်းတွေရှိနေတဲ့အတွက် အနိုင်ရလိုမှုစိတ်ဓာတ်မြှင့်တင်နိုင်ရင် မျှော်လင့်ချက်တွေ ပြည့်ဝနိုင်ပါလိမ့်မယ်။

အခုတလော မန်ယူရဲ့ ခြေစွမ်းကိုကြည့်ရင် တိုးတက်မှုရှိပေမယ့် အသင်းလိုက်ကစားအားမှာတော့ အားနည်းချက်တွေရှိနေဆဲပါပဲ။ တိုက်စစ်မှူးတွေရဲ့ ပြိုင်ဘက်ဂိုးဧရိယာအတွင်း ဘောလုံးဆုံးရှုံးမှုတွေ၊ ကွင်းလယ်ကစားအား အသာစီးရယူနိုင်တာတွေက ပွဲတိုင်းရှိနေဆဲပါပဲ။ ဒီလိုခြေစွမ်းမျိုးနဲ့ ယူရိုပါလိဂ်မှာ ဗိုလ်စွဲဖို့ ရေပန်းစားနေတာကတော့ ပြိုင်ဘက်ကောင်းတွေ ခရီးတစ်ဝက်မှာ ပြုတ်သွားခဲ့တာလည်း ပါဝင်နေပါတယ်။

မန်ယူဟာ ယူရိုပါလိဂ်ကွာတားဖိုင်နယ်မှာ ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းနဲ့ တွေ့ဆုံနေတာဟာ ယူရိုပါလိဂ်ဖလား ရယူနိုင်ဖို့ ပိုပြီး ထင်မြင်စေခဲ့တာဖြစ်ပါတယ်။ အန်ဒါလက်ချ်အသင်းဟာ ဘယ်လ်ဂျီယံလိဂ်ကို ဦးဆောင်နေတဲ့အသင်းဖြစ်ပြီး ပြည်တွင်းလိဂ်မှာတော့ ခြေစွမ်းကောင်းပြသနေတဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် အန်ဒါလက်ချ်နဲ့ မန်ယူတို့တွေ့ဆုံကစားခဲ့တဲ့ ခြောက်ပွဲမှာ အန်ဒါလက်ချ်တို့ လေးပွဲရှုံးပြီး နှစ်ပွဲသာနိုင်ထားခဲ့ပါတယ်။



ဒါကြောင့် မန်ယူဟာ ယူရိုပါလိဂ် ကွာတားဖိုင်နယ်ကို ကျော်ဖြတ်နိုင်မယ်လို့ ပရိသတ်တွေက အပြည့်အဝယုံကြည်နေပြီး မော်ရင်ဟိုကိုယ်တိုင်ကတော့ ဗိုလ်လုပွဲအထိ အိပ်မက်ကိုမက်နေတာဖြစ်ပါတယ်။ တကယ်တော့ ယူရိုပါလိဂ်ပြိုင်ပွဲက ဥရောပမှာ ချန်ပီယံလိဂ်ပြိုင်ပွဲပြီးရင် ဒုတိယတန်းစား ပြိုင်ပွဲတစ်ရပ်ဖြစ်တာမို့ ပရိသတ်တွေ စိတ်ဝင်စားမှုကတော့ ချန်ပီယံလိဂ်လို မမြင့်မားတာတော့ အမှန်ပါပဲ။

ဒါပေမယ့် လာမယ့် ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့နဲ့ ဒီနှစ်ဘောလုံးရာသီမှာ မန်ယူအတွက် ဖလားများများရယူပေးလိုတဲ့ နည်းပြမော်ရင်ဟိုအတွက်တော့ အရေးကြီးတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်နေပါတယ်။ ဒါကြောင့် ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်ပြီး မန်ယူတို့ အောင်ပွဲခံနိုင်မလားဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်တွေကိုတော့ ပထမအကျော့အဖြစ် ဧပြီ ၁၃ ရက်မှာ ကစားပြီး ဒုတိယအကျော့ပွဲစဉ်တွေကိုတော့ ဧပြီ ၂၀ မှာ ယှဉ်ပြိုင်ကစားကြမှာမို့ နာမည်ကြီး မန်ယူတို့ မျှော်လင့်ချက်ပြည့်ဝမှုရှိ မရှိဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

## နည်းပြရာထူးမှ အလုပ်ဖြုတ်ခံလိုက်ရတဲ့ နယ်သာလန်နည်းပြ

ဒန်နီဘလိုင်းဟာ နယ်သာလန်အသင်းကို နှစ်နှစ်ကြာ ကိုင်တွယ်ခဲ့ပြီးနောက် နယ်သာလန်ဘောလုံးအသင်း တာဝန်ရှိသူတွေက အလုပ်မှ ဖြုတ်ခဲ့တာပါ။ အကြောင်းကတော့ ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် နယ်သာလန်အသင်းနဲ့ဘူလ်ဂေးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ ဘူလ်ဂေးရီးယားကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ပြီးနောက် ကမ္ဘာ့ဖလား အုပ်စုခြေစစ်ပွဲအဆင့်မှ စတုတ္ထအကြိမ်မြောက် ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ အသက် ၅၅ နှစ်အရွယ် နည်းပြ ဒန်နီဘလိုင်းဟာ ၂၀၁၅ ခုနှစ်က ဂူးယက်စ်ဟစ်ဒင့်ထံမှ နယ်သာလန်နည်းပြ တာဝန်ကိုလွှဲပြောင်းရယူခဲ့တာဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ ပြီးခဲ့တဲ့နှစ်က ပြင်သစ်နိုင်ငံမှာ ကျင်းပတဲ့ ဥရောပချန်ပီယံဖလားလုပွဲမှာလည်း အောင်မြင်မှုမရခဲ့ပါဘူး။ မကြာသေးမီက ရလဒ်တွေအရ နယ်သာလန်အသင်းဟာ ခြေစစ်ပွဲအောင်ဖို့အလွန်ခက်ခဲသွားပြီဖြစ်တယ်လို့နယ်သာလန်ဘောလုံးအဖွဲ့ချုပ်က ဆိုပါတယ်။

## ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ဖွယ်ရှိနေတဲ့ ဟာဇတ်



ချယ်လ်ဆီး တိုက်စစ်မှူး ဟာဇတ်ကို စပိန် ထိပ်သီးကလပ် ရီးရဲမက်ဒရစ်က ခေါ်ယူဖို့ပစ်မှတ်ရှိနေပါတယ်။ ဘယ်လ်ဂျီယံကစားသမား ဟာဇတ်ရဲ့ ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးနေတာ အောင်မြင်မှုရှိတယ်လို့ မက်ကာမှ လာသော သတင်းတွေက ဖော်ပြပါတယ်။ ဟာဇတ်ဟာ မကြာသေးတဲ့လများက စပိန်ဘာသာစကားသင်ယူနေတယ်လို့လည်း ဆိုပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီအနေနဲ့ ဂျိမ်းရိုဒရီဂွတ်ဇ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အတွက် ဟာဇတ်ကို ခေါ်ယူသွားဖွယ်ရှိနေပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်အတွင်း အကောင်းဆုံးခြေစွမ်းပြ ကစားလာတဲ့အတွက် ခေါ်ယူဖို့စိတ်ဝင်စားမှုရှိနေတယ်လို့ ရီးရဲမက်ဒရစ် တာဝန်ရှိသူတွေက ဆိုပါတယ်။ ဟာဇတ်ဟာ လက်ရှိ ချယ်လ်ဆီးအသင်းမှာ တစ်နှစ်ကို ပေါင် ၈ သန်းခန့်သာရရှိပါတယ်။ ရီးရဲမက်ဒရစ်က စီရော်နယ်ဒို၊ ဂါးရက်ဘေးလ်တို့လို လုပ်ခလစာအမြင့်ဆုံးလိုချင်တယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့ နွေရာသီကတည်းက ခေါ်ယူဖို့ စိတ်ဝင်စားမှုတွေ မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။

## အင်္ဂလန်အတွက် ဂိုးသွင်းမှုနဲ့အတူ ပြန်လည်ကစားခွင့်ရလာတဲ့ ဒီဖိုး




အင်္ဂလန်နဲ့ လစ်သူယေးနီးယားတို့ ကစားတဲ့ပွဲမှာ အင်္ဂလန်က နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာပါ။ ဒီပွဲမှာ တစ်ကျော့ပြန် ပါဝင်ကစားခွင့်ရတဲ့ ဒီဖိုးက အင်္ဂလန်အတွက် အနိုင်ဂိုးတစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဆန်းဒါးလန်း တိုက်စစ်မှူး ဒီဖိုးဟာ လေးနှစ်အတွင်း အင်္ဂလန်အသင်းမှာ ပါဝင်ကစားခွင့်ရပြီး ပထမဆုံးဂိုးသွင်းယူပေးခဲ့ခြင်းလည်း ဖြစ်ပါတယ်။ လူစားဝင်လာသူ ဗာဒီကလည်း ဒီပွဲမှာ အနိုင်ဂိုးတစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အင်္ဂလန်အသင်းဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် ၃၃ ပွဲမှာ ရှုံးပွဲမရှိတဲ့အသင်းအဖြစ် ရပ်တည်လာနိုင်ပါတယ်။ ဒီဖိုးဟာ ၂၀၀၄ ခုနှစ် မတ် ၃၁ ရက် နောက်ပိုင်း နိုင်ငံ့လက်ရွေးစင် ကစားသမားအဖြစ် ပထမဆုံးအကြိမ်ပါဝင်ကစားခဲ့ခြင်းဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒီဖိုးဟာ အင်္ဂလန်အသင်းနဲ့အတူ ခြေစွမ်းပြကစားလာပါတယ်။ ၂၀၁၈ ခုနှစ် ရုရှားနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်လာနိုင်ပါတယ်။ အင်္ဂလန်မှာ ဒီဖိုးဟာ ဒီနှစ်အတွင်း အကောင်းဆုံးကစားပြနိုင်တဲ့ ခြေစွမ်းကိုလည်း ပိုင်ဆိုင်ထားသူလည်း ဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးအင်းကြီး တိမ်ကောမသွားအောင် ဆောင်ရွက်ကြရန်လိုအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် တည်ရှိသော အင်းတော်အင်းသည် အင်းတော်ကြီးနှင့် အင်းလေးကန်တို့ပြီးလျှင် မြန်မာနိုင်ငံတွင် တတိယအကြီးဆုံး အင်းကြီးတစ်ခုဖြစ်သည်။ အင်းတော်အင်းကို အင်းတော်လေးအင်းဟုလည်း ခေါ်ကြသည်။ ထိုသို့ နိုင်ငံ၏ တတိယအကြီးဆုံးအင်းဖြစ်သည့် အင်းတော်လေးအင်းသည် ယခင်က အလျား ငါးမိုင်၊ အနံ နှစ်မိုင်ကျော် ရှိခဲ့ရာမှ ယခုအခါ တဖြည်းဖြည်း တိမ်ကောလာရာ အလျား လေးမိုင်၊ အနံ တစ်မိုင်ကျော်ခန့်သာရှိတော့ကြောင်း သိရသည်။

အင်းပတ်လည်တွင်ရှိကြသည့် ကျေးရွာငါးရွာမှ အိမ်ခြေ ၈၀၀ ခန့်ရှိ လူဦးရေ ၅၀၀၀ ခန့်သည် ထိုအင်းကိုအမှီပြု၍ ရေလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည်။ အင်းတော်အင်းပတ်လည်ရှိ ကျေးရွာများမှ တောင်သူလယ်သမား ၁၀၀၀ ခန့်သည် လယ်ယာမြေ ဧက ၃၀၀၀ ခန့်ကို စိုက်ပျိုးကြပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်မှာ နှစ်ပေါင်း ၅၀ နီးပါး ရှိနေပြီဖြစ်ကြောင်းလည်း သိရသည်။

**စိုက်ပျိုးမြေရယူခြင်းနှင့် အင်းတိမ်ကောခြင်း**

အဆိုပါလယ်မြေများသည် အင်းပတ်လည်မှ အင်းတိမ်ကောသွားသော မြေနေရာများဖြစ်ကြပြီး အင်းရေကျချိန်တွင် စပါးစိုက်ပျိုးကြကာ စပါး ရိပ်သိမ်းပြီးချိန်တွင် ပဲမျိုးစုံကိုစိုက်ပျိုးကြကြောင်း သိရသည်။ အချို့သော သီးနှံစိုက်ပျိုးသူများသည် အင်းရေအောက်တွင် ငုတ်အရှည်ကြီးများ ထိုးစိုက်၍ ငုတ်အရင်းတွင် သစ်ခက်သစ်ရွက်များ စုပုံချည်နှောင်ပြီး နုန်းမြေရရှိအောင် ပြုလုပ်ကြသဖြင့် အင်းတိမ်ကောသွားနိုင်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် စိုက်ပျိုးမြေများ ရရှိလာသော်လည်း အင်းတော်အင်းသည် တဖြည်းဖြည်းနှင့် ကျဉ်းမြောင်းသွားခဲ့ကြောင်း သိရသည်။



အင်းတော်အင်း ခေါ် အင်းတော်လေးအင်းအတွင်း မြင်ကွင်း

**အင်းထဲကငါး**

အင်းတော်အင်းထဲတွင် ငါးမျိုးစုံလင်လှကြောင်း သိရသည်။ ယခင်ကာလများမှ ယခုအချိန်အထိ မိုးတွင်းကာလများတွင် တစ်နေ့လျှင် ငါးပိဿာချိန် ၃၀၀ မှ ၅၀၀ အထိ ရရှိကြကြောင်း သိရသည်။ ငါးအမျိုးအစားများမှာ ငါးကြင်း၊ ငါးချောင်း၊ ငါးလမွေ၊ ငါးခူ၊ ငါးရွေး၊ ငါးလဝါ၊ ငါးတီ၊ ငါးပြေမ၊ ငါးအုံတုံ၊ ငါးလူး၊ ငါးစင်စပ်၊ ငါးရံ့၊ ငါးကျည်း၊ ငါးခုံးမ၊ ငါးလပေ၊ ငါးမြစ်ချင်း၊ ငါးပြက်၊ ငါးပူစီ၊ ငါးမြင်း၊ ငါးပတ်၊ ငါးကြင်းရွှေဝါ၊ ငါးစင်ရိုင်း၊ နိုင်လွန်ငါး၊ ငါးဖောင်ရိုး၊ ငါးဖယ်၊ ငါးဖယ်အောင်း၊ ငါးဒိုက်၊ ငါးရင်မောင်စာ၊ ငါးနုသန်း၊ ပုစွန်ဆိတ်တို့အပြင် ဖျံနှင့်ရေလိပ်များကိုလည်း တွေ့ရှိရကြောင်း သိရသည်။

**အင်းတော်အင်းမှငါးကြီးချဉ်**

အင်းတော်မြို့၏ နာမည်ကြီးငါးထွက်ကုန်မှာ ငါးကြီးချဉ်ဖြစ်သည်။ အင်းတော်ငါးကြီးချဉ်ကို အင်းတော်အင်းမှ ဖမ်းဆီးရမိသည့်ငါးများဖြင့် ထုတ်လုပ်သော်လည်း အင်းတော်ငါးကြီးချဉ်သည် နာမည်ကြီး၍ အဝယ်လိုက်သဖြင့် ဖမ်းမိသည့်ငါးလုံလောက်ခြင်းမရှိပါက မန္တလေးနှင့် ရွှေဘိုမြို့များမှ ငါးများကို မီးရထားဖြင့်သယ်ယူပြီး ငါးချဉ်ပြုလုပ်ရကြောင်းလည်း သိရသည်။

**အင်းရေထွက်ပေါက်**

အင်းတော်အင်း၏ ရေထွက်ပေါက်သည် နတ်မဟုတ်ကလေးချောင်းနှင့် မဲဇာချောင်းများ ဖြစ်ကြသည်။ အင်းတော်အင်းမှရေများသည် မိုးတွင်းအခါ ရေကြီးချိန်တွင် နတ်မဟုတ်ကလေးချောင်း၊ မဲဇာချောင်းများမှတစ်ဆင့် ရေဝတီမြစ်အတွင်းသို့ စီးဝင်သွားကြသည်။

**အင်းတော်အင်းနှင့် ပတ်ဝန်းကျင်ကြိုးဝိုင်းများ**

အင်းတော်အင်းပတ်ဝန်းကျင်တွင် အောက်တောကြိုးဝိုင်း၊ နန်းဒရန့် ကြိုးပြင်ကာကွယ်တော၊ ဖက်ဆွတ်ကြိုးဝိုင်း၊ ဂဟဲ ကြိုးပြင်ကာကွယ်တော၊ ဂဟဲကြိုးဝိုင်း၊ ကလုံကြိုးဝိုင်း၊ တောင်လေးတန်ကြိုးဝိုင်း စသည့် ကြိုးဝိုင်းတောများရှိသည်။ အင်းတော်အင်းအတွင်းသို့ စီးဝင်လာသော ချောင်းများသည် ဧက ၃၇၈၂၂ ရှိသော ကြိုးဝိုင်းတောရေဝေရေလဲဧရိယာများမှ ဖြတ်သန်းစီးဆင်းနေသော ချောင်းများဖြစ်ကြောင်း သိရသည်။

**သဘာဝပေါက်ပင်များ**

အဆိုပါ ကြိုးဝိုင်းတောများအတွင်း ပေါက်ရောက်နေသော အပင်များမှာ အမျိုးစုံလှသည်။ ကျွန်း၊ ကညင်၊ တမလန်း၊ သဒီ၊ သရက်၊ ယမနေ၊ သစ်ဆိမ့်၊ သစ်ဖွဲ၊ တောမန်းကျည်း၊ မှန်နီ၊ သပြေ၊ စာသငယ်၊ ပေါက်၊ သပွတ်သီး၊ ယင်းခတ်၊ ရုံး၊ အင်ပင်စသည့် သစ်ပင်အမျိုးမျိုးတို့ ပေါက်ရောက်နေကြောင်း တွေ့ရှိရသည်။

**အင်းကြီးတိမ်ကောမသွားရလေအောင် ဘယ်လိုကာကွယ်ကြမည်လဲ**

အင်းတော်အင်းကြီး တိမ်ကောသွားခြင်းမရှိဘဲ ရေရှည်တည်တန့်စေရန်အတွက် အင်းအတွင်း စီးဝင်သည့် ချောင်းများအတွင်းသို့ အမှိုက်ပစ်ခြင်း၊ စပါးခွံများပစ်ခြင်းများကို ထိထိရောက်ရောက် ကာကွယ်ပေးရန်လိုအပ်မည်ဟု ထင်မြင်မိသည်။ လက်ရှိအချိန်တွင် CYAN လူငယ်ကွန်ရက်အဖွဲ့က ချောင်းများအတွင်းရှိ အမှိုက်များဆယ်ယူခြင်း၊ ဗေဒါပင်များကို ရှင်းလင်းထုတ်ခြင်းများကို အခါအားလျော်စွာ ပြုလုပ်နေကြသော်လည်း မြို့မိမြို့ဖများကပါ ပူးပေါင်းပါဝင်လုပ်ကိုင်ပါက ပိုမိုအောင်မြင်မည်ဟု သုံးသပ်မိပါကြောင်း။

**လူအောင်(ကသာ)**

# နေပြည်တော်ကျောက်မျက်ရတနာပြပွဲ အောင်မြင်သောပြပွဲတစ်ခုဖြစ်ခဲ့

**နေပြည်တော် မတ် ၂၈**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ မတ် ၂၄ ရက်အထိ ကျင်းပခဲ့သည့် မြန်မာကျပ်ငွေဖြင့်ရောင်းချသော ကျောက်မျက်ရတနာပြပွဲတွင် စုစုပေါင်း တန်ဖိုး ကျပ် ၅၅၃၂၇ သန်းကျော်ရှိ ကျောက်တွဲများ ရောင်းချခဲ့ရကြောင်းနှင့် အောင်မြင်သော ပြပွဲတစ်ခုဖြစ်ခဲ့ကြောင်း ပြပွဲတွင် ကျောက်ရောင်းဝယ်ခဲ့သူများထံမှ သိရသည်။



"ဒီတစ်ကြိမ် ကျောက်အတွဲ ၅၀ကျော် ဝယ်ယူရပါတယ်။ ဝယ်ယူသူကုမ္ပဏီတွေရဲ့ လုပ်ငန်းခွင်အရောက် ကျွန်တော်က တာဝန်ယူပို့ပေးပါတယ်"ဟု ဝယ်ယူပြီးသည့် ကျောက်များကို စနစ်တကျ စစ်ဆေး၍ ထုပ်ပိုးနေသူ နေပြည်တော်မှ ကျောက်အေးဂျင့်တစ်ဦးက ပြောသည်။ ကျောက်တွဲများဝယ်ယူခဲ့သော ပြည်တွင်းကုန်သည်များသည် ဝယ်ယူရရှိခဲ့သော ကျောက်စိမ်းအတွဲများ တန်ဖိုးကို နှစ်လအတွင်း သက်ဆိုင်ရာဌာနသို့ ပေးသွင်းပြီးနောက် ကျောက်တွဲများကို ထုတ်ယူနိုင်ကြောင်း သိရသည်။

ပြပွဲတွင် တင်သွင်းရောင်းချခဲ့သော ကျောက်စိမ်းအတွဲပေါင်း ၄၄၅၄ တွဲမှ ၄၁၁၁ တွဲကျော်အထိ ရောင်းချနိုင်ခဲ့ခြင်းကြောင့် အောင်မြင်သောပြပွဲတစ်ခု ဖြစ်ခဲ့ကြောင်း၊ ယခုပြပွဲတွင် ပြည်တွင်းကျောက်မျက် ကုမ္ပဏီပေါင်း ၄၇၄ ခုမှ ကျောက်အတွဲဝယ်ယူသူ ၁၈၆၅ ဦးရှိပြီး ရောင်းချရသော ကျောက်တွဲများတန်ဖိုး စုစုပေါင်းမှာ ကျပ် ၅၅၃၂၇ သန်းကျော်ရှိကြောင်း သိရသည်။

"ပြပွဲတွင်ရောင်းချသော ကျောက်မျက်ကုမ္ပဏီတစ်ခုမှ တာဝန်ခံတစ်ဦးက ပြပွဲအခြေအနေက ကောင်းပါတယ်။ ဈေးမရဘူးထင်ပေမယ့် ကျောက်အရည်အသွေးအပေါ် မူတည်ပြီး ဈေးရပါတယ်။ ကျောက်အတွဲ ၁၈ တွဲ တင်ပြ ရောင်းတာ ကျောက်အတွဲ ၁၅ တွဲ ရောင်းရပါတယ်"ဟု ပြပွဲအခြေအနေနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

**ခွန်(ဝင်းပ)**

# သီးနှံပျက်စီးခဲ့သည့် လယ်သမားများအား ထောက်ပံ့

**တိုက်ကြီး မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ပြီးခဲ့သည့်နှစ်က သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးသီးနှံများ ပျက်စီးခဲ့ခြင်းအတွက် ပြည်ထောင်စုအစိုးရ၏ စိုက်ပျိုးရေးအစီအစဉ်အရ ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပခဲ့ပြီး ထောက်ပံ့ငွေ ကျပ်သိန်းပေါင်း ၄၄၀၀ ကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်စိုက်ပျိုးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် တာဝန်ရှိသူများ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး မြို့နယ်အဆင့် ထောက်ပံ့ကြေးငွေပေးအပ်ရေးကော်မတီက ကျေးရွာအုပ်စုအဆင့် ထောက်ပံ့ကြေးငွေပေးအပ်ရေးကော်မတီထံသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

"ကျွန်တော်တို့လယ်သမားတွေနဲ့ အခုလို အစိုးရကထောက်ပံ့တာ ကျေးဇူးတင်တယ်။ မိုးစပါးသီးနှံပျက်ပေမယ့် နွေစပါး စိုက်ထားတယ်။ ဒါလည်း မျိုးစပါးကို အဖွဲ့အစည်းတွေက ထောက်ပံ့ထားတယ်။ အခု စပါးပေါ်ခါနီးမှာ ထောက်ပံ့ကြေးရတော့ လယ်သမားတွေ အဆင်ပြေတာပေါ့"ဟု ထောက်ပံ့ကြေးရရှိသည့် ဒေသခံလယ်သမားတစ်ဦးက ပြောသည်။ သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးသီးနှံများ ပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ၄၀ မှ လယ်သမား ၈၅၇၅ ဦး၏ လယ်မြေ ၄၄၅၂၇ ဧကအတွက် တစ်ဧကလျှင် ကျပ် တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေ ကျပ် ၄၄၅၂၇၀၀၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါထောက်ပံ့ငွေများကို ကျေးရွာအုပ်စုအဆင့် ထောက်ပံ့ကြေးငွေပေးအပ်ရေး ကော်မတီက ကျေးရွာများသို့သွားရောက်ပြီး လယ်သမားများထံ လက်ဝယ်အရောက် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# ကျေးရွာကားလမ်းသစ် ဖွင့်ပွဲကျင်းပ

**မင်းတပ် မတ် ၂၈**

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ အသစ်ဖောက်လုပ်ခဲ့သော လမ်းဖြစ်သည့် မင်းတပ်မြို့မိုင် (၄၀) မှ အော်လောင်းပန်းရွာသို့ ကားလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

ကားလမ်းသစ်ကို မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း၊ မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတမ်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကားလမ်းသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၃၁ ဒသမ ၈ သန်းဖြင့် ဇလပ်နီကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပေးခဲ့သည့်အပြင် ကျေးရွာအတွင်းအထိရောက်အောင် လမ်းအရှည်တစ်မိုင်ကို ကုမ္ပဏီက မေတ္တာဖြင့် ဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ လမ်းသစ်ပြီးစီးသွားသဖြင့် အော်လောင်းပန်းကျေးရွာအပါအဝင် ဒေသတွင်းရှိ ကျေးရွာကိုးရွာမှ ပြည်သူ ၁၃၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေးကို များစွာလွယ်ကူချောမွေ့သွားစေကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**နတ်မောက်မြို့ရှိ စိတ်ဓာတ်ဖြူစင်ကရုဏာရှင်များ လူမှုကူညီရေး အသင်း၏ မြို့နယ်အတွင်း ရေလှူဒါန်းမှု လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇအေနာဂတ်အ လင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသော ကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စင်းကို အထက်မြန်မာပြည် ကမ္ဘောဇဘဏ်လီမိတက် တာဝန်ခံ ဦးတင်ထွန်းက အသင်းဥက္ကဋ္ဌ ဦးညဏ်ရှိန်ထံသို့ မတ် ၂၅ ရက်က ပေးအပ်လှူဒါန်းစဉ်။**

လှဝင်း(နတ်မောက်)



# စစ်ကိုင်းတိုင်းဒေသကြီးတွင် တီဘီလူနာများကို ပိုမိုရှာဖွေဖော်ထုတ်နိုင်ရန် လိုအပ်နေ

**စစ်ကိုင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကုသပေးခဲ့သော တီဘီလူနာအရေအတွက်မှာ ရှိသင့်သော ခန့်မှန်းတီဘီလူနာ အရေအတွက်ထက် နည်းနေသေးသဖြင့် တီဘီလူနာများကို ယခုထက်မက ရှာဖွေဖော်ထုတ်ပေးနိုင်ရန် လိုအပ်နေသေးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါကုဆရာဝန်ကြီး ဒေါက်တာညိမ်းညိမ်းအေးက ပြောကြားသည်။

မတ် ၂၄ ရက်က မုံရွာမြို့ သူနာပြုတက္ကသိုလ်ခန်းမတွင် ကျင်းပခဲ့သော ၂၀၁၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ "စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၆ ခုနှစ်က တီဘီဝေဒနာရှင် ၁၁၃၃၄ ဦးကို ဆေးကုသပေးနိုင်ခဲ့ပါတယ်။ အဲဒီအထဲမှာ ပိုးတွေ့တဲ့လူနာ ၃၁၆၃ ဦး ရှာဖွေကုသနိုင်ခဲ့ပါတယ်။ အခုအခါ ဆေးယဉ်ပါးတဲ့တီဘီရောဂါ ဖြစ်နေပြီး ကုသတာခံနေသူ ၁၆၀ ဦး ရှိနေပါတယ်။ ဆေးယဉ်ပါးတဲ့တီဘီဖြစ်ရင် ကုသစရိတ်မြင့်မားပြီး ဆေးကုသချိန်က လ ၂၀ အထိ ကြာမြင့်မှာဖြစ်ပါတယ်။ တခြားသူတွေကိုကူးရင်လည်း ဆေးယဉ်ပါးတီဘီသာဖြစ်ပွားပြီး အများပြည်သူထဲ ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ဖြစ်ပေါ်လာနိုင်ပါတယ်"ဟုလည်း ဒေါက်တာညိမ်းညိမ်းအေးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ကလည်း "တီဘီရောဂါကို ပျောက်တဲ့အထိကုသဖို့ အစွမ်းထက်ဆေးတွေရှိပေမယ့် တချို့တီဘီ ဝေဒနာရှင်တွေဟာ တီဘီရောဂါဖြစ်နေမှန်း မသိကြလို့ ကုသမှုမခံကြပါဘူး။ တီဘီရောဂါဖြစ်နေမှန်း သိပေမယ့်လည်း အကုခံဖို့ရှက်နေတာရှိသလို တီဘီဆေးတွေကို ပြီးအောင်မသောက်တာတွေကြောင့် ဆေးယဉ်ပါးတဲ့တီဘီရောဂါတွေ အဖြစ်များလာတာ တွေ့ရပါတယ်။ ခုခံအားကျရောဂါ၊ ဆီးချိုရောဂါတို့နဲ့ တီဘီရောဂါတို့ နီးနွယ်မှုများလာတာကြောင့် ကမ္ဘာမှာ တီဘီရောဂါဟာ ပြန်လည်ဦးမော့ခဲ့ပြီး အများပြည်သူရဲ့ အဓိကကျန်းမာရေးပြဿနာတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေတာဖြစ်ပါတယ်"ဟု တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မိန့်ခွန်းကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသံလွင်ထွန်းက ဖတ်ကြားခဲ့သည်။

တီဘီရောဂါသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ နီးပါးမှစ၍ လူသားများအပေါ် ကူးစက်ပြန့်ပွားခဲ့ခြင်းဖြစ်ပြီး တီဘီရောဂါပိုးကို ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့ချ်က ၁၈၈၂ ခု မတ် ၂၄ ရက်တွင် ပထမဆုံး စတင်တွေ့ရှိခဲ့၍ ဒေါက်တာရောဘတ်ကော့ချ်အား ဂုဏ်ပြုသည့်အနေဖြင့် ရောဂါပိုးရှာဖွေတွေ့ရှိသည့်နေ့ကို ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး အခမ်းအနားများကို ၁၉၉၆ ခုနှစ်မှစ၍ ယနေ့အထိ နှစ်စဉ်ကျင်းပကြကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဆိုလာမီးလင်းရေးစနစ် ရွှေ့ပြောင်းတပ်ဆင်ထားသည့်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**မြောက်ဦး မတ် ၂၈**

တစ်မျိုးသားလုံး လျှပ်စစ်မီးလင်းရေး စီမံကိန်း(NEP)အရ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆိုလာမီးလင်းရေးစနစ် တပ်ဆင်ရန်အတွက် ကျေးရွာအချို့တွင် တပ်ဆင်ထားသော Pilot Installation ဆောင်ရွက်ထားရှိသည့် အခြေအနေများကို Inspetion and Verification Agent (IVA) အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက မတ် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။




မြောက်ဦးမြို့နယ်အတွင်းရှိ ကန်စောက်ကျေးရွာ၊ အောက်သားကန်ကျေးရွာနှင့် ငမဲပြင်ကျေးရွာများ၌ တပ်ဆင်ထားသော Pilot Installation ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၏ အရည်အသွေးနှင့် တပ်ဆင်မှုနည်းစနစ်၊ ကျေးရွာများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ/မ ရှိတို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းနှင့် ဌာနမှဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာများတွင် NEP စီမံကိန်းအရ ဆိုလာများ Pilot Installation တပ်ဆင်ဆောင်ရွက်ထားမှုမှာ ကန်စောက်ကျေးရွာ အထက်တန်းကျောင်းတွင် ဝပ် ၄၈၀ ဆိုလာတစ်ခု၊ ကျေးရွာ ဘုန်းကြီးကျောင်းတွင် ဝပ် ၁၂၀ ဆိုလာတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနတွင် ဝပ် ၁၈၀ ဆိုလာ တစ်ခု၊ လမ်းမီးတိုင် တစ်ခု၊ အိမ်သုံး အသေးစားဆိုလာ ၁၀ ခု၊ အလတ်စားဆိုလာ ၁၀ ခု၊ အကြီးစား ၁၀ ခု၊ အောက်သားကန်ကျေးရွာ၌ အလယ်တန်းကျောင်းတွင် ဝပ် ၃၈၀ ဆိုလာတစ်ခုနှင့် ငမဲပြင်ကျေးရွာ မူလတန်းကျောင်းတွင် ဝပ် ၁၂၀ ဆိုလာတစ်ခု စုစုပေါင်း ဆိုလာ ယူနစ် ၃၆ ခု ဖြစ်သည်။

မြောက်ဦးမြို့နယ်တွင် NEP စီမံကိန်းဖြင့် မီးလင်းရေးဆောင်ရွက်မည့် ကျေးရွာ ၃၇ ရွာ၌လည်း ဆိုလာပြားများကို စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံး တပ်ဆင်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# လားရှိုးမြို့၌ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် သုံးရက်ကြာကျင်းပ

**လားရှိုး မတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာ စွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေး၏ပျော်ရွှင်မှုကိုဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို လားရှိုးမြို့ မြို့တော်ခန်းမ၌ မတ် ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။



ကလေးစာပေပွဲတော်တွင် ကလေးများအတွက် ကလေးကဗျာများ ရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အိမ်ဆောက်လုပ်နည်းပြိုင်ပွဲများ၊ Team Building Game ပြိုင်ပွဲ စသည့် ပြိုင်ပွဲများကို အဆင့်အလိုက် ကျင်းပပေးကာ ဆုရရှိသောကလေးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

ထို့အပြင် ကလေးစာပေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ကျင်းပပြီး စာရေးဆရာများက စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောပေးခဲ့ကြသည်။ လားရှိုးမြို့နှင့် မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များကလည်း ကလေးများအတွက် ပုံပြင်စာအုပ်များ၊ ဆေးရောင်ခြယ်စာအုပ်များ အပါအဝင် သုတရသစာအုပ်များကို ခင်းကျင်းပြသရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# တရားမဝင်သစ်များ သယ်ဆောင်လာသူနှစ်ဦး ဖမ်းဆီးရမိ

**ကောလင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းမပေါ်တွင် တရားမဝင်သစ်များ သယ်ဆောင်လာသောယာဉ်တစ်စီးကို မတ် ၂၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ တရားမဝင်သစ်သတင်းအရ ခန်သာရဲကင်းစခန်းမှူး ရဲအုပ်စိုးသိန်းအောင်နှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ကျောက်တန်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်တွင် စောင့်ဆိုင်းနေစဉ် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းအတိုင်း ယာဉ်မောင်း သောင်းကြည် မောင်းနှင်ပြီး ယာဉ်နောက်လိုက် စိုးနိုင်လိုက်ပါလာသော ခြောက်ဘီးကားပေါ်မှ ကျွန်းခွဲသား ၁၇၁ ချောင်း(အလေးချိန် ၁ ဒသမ ၆၈၇၅ တန်)ကို ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ သယ်ဆောင်လာသည်ကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ တရားမဝင်သစ်များ သယ်ဆောင်လာသူ သောင်းကြည်နှင့် စိုးနိုင်တို့အား ကောလင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုကိုညိမ်း(ကောလင်း)**

## မှုခင်းသတင်းတိုများ

### ရေပူစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဌာနဆိုင်ရာ ၁၂ ခုမှ တာဝန်ကျဝန်ထမ်းများ ပူးပေါင်း၍ ဖြတ်သန်းသွားလာသောယာဉ်များအား စစ်ဆေးလျက်ရှိရာ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖမ်းဆီးရမိလျက်ရှိကြောင်း သိရသည်။ မတ် ၂၆ ရက်တွင် မူဆယ်မှ မန္တလေးသို့လာသော ယာဉ်များပေါ်မှ အကောက်ခွန်မဲ့သယ်ဆောင်လာသော ဘက်ထရီများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်များကို ဖမ်းဆီးရမိခဲ့ပြီး မန္တလေးမှ မူဆယ်သို့သွားသည့် ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား မပါရှိသော ကျွဲ ရှစ်ကောင်၊ နွား နှစ်ကောင်တို့ကို ဖမ်းမိတားဆီးနိုင်ခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တန်ဖိုးစိစစ်ပြီး လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။
**ချစ်လှ(ပြန်/ဆက်)**

### ဆိုင်ကယ်နှင့် ကားတိုက်၍ လူတစ်ဦးသေဆုံး

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ရေး-မော်လမြိုင် ကားလမ်းပေါ်တွင် မတ် ၂၆ ရက် ညနေ ၆ နာရီခန့်က ဟိုင်းလက်စ်ကားနှင့် ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်စီးသူသေဆုံးမှုဖြစ်ပွားခဲ့သည်။ မော်လမြိုင်ဘက်မှ ရေးမြို့ဘက်သို့ ယာဉ်မောင်းကျော်မင်းထက် မောင်းနှင်လာသည့် ဟိုင်းလက်စ်ယာဉ်က ရှေ့တွင်မောင်းနှင်နေသော ဆိုင်ကယ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်၏နောက်ပိုင်းကို ဝင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ မျိုးလွင်မှာ ဒဏ်ရာများရရှိပြီး လမိုင်း ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသနေစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဟိုင်းလက်စ်ယာဉ်မောင်း ကျော်မင်းထက်အား လမိုင်းနယ်မြေရဲစခန်းယာဉ် ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**

### မသင်္ကာသူများအား စစ်ဆေးရာမှ ဆိုင်ကယ် ၁၁ စီးခိုးမှု ပေါ်ပေါက်

ဘားအံမြို့၌ ဆိုင်ကယ်ခိုးမှုမသင်္ကာ၍ ခေါ်ယူစစ်ဆေးနေသူ သုံးဦးအား စစ်ဆေးဖော်ထုတ်ရာမှ ဆိုင်ကယ် ၁၁ စီး ခိုးယူထားမှုများကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ ဘားအံမြို့မရဲစခန်း၌ မတ် ၁၈ ရက်က ဖမ်းမိထားသော ဆိုင်ကယ်ခိုးမှု မသင်္ကာသူသုံးဦးဖြစ်သည့် ကောင်းလင်းထွန်း(၁၈ နှစ်)၊ စိုင်းလင်းအောင်(၂၄ နှစ်)နှင့် ငထွန်း (ခ)ထွန်းထွန်း(၂၃နှစ်)တို့အား စစ်ဆေးခဲ့ရာမှ ၄င်းတို့ခိုးယူထားသော ဆိုင်ကယ် ၁၁ စီးကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ၄င်းတို့သုံးဦးအား ဘားအံမြို့မရဲစခန်း၌ ခိုးမှု ၁၁ မှုဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### ရေးမြို့၌ မူးယစ်ဆေးပြားများသိမ်းဆည်းရမိ

မွန်ပြည်နယ် ရေးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ မတ် ၂၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ရေးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သီရိခေမာရပ်ကွက် ကျုံးပတ်လမ်း နဂါးဘုရားရှေ့တွင် ကိုဖြိုး(ခေါ်)ဖြိုးအောင်၊ ညီညီ(ခေါ်)စိုးမင်းကျော်နှင့် ဇော်မင်းတို့ သုံးဦးအား သွားရောက်ဖမ်းဆီးပြီး ရှာဖွေစစ်ဆေးရာ ၄င်းတို့ထံမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၁၇ ပြားနှင့်အတူ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းမိသူ ကိုဖြိုး(ခေါ်)ဖြိုးအောင်၊ ညီညီ(ခေါ်)စိုးမင်းကျော်နှင့် ဇော်မင်းတို့ သုံးဦးအား ရေးမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**

### ရောင်းချရန်မောင်းလာသည့် လိုင်စင်မဲ့ကားများ အင်းတော်မြို့တွင် ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကြာအင်း၊ စင်းဟောက်ကျေးရွာအနီး မန္တလေး-မြစ်ကြီးနား ၊လမ်းမကြီးပေါ်၌ မြစ်ကြီးနားဘက်သို့ မောင်းလာသော လိုင်စင်မဲ့ကားသုံးစီးကို မတ် ၂၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အင်းတော်မြို့မရဲစခန်းမှ ရဲအုပ်သန်းထွန်းလှိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက နန့်ခင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့နှင့်အတူ လှည့်ကင်းဆောင်ရွက်စဉ် မန္တလေးမှ မြစ်ကြီးနားဘက်သို့ တင်မောင်ဝင်း(ခ)ဆလင်း (၄၆ နှစ်)၊ ပြည့်ဖြိုးအောင်(ခ)ကိုဖြိုး(၁၆ နှစ်)နှင့် ကျော်သူ(ခ)တော်ဖစ် (၃၂ နှစ်)တို့ မောင်းနှင်လာသည့် ကလူဂါ အနက်ရောင်၊ ကလူဂါခဲရောင်နှင့် ကရောင်းခဲရောင် လိုင်စင်မဲ့ကားသုံးစီးကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးရမိသူများအား စစ်ဆေးချက်အရ အဆိုပါယာဉ်သုံးစီးကို မြစ်ကြီးနားမြို့တွင်ရောင်းချရန် မောင်းနှင်လာခြင်းဖြစ်ကြောင်း သိရသဖြင့် ပို့ကုန်သွင်းကုန်ဥပဒေအရ အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

### တရားမဝင် သစ်ထုတ်လုပ်နေသူများ ဖမ်းဆီးရမိ

ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ တရားမဝင် သစ်ထုတ်လုပ်နေသူများအား သက်သေခံ သစ်များနှင့်အတူ မတ် ၂၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ပခုက္ကူမြို့မရဲစခန်းမှသိရသည်။ ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက် ငုရွှေဝါလမ်းနေ ဦးကျော်ညွှန့်၏နေအိမ်တွင် တရားမဝင်သစ်များ ရောက်ရှိနေကြောင်း သတင်းအရ ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မောင်ဆွေနှင့် ပခုက္ကူမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်စိုးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က မတ် ၂၆ ရက် နံနက် ၁ နာရီက ဝင်ရောက်ရှာဖွေခဲ့ရာ ဦးကျော်ညွှန့်၏နေအိမ်တွင် ငှားရမ်းနေထိုင်သော ညီညီဝင်း၊ ဌေးဝင်း၊ မြတ်ထွန်းလင်း၊ မင်းသက်နိုင်၊ နိုင်မိုး၊ ပြည့်စုံကျော်၊ အောင်မောင်းနှင့် အောင်ဇော်ထွန်းတို့အား တွေ့ရှိရပြီး နေအိမ်ဝိုင်းအတွင်းမှ တရားမဝင်ကျွန်းခွဲသား ၃၆၁ ချောင်း၊ ပိတောက်ခွဲသား ၃၀၆ ချောင်း၊ တမလန်းခွဲသား ၁၄ ချောင်း(စုစုပေါင်းအလေးချိန် ၅ ဒသမ ၃၇၆၈ တန်)ကို သစ်ထုတ်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ညီညီဝင်းပါ ရှစ်ဦးအား ပခုက္ကူမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# ချင်းတောင်တန်းတပ်ရင်းအောက်ရှိ ဟွာလ်ငိုတပ်ခွဲ ရာပြည့်ကျောက်တိုင်စိုက်ထူ

**ရိခေါဒါရ် မတ် ၂၈**

ချင်းပြည်နယ် ဖလမ်းမြို့၌ ၁၈၉၄ ခုနှစ်က စတင်ဖွဲ့စည်းထားသည့် ချင်းတောင်တန်းတပ်ရင်း(Chin Hills Batailion) အောက်တွင် ၁၉၁၇ ခုနှစ် မတ် ၂၀ ရက်က ဖွဲ့စည်းထူထောင်ခဲ့သော ဟွာလ်ငိုတပ်ခွဲ (Hualngo Company)၏ ရာပြည့်ကျောက်တိုင် စိုက်ထူဖွင့်လှစ်ပွဲနှင့် ဟွာလ်ငိုကုသ်ပွီးပွဲတော်ကို ဟွာလ်ငိုစာပေနှင့် ယဉ်ကျေးမှုအသင်း၏ စီစဉ်ဦးဆောင်မှုဖြင့် မတ် ၂၀ ရက်က ရိခေါဒါရ်မြို့ရိဒ်ရေကန် ရေချိုးဆိပ်ကမ်း ကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။




ကျောက်တိုင်ဖွင့်ပွဲတွင် ဟွာလ်ငိုတပ်ခွဲ ရာပြည့်ကျောက်တိုင်ကို ရိခေါဒါရ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထွန်း၊ ဟွာလ်ငိုစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခေါ်သွလာလ်နှင့် Muchhip Fund Group မှ ဦးလျန်ဇိုးအာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရာပြည့်ကျောက်တိုင်ပေါ်တွင် ရေးသားထားသည့် မော်ကွန်းစာကို ဦးဇိုလျန်နာက မြန်မာ၊ အင်္ဂလိပ်၊ ချင်း ဘာသာများဖြင့် ဖတ်ကြားသည်။

ထို့နောက်တာဝန်ရှိသူများနှင့် မြို့မိမြို့ဖ ၂၀ တို့က ရာပြည့် အထိမ်းအမှတ်အဖြစ် ကြေးစည်မောင်းကို အကြိမ် ၁၀၀ တီးခတ်ပြီး ရိ-လဲင်တန်လူငယ် မိတ်သဟာယအသင်း (Rih-Lentlang Youth Association-RLYA)မှ လူငယ်များက ရိုးရာယဉ်ကျေးမှုအကဖြစ်သည့် ဝါးညှပ်အကနှင့် ခွဲငှားလ် အကများဖြင့် ဖျော်ဖြေတင်ဆက် ကပြကြသည်။

ညနေပိုင်းတွင် ရာပြည့်အထိမ်းအမှတ် ဝတ်ပြုခြင်းအခမ်းအနားကို ဇီဝဲဂေလိ မက်သဒစ်အသင်းတော် ဘုရားကျောင်းတွင် ဆက်လက်ကျင်းပပြီး ဟွာလ်ငိုစာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးလာလ်ဇျက်ထန်းငါက ဟွာလ်ငိုတပ်ခွဲ စတင်ဖွဲ့စည်းပုံနှင့် တပ်ခွဲ အကြောင်းကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

**ချင်းတွင်းသား**

# ရေပြတ်လပ်သောကျေးရွာသို့ သောက်သုံးရေများ လှူဒါန်း

**မြစ်သား မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ မယ်ညိုကျေးရွာ၌ သောက်သုံးရေပြတ်လပ်နေသဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ရေကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ သောက်သုံးရေများကို မတ် ၂၆ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

မယ်ညိုကျေးရွာသည် ပြီးခဲ့သည့်နှစ်က နွေရာသီတွင် ဖေဖော်ဝါရီလအတွင်းမှစတင်၍ ရေပြတ်လပ်ခဲ့သော်လည်း ယခုနှစ်တွင် မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ပေ ၁၀၀ ပတ်လည် ရေကန်တစ်ကန် တူးဖော်ထားခဲ့ခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ရန်ပုံငွေဖြင့် ဂါလန်ငါးထောင်ဆံ့ ရေကန်တစ်ကန်တည်ဆောက်ထားခြင်းတို့ကြောင့် ယခုအချိန်တွင် ရေလုံးဝပြတ်သွားခြင်း မရှိသေးကြောင်း၊ သို့သော် ကန်ရေမှာနည်းလာကာ အနည်များပါရှိလာ၍ သောက်သုံးရာတွင် ခက်ခဲလာသောကြောင့် ဒေသခံပြည်သူများအတွက် ရေများသွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရေများသွားရောက်လှူဒါန်းရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန၊ မြို့နယ် ရေကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များက ကမ္ဘောဇဖောင်ဒေးရှင်းမှ လှူဒါန်းထားသော ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြို့နယ်ကော်မရှင်များ တွေ့ဆုံ

**ညောင်လေးပင် မတ် ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးထွန်းခင်နှင့်အဖွဲ့သည် အမျိုးသားလွှတ်တော် အမှတ်(၄)မဲဆန္ဒနယ်တွင်ပါဝင်သော ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား မတ် ၂၆ ရက်က လာရောက်တွေ့ဆုံ၍ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကြားဖြတ်ရွေးကောက်ပွဲတွင် ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအနေဖြင့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန်၊ ပြည်သူများအား အိမ်တိုင်ရာရောက် သက်သေခံမဲလက်မှတ်များ ရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်နှင့် ပါတီများ ပြည်သူများက သံသယမဖြစ်အောင် ရိုးရှင်းစွာပြောဆိုနေထိုင်၍ ဥပဒေနှင့်အညီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ပဲနွယ်ကုန်းမြို့သံမဏိရပ်ကွက်နှင့် ခင်ကြီးစံပြကျေးရွာအုပ်စု၊ ညောင်လေးပင် မြို့မ(၁) နှင့် မြို့မ(၂)ရပ်ကွက်တို့တွင် မဲစာရင်းကပ်ထားကြေညာမှုနှင့် သက်သေခံမဲလက်မှတ်များ ထုတ်ပေးနေမှုတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစ်သားမြို့၌ အထူးကုဆရာဝန်ကြီးများက အခမဲ့ ဆေးဝါးကုသပေး

**မြစ်သား မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ရှိ မြလှမြင့် စေတနာ ကျန်းမာရေးဖောင်ဒေးရှင်းဆေးရုံ၏ ခြောက်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အထူးကုဆရာဝန်ကြီးများက အဆိုပါဆေးရုံ၌ မတ် ၂၇ ရက်က အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ လူနာ ၃၀၀ ကျော်အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသပေးရာတွင် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဦးအေးဖေ၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသက်ဆွေ၊ အထွေထွေရောဂါအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်ဝင်းမေသိန်း၊ ဒေါက်တာမာမာအေး၊ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာစန္ဒာ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာချိုချိုသန်းနှင့် အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာဌေးအောင်တို့က ကုသပေးခဲ့ခြင်းဖြစ်ပြီး မြလှမြင့်ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆေးရုံဝန်ထမ်းများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကိုကို၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

မြလှမြင့် စေတနာ ကျန်းမာရေးဖောင်ဒေးရှင်းဆေးရုံကို အများပြည်သူ ကျန်းမာရေးစောင့်ရှောက်ပေးရန်အတွက် ဆရာမကြီး ဒေါ်မြနှင့် မိသားစုဝင်များက ဘိုးဘွားပိုင်မြေ၊ အဆောက်အအုံနှင့် ဆေးပဒေသာပင် ကျပ် ၂၀၈ သိန်းကို ထာဝရကုသိုလ်အဖြစ် လှူဒါန်းမှုဖြင့် ၂၀၁၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် ကမ္ဘောဇဘဏ်က အတွင်းလူနာဆောင်၊ နန်းဇင်ယော်မှ သားဖွားနှင့်ခွဲစိတ်ဆောင် စသည့် အဆောက်အအုံများကို ထပ်မံလှူဒါန်းထားသည်။

ဆေးရုံတွင် လူမျိုးဘာသာမရွေး ပြည်သူများအား သက်သာသောနှုန်းထားဖြင့် ကုသပေးကာ သံဃာတော်၊ သီလရှင်များ၊ သက်ကြီးရွယ်အိုများ၊ ပရဟိတကျောင်းမှ မိဘမဲ့ကျောင်းသားများ၊ အမှန်တကယ် ငွေကြေးနွမ်းပါးသူများနှင့် အငြိမ်းစားဆရာ၊ ဆရာမများအား အခမဲ့ကုသပေးလျက်ရှိကြောင်း မြလှမြင့် ဆေးရုံကော်မတီ တာဝန်ရှိသူထံမှ သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့က ကြီးမှူး၍ ကျန်းမာရေးဟောပြောပွဲ မန္တလေး၌ကျင်းပ

**မန္တလေး မတ် ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ (SGED)က ကြီးမှူး၍ သက်ကြီးဆရာဝန်များအတွက် ကျန်းမာရေးဟောပြောဆွေးနွေးပွဲကို Move more for Better Health ခေါင်းစဉ်ဖြင့် မတ် ၂၇ ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း နာယကကြီးများဖြစ်သည့် သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကြူကြူဆွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာသန်းဝင်း၊ ပါမောက္ခဒေါက်တာကိုကိုလေး၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်နှင့် သက်ကြီးဆရာဝန်ကြီးများ၊ ပြင်ပလူပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဒေါက်တာရဲမင်းက Move more for Better Health ခေါင်းစဉ်ဖြင့် ကျန်းမာရေးဆိုင်ရာများ ဆွေးနွေးဟောပြောကာ ဆရာဝန်ကြီးများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**




# ဓာတ်ငွေ့ပိုက်လိုင်းကြောင့် နစ်နာသူတောင်သူများအား သီးနှံလျော်ကြေးပေးအပ်

**သထုံ မတ် ၂၈**

အရှည် ၂၉၇ မိုင်ရှိ ကံပေါက်-မြိုင်ကလေး-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ မွန်ပြည်နယ် သထုံမြို့နယ်အတွင်းအပိုင်းဖြစ်သည့် ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ၅ မိုင် ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် နစ်နာခဲ့သူ ပဲတီစိမ်းစိုက်တောင်သူများအတွက် သီးနှံလျော်ကြေးငွေများပေးအပ်ပွဲကို ကတိုက်ကလေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။



သီးနှံလျော်ကြေးငွေပေးအပ်ပွဲတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က လျော်ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဦးမျိုးမြင့်က နစ်နာသူတောင်သူများဖြစ်သော ကတိုက်ကလေး၊ ခနကတိုက်နှင့် တောကြီးကျေးရွာအုပ်စုများမှ ပဲတီစိမ်းစိုက် တောင်သူ ၂၈ ဦးအတွက် တစ်ဧကလျှင် ပဲတင်း ၂၀ နှုန်း၊ တစ်တင်းလျှင် ကျပ်လေးသောင်းနှုန်းဖြင့် သီးနှံလျော်ကြေးငွေ စုစုပေါင်း ကျပ် ၁၂၉ သိန်းနီးပါးကို ပေးအပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် ထိခိုက်မှုရှိနိုင်သည့် အခြားကျေးရွာများအတွက်လည်း လုပ်ငန်းများဆောင်ရွက်လျှင် သီးနှံလျော်ကြေးငွေများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သီးနှံလျော်ကြေးငွေများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပဲတီစိမ်းစိုက်တောင်သူများထံသို့ လက်ရောက်ပေးအပ်ခဲ့သည်။ ယခု သီးနှံလျော်ကြေးပေးရာတွင် သတ်မှတ်ပေးချေသည့်နှုန်းထားသည် တောင်သူများအတွက် မနစ်နာဘဲ တန်ရာတန်ကြေးအတိုင်း သတ်မှတ်ပေးလျော်ခြင်းဖြစ်ကြောင်း လျော်ကြေးရရှိသည့်တောင်သူအချို့ထံမှ သိရသည်။

**ခွန်(ဝင်းပ)**

# ရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**တောင်ငူ မတ် ၂၈**

နွေရာသီ၌ ရေရှားပါးပြတ်လပ်သော တောင်ငူမြို့နယ်မှ ကျေးရွာအုပ်စုခြောက်အုပ်စု ကျေးရွာပေါင်း ၁၃ ရွာအား တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများသည် မတ် ၂၇ ရက်က မဟာမေတ္တာဖောင်ဒေးရှင်းပိုင် ဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့်သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ်အတွင်းမှ ရေရှားပါးသော ဆိတ်ဖူးတောင်ကျေးရွာအုပ်စု လေးမိုင်၊ငါးမိုင်နှင့် စပါးလင်ကုန်းရွာ ကျောက်တိုင်ကျေးရွာအုပ်စု၊ ခြောက်မိုင် ဒိုးတောင်ကျေးရွာအုပ်စု၊ သဲဖြူရွာ၊ နဂါး မောက်ကျေးရွာအုပ်စု ရေအိုးစင်ရွာများသည်



နှစ်စဉ်နွေရာသီသို့ရောက်တိုင်း ရေများခန်းခြောက်နေကြောင်း၊ အဆိုပါ ကျေးရွာများတွင် တောင်ပေါ်ဒေသရှိ ကျေးရွာများဖြစ်၍ စက်ရေတွင်းတူးဖော်ပါက ကျောက်အလွှာများကို ပေသုံးရာကျော်ခန့် ကျောက်ဖောက်စက်ဖြင့် တူးဖော်၍သာ ရရှိနိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ် များပြားခြင်းကြောင့် ကျေးလက်နေပြည်သူများ မတတ်နိုင်ကြဘဲ လက်နှိပ်တုံကင်တွင်းများ၊ လက်တူးတွင်းကျယ်များ၊ စမ်းချောင်းရေများကိုသာ အသုံးပြုနေရ၍နှစ်စဉ် နွေရာသီရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ငုဝါထွေးက ပြောသည်။

"ယခုလိုသောက်သုံးရေများရှားပါးပြတ်လပ်နေတဲ့ ကျွန်တော်တို့တောင်ပေါ်ဒေသကကျေးရွာတွေကို ရေသယ်ယာဉ်တွေနဲ့သောက်သုံးရေတွေ လာရောက်လှူဒါန်းပေးလို့ အတိုင်းမသိဝမ်းသာမိပါတယ်" ဟုဆိတ်ဖူးတောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသူရိန်က ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

# ပြင်ဦးလွင် ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်း၌ ငွေရတုအကြိုအခမ်းအနားကျင်းပ

**ပြင်ဦးလွင် မတ် ၂၈**

ပြင်ဦးလွင်မြို့ရှိ ဆရာတော်ဦးဥေယျ (မျက်မမြင်) ဦးစီးတည်ထောင်ဖွင့်လှစ်ထားသည့် ပရဟိတမျက်မမြင် ဘက်စုံပညာသင်ကျောင်း၏ (၂၄)နှစ်ပြည့် ငွေရတုအကြို မျက်မမြင်ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲများနှင့် ပညာရည်ချွန်ဆု ပေးပွဲအခမ်းအနားကို မတ် ၂၆ ရက်က မဟာအံ့ထူးကံသာ (ပြည်ချစ်)ဘုရားကြီး၏ ခြေတော်ရင်းရှိအဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မျက်မမြင်ကျောင်းသားကျောင်းသူများအား ဘာသာရေးဆိုင်ရာပြိုင်ပွဲများ၊ စစ်တုရင်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဗုံတောက်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်း၊ သံချပ်၊ စကားရည်လုပွဲများ ကျင်းပပေးခဲ့ကြောင်းသိရပြီး မျက်မမြင်ဘက်စုံ ပညာသင်ကျောင်းကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ကာ ယခုအချိန်တွင် အနယ်နယ်အရပ်ရပ်မှ မျက်မမြင်တိုင်းရင်းသား ပေါင်းစုံ ၁၃၅ ဦး ကျော်ရှိကြောင်း၊ အဆိုပါ ကျောင်းသားကျောင်းသူများအား အတန်းပညာ၊ ဗေဒင်နက္ခတ်ပညာ၊ ဝါး၊ ကြိမ်စသည့် လက်မှုပညာ၊ ဂီတအနုပညာ၊ လက်နှိပ်အကြောပြင်(ဂျပန်-မြန်မာ) စသည့် ပညာရပ်များကိုသင်ကြားပို့ချ ပေးလျက်ရှိကြောင်း သိရသည်။ပြင်ဦးလွင် မျက်မမြင်ကျောင်းမှ ယနေ့အချိန်ထိ မျက်မမြင်ဘွဲ့ရကျောင်းသားကျောင်းသူ နှစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများကို မွေးထုတ်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ မျက်မမြင် အသက်ငါးနှစ်မှ ၂၅ နှစ်အတွင်းရှိသူများကို လက်ခံသင်ကြားပေးလျက်ရှိပြီး မျက် မမြင်ကလေးများရှိပါက လာရောက် အပ်နှံပညာသင်ကြားနိုင်ရန် ဖိတ်ခေါ် လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ၂၀၁၇ခုနှစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲဖွင့်

**ရန်ကုန် မတ် ၂၈**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ လက်ရွေးစင်သရုပ်ပြအဖွဲ့က မြန်မာ့သိုင်းပညာစွမ်းရည်များ သရုပ်ပြသခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးအစား (အမျိုးသား) ဗန်တိုအတိုက်ခြောက်တန်း၊ (အမျိုးသမီး)ဗန်တိုအတိုက်သုံးတန်းနှင့် (အမျိုးသား) သက်ငယ်တန်း ဗန်တိုအတိုက်နှစ်တန်း စုစုပေါင်း ပြိုင်ပွဲဝင် အသင်း ၁၇ သင်း၊ အားကစားနှင့် အသင်းအုပ်ချုပ်သူ ၁၄၂ ဦးဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီးပြိုင်ပွဲကို မတ် ၃၀ရက်အထိ ကျင်းပမည်ဖြစ်၍ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မေသုခ**



# သီပေါမြို့ ဗိုလ်ချုပ်လမ်းဘေးအုတ်ရေမြောင်းတည်ဆောက်ပြီးစီး

**သီပေါ မတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ငွေလုံးငွေရင်း လုပ်ငန်းများအနက် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး ဗိုလ်ချုပ်လမ်းဘေး အုတ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက် ပြီးစီးနေမှုကို မတ် ၂၅ ရက်က တွေ့ရသည်။

မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အနေဖြင့် စည်းကြပ်ခွန်အမျိုးမျိုးမှ ကောက်ခံရရှိသည့် အခွန်ငွေများထဲမှ ဘဏ္ဍာနှစ်အလိုက် မြို့ပြသန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်းတံတားများ ဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများကို ဦးစားပေး အဆင့်ရန်ပုံငွေများခွဲဝေပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ပြောသည်။

ယခု တည်ဆောက်ပြီးစီးသော ဗိုလ်ချုပ်လမ်း အုတ်ရေမြောင်းမှာ အရှည် ၃၁၅ ပေ၊ အနက်နှစ်ပေခြောက်လက်မ၊ အကျယ်နှစ်ပေရှိ အုတ်ရေမြောင်းဖြစ်ပြီး ဖြည့်စွက်ငွေလုံးငွေရင်းမှ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းကပြောသည်။

**စိုင်း(သီပေါ)**

ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုစာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် မတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် မကျေးဥ၏ **"မေတ္တာမိုးရေနှင့် အခြားဝတ္ထုတိုများ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် သားသမီးများအပေါ်ထားရှိသော မိဘတို့၏မေတ္တာတရားများနှင့် ပတ်သက်ပြီး ပုံစံမတူသော အကြောင်းအရာများဖြင့် ဝတ္ထုတိုများဖွဲ့ကာ ရေးသားထားခြင်းဖြစ်သည်။ ဝတ္ထုတိုပုဒ်ရေ ၁၄ ပုဒ်ပါဝင်သည်။ **"အမှန်အားဖြင့် မေတ္တာဟူသည် ပေးသူဘက်၌ အကန့်အသတ်မရှိ။ ခံယူသူဘက်၌သာ အကန့်အသတ်ရှိသည်။ မိုးရေခံယူသကဲ့သို့ အိုးနှင့်ခံလျှင် အိုး၊ ခွက်နှင့်ခံလျှင် ခွက်အပြည့်ရ၏"** ဟူသော မေတ္တာမိုးရေဝတ္ထုမှ စာသားအဖွဲ့ကဲ့သို့ မေတ္တာမိုးရေ၏ အဓိပ္ပာယ်ကိုဖွင့်ဆိုကာ ရသစာပေကို ဖတ်ရှုခံစားလိုသူ စာဖတ်ပရိသတ်အတွက် အကြိုက်တွေ့စေမည့် ဝတ္ထုတိုများဖြစ်သည်။

ရောင်းဈေးငွေကျပ် ၁၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) ၊သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၄၁၄၆၈၁ ၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်၊ ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဆိုင်ဌာန ဖုန်း ၀၁-၂၄၉၀၃၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဆင်း

**ရန်ကုန် မတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သည့် ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်း အမှတ်စဉ်(၂၈)နှင့် ပစ္စည်းထိန်းသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲကို မတ်လတတိယပတ်က ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင်နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးတက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် မတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အရှေ့ဘက်ခြမ်းပေါင်းလောင်းရေသောက်ဒေသတွင်းရှိ ပင်သောင်ကျေးရွာအုပ်စု အခြေပြုကျေးရွာပေါင်း ၃၀ တို့မှ ဒေသခံတောင်သူများနှင့်တွေ့ဆုံ ဆွေးနွေးကွင်းဆင်းမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်နှင့် စိုက်ပျိုးရေးဆိုင်ရာရင်းနှီးနွယ်ဆက်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက မတ် ၂၆ ရက်က အေလာကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် အမြဲတမ်းအတွင်းဝန်က အစိုးရသစ်လက်ထက်တွင် လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်တင်လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် ယခုလိုတွေ့ဆုံရခြင်းဖြစ်ကြောင်း၊ နှစ်ရှည်သီးနှံများအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်း လေ့ကျင့်ပျိုးထောင်ပေးရန် ဆွေးနွေးမှာကြားခဲ့သည်။ **ကိုပေါက်(ဥက္ကာမြေ)**

# အဆင့်မြင့်စက်ချုပ်နှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်းဆင်း

**မုဒုံ မတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၃)နှင့် မွန်းရိုးရာ လက်ရက်ကန်း သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲကို မတ် ၂၄ ရက်က သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၃၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူလေးဦးနှင့် မွန်ရိုးရာလက်ရက်ကန်း သင်တန်းသူ ၅၈ ဦးတို့ကို တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းဆင်းပွဲနေ့တွင် ကိုယ်တိုင်ပြုလုပ်ထားသည့် ကျောက်ကျောမုန့်မျိုးစုံ၊ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ပြသနိုင်ခဲ့ပြီး အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်လိုသူများအတွက်လည်း စက်ရုံနှင့်ချိတ်ဆက်၍ အလုပ်ရရှိရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မုဒုံ-မောင်မောင်**

# ရိခေါဒါရ်မြို့အပြင် ကျေးလက်ဒေသအရောက် နယ်လှည့်အခမဲ့ဆေးကုသပေး

**ရိခေါဒါရ် မတ် ၂၈**

ချင်းပြည်နယ် ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ဦးဆောင်မှုဖြင့် ရိခေါဒါရ်မြို့အပါအဝင် အခြားသောကျေးလက်ဒေသများသို့ နယ်လှည့်အခမဲ့ဆေးကုသပေးခြင်းကို မတ်လနောက်ဆုံးပတ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါနယ်လှည့်အခမဲ့ဆေးကုသပေးရာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ မင်းဇော်အေးတို့နှင့်အတူ အထွေထွေရောဂါအထူးကု ဆရာဝန်သုံးဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမ ငါးဦးတို့လိုက်ပါ၍ ရိခေါဒါရ်တိုက်နယ်ဆရာဝန် ဒေါက်တာ စိုးသီဟနှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့သည် အရိုး၊ ခွဲစိတ်၊ ကလေးသူငယ်ဆိုင်ရာများ၊ သွားဘက်ဆိုင်ရာများနှင့် အထွေထွေရောဂါကုသရေးလုပ်ငန်းများကို အခမဲ့ကုသဆောင်ရွက်ပေးရာ ရိခေါဒါရ်မြို့နှင့် အနီးပတ်ဝန်းကျင်ရှိလူနာ ၁၆၆ဦးတို့အား အခမဲ့ ဆေးကုသပေးကြောင်း သိရသည်။

"ကျွန်တော်တို့ ရိခေါဒါရ်မြို့မှာဆိုရင် ကျန်းမာရေးကိစ္စနဲ့ပတ်သက်လို့ တိုက်နယ်ဆေးရုံအဆင့်ရှိပြီး တာဝန်ခံဆရာဝန်တစ်ဦးနဲ့ လက်ထောက်ဆရာဝန်တစ်ဦးရှိတာ တော်တော်အားကိုးရပါတယ်။ တိုက်နယ်ဆေးရုံမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေက အားကြိုးမာန်တက်ဆောင်ရွက်ပေမယ့် ပစ္စည်းကိရိယာမပြည့်စုံတာ၊ ရောဂါအလိုက် ဆေးဝါးတွေ မပြည့်စုံတာတို့ရှိပါတယ်။ အခုလို ဆရာဝန်ကြီးတွေကိုယ်တိုင် ကျွန်တော်တို့ဒေသအရောက် ဆေးဝါးအခမဲ့ကုသပေးတော့ အဆင်လည်းပြေတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့သည် ရိခေါဒါရ်မြို့အပြင် ဖလမ်းမြို့နယ် သီးဘွာလ်ကျေးရွာနှင့် စတောမ်ကျေးရွာများသို့လည်း အခမဲ့ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးတားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနိုးဆွစေသောဆေးဝါးများအားမိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်းသတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့်အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသောဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါကအနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**


### သခင်းငွေနှင့်ရောင်းရင်းများ မှ မဟာသင်္ကြန်ခရီးစဉ်များ

April 7,12,17,21,28 ထွက်မည် | ကျိုက်ထီးရိုး/ ချောင်းသာ–သင်္ကြန်တွင်း(နေ့စဉ်)

- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် (၅)ရက်။
- မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်(၇)ရက်။
- မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊(ကျိုက်ထီးရိုး) ပါ (၂/၃)ရက်။
- ရွှေစက်တော်(၂)ညအိပ်၊ မကွေး၊ မင်းဘူး၊ ပြည်ဘုရားစုံ (၄)ရက်။
- ရွှေစက်တော်၊ ပုဂံ–ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၅)ရက်။
- ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘိုတောင် (၅)ရက်။
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ထမ့်စမ်း (၈)ရက်။
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်(၈)ရက်။
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ တောင်ကြီး၊ အင်းလေး (၁၁)ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း (၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
- ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်စဲ(၅)ရက်။ မြိတ်ပါ(၆)ရက်

တောင်ကြီး အဆင့်မြင့်ဆိုးပို Hotel Package 180000 (12-4-17)

မန္တလေး၊ မိုးကုတ်၊ ဇလုံတောင် အင်းတော်ကြီး၊ မြစ်ကြီးနား၊ မြစ်ဆုံ ရွှေဘို၊ စစ်ကိုင်း (၁၀)ရက်ခရီး

ရွှေစက်တော်၊ ရခိုင်–မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ(၇)ရက်ခရီး။

ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ရနော်း သူငွေးကျွန်း (၇)ရက်ခရီး

အမှတ်(၄၂)၊ရွှေဘုံသာလမ်း၊ပန်းဘဲတန်းမြို့နယ်။ Ph: 01-380141, 01-241863, 09-43043109, 09-73251422

### ရွှေနဂါး
ကျိုက်ထီးရိုး/ငပလီ
ချောင်းသာ/ငွေဆောင်
ကားခသီးသန့်/စရိတ်ငြိမ်း
01-209077, 209388

### မိဘအမည်မှန်
ဇေယျာဝတီမြို့ အခြေခံပညာအထက်တန်း(ခွဲ) နဝမတန်း(B)မှ မခင်ခက်ခက်ကျော်နှင့် ပဉ္စမတန်း(A)မှ မသက်ဦးရွှေအိမ်၏ မိဘအမည်မှန်မှာ ဦးတင်လှိုး ၇/ဖမန(နိုင်)၁၉၃၁၈၆-(ဒေါ်လှမြင့်) ဖြစ်ပါကြောင်း။

### အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ သံတံတားရပ်ကွက်နေ ဦးသိန်းလွင်၏သမီး ဒေါ်ဝေဝေလွင်၏ အမည်မှန်မှာ ဒေါ်ဝေလွင်လွင်ကျော် ၇/ဒဥန(နိုင်)၁၀၆၉၀၇ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်ဆုံးခြင်း
ယာဉ်အမှတ် 9F/2069 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

### မဲ့ SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

### ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ
ဓာတ်ပုံ နှင့် အမှတ်(၃၅) ပထမ်မန္တလေးလမ်း(လယ်)ရေကျော်... 01-394727,01-399426,09-73009994,09-5152521

### ဖောင်းကြွပျောက်ဆုံးခြင်း
ယာဉ်အမှတ် 9E/1737 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)



UAB Music School, Max Studio @ UAB Sound Studio မှ စီစဉ်တင်ဆက်သော

စကြဝဠာကောရီဖို့ ★နွေသစ် နှစ်သစ်★ အကြိုဂီတပွဲ

ဧပြီ(၁)ရက်နေ့ စနေနေ့ မဟာဗန္ဓုလပန်းခြံ ညနေ(၆)နာရီမှ (၈း၃၀)နာရီအထိ ဆုံမယ်နော်

Free Show

ဆောင်းဦးညသီချင်း ကို အဖွင့်နှင့် အပိတ် တွင်သီဆိုပါမည်။

စုံတွဲအဆို – စိန်ဝင်းထွန်း၊ ကျော်သီဟ၊ မိုးမိုးလွင်

နွေသစ် DVDခွေနှင့် အမှတ်တရသင်္ကြန် CD ခွေရောင်းရငွေကို ဆွံ့အ နားမကြားသို့ လှူဒါန်းပါမည်။

### တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဗိုလ်မင်းရောင် တန်ဖိုးမျှတအိမ်ရာရှိ တိုက်ခန်းအား ဝယ်ယူခွင့်ရရှိသူ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးမှ အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးသိတ ၁၂/မဂဒ(နိုင်)၁၀၈၁၃၀ | ဒေါ်မာမာမြင့် ၁၂/မဂတ(နိုင်)၁၀၈၁၂၉ | တိုက်(B-5)၊ အခန်းအမှတ်(၇၀၃)၊ဗိုလ်မင်းရောင်၊ တန်ဖိုးမျှတအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)


ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်




MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## အသိပေးကြေငြာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြနှင့် တဆက်တစပ်တည်းရှိနေသော အောက်ပါတံတားများကို အများပြည်သူ အသုံးပြုသွားလာရာတွင် လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရန်အတွက်လည်းကောင်း၊ အချိန်ကုန်သက်သာရန် လည်းကောင်း၊ သယ်ယူပို့ဆောင်ခများ ကျဆင်းစေရန် လည်းကောင်း ရည်ရွယ်၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ တံတားဖြတ်သန်းခများ ကောက်ခံခြင်း မပြုတော့ဘဲ မော်တော်ယာဉ်အားလုံးကို အခမဲ့ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါသည် -

(က) ရန်ကုန်-သံလျင်တံတားအမှတ်(၁)
(ခ) ရန်ကုန်-သံလျင်တံတားအမှတ်(၂) (ကုလားဝဲတံတား)
(ဂ) ဘုရင့်နောင်တံတားအမှတ်(၁)
(ဃ) ဘုရင့်နောင်တံတားအမှတ်(၂)
(င) အောင်ဇေယျကြီးတံတား
(စ) ရွှေပြည်သာတံတား
(ဆ) ပန်းလှိုင်တံတား
(ဇ) တွံတေးတံတား
(ဈ) မဟာဗန္ဓုလတံတား

၂။ သို့သော် တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အန္တရာယ်ကင်းရန်အတွက် တံတားများပေါ်တွင် သတ်မှတ်ခွင့်ပြုယာဉ်နှင့် အလေးချိန် အတိုင်းသာ ဖြတ်သန်းသွားလာခွင့် ပြုမည်ဖြစ်ပါသဖြင့် ပြည်သူများအားလုံးမှ ပူးပေါင်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မှတ်ချက် ။ ရန်ကုန်- သံလျင်တံတားအမှတ်(၁)သည် အစွန်းထွက်ယက်မ ပေါ်တွင် ကားလမ်းများ တည်ဆောက်ထားပါသဖြင့် ၎င်းတံတားပေါ်တွင် ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့် ခွင့်ပြုမည်မဟုတ်ဘဲ ခရီးသည်တင်ယာဉ် မှန်လုံကားများနှင့် ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါသည်။ ကုန်တင်ယာဉ်များသည် ရန်ကုန်-သံလျင်တံတားအမှတ်(၂)မှ အခမဲ့ ဖြတ်သန်းရမည်ဖြစ်ပါသည်။

(ဆောက်လုပ်ရေးဝန်ကြီးဌာန)

---

## ဆဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ရွှေဇဝါယွန်းပန်းချီ ဒုတိယပိုင်း၊ရေအလှူတော်၊လမ်းအလှူတော်များအောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားဖိတ်ကြားခြင်း

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေဇဝါယွန်းပန်းချီ ဒုတိယပိုင်း ကပ်လှူပူဇော်အောင်ပွဲ၊ ဂါလန် ၂၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန် ဂါလန် ၈၀၀၀ဆံ့ ရေစင်တို့၏ ထာဝရရေကုသိုလ်အလှူတော်နှင့် ဧရိယာ ၇၄၂၅၉ စတုရန်းပေ နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းအလှူတော်တို့၏ အောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားအား ၈-၄-၂၀၁၇ ရက်၊ (စနေနေ့) နံနက် ၉း၀၀ နာရီအချိန်တွင် စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေး/ရပ်နီးမှ လှူဒါန်းထားကြသော အလှူရှင်များအနေဖြင့် ရေစက်ချမင်္ဂလာတရားတော်နာ ကြွရောက်ကြပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ** - ၀၁-၆၆၀၀၀၂၊၀၁-၆၆၂၈၈၂၊၀၁-၆၆၅၄၂၅၊ ၀၉-၂၅၀၆၇၇၂၈၉၊၀၉-၄၂၀၀၀၅၆၉၀

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန SEAMEO CHAT

အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနသည် CHAT Communication in English Language Course, Basic Level I(2/2017) သင်တန်းကို အောက်ပါအစီအစဉ်ဖြင့် လက်ခံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**သင်တန်းအမည်** - CHAT Communication in English Language Course, Basic Level I(2/2017)

**သင်တန်းဖွင့်လှစ်မည့်နေရာ** - ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန ပြည်လမ်း၊ ရန်ကုန်မြို့

**သင်တန်းဝင်ခွင့်အရည်အချင်း** - သင်တန်းတက်ရောက်လိုသူများသည် အနိမ့်ဆုံး အခြေခံပညာအထက်တန်းအောင်မြင်ပြီး CHAT Communication in English Course ဝင်ခွင့်စာမေးပွဲအောင်မြင်သူများ ဖြစ်ရပါမည်။

**သင်တန်းလက်ခံမည့်ပုံစံ** - ၃-၄-၂၀၁၇ ရက်တွင် SEAMEO CHAT facebook မှတစ်ဆင့် သင်တန်းဝင်ခွင့်ပုံစံကို download ရယူပြီး ပုံစံတွင် ဖော်ပြထားသော email address ကို ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။
(ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရသူများထံသို့ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်အချိန်၊ နေ့ရက်၊ နေရာတို့ကို SEAMEO CHAT facebook တွင်လည်းကောင်း SEAMEO CHAT ဌာနတွင်လည်းကောင်း ဖော်ပြထားမည်ဖြစ်ပါသည်။)

**စီမံကြီးကြပ်အဖွဲ့**
**CHAT Communication in English Language Course**

---

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့်မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်းချီသင်တန်းနှင့် ပန်းချီ၊ ပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း(သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၈-၄-၂၀၁၇ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

| | |
|---|---|
| ၁။အနုပညာဦးစီးဌာန၊စီမံရေးရာဌာနခွဲ ရုံးအမှတ်(၃၅)၊နေပြည်တော် | ဖုန်း-၀၆၇-၄၀၈၀၃၇ |
| ၂။အနုပညာဦးစီးဌာန၊လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ ရုံးအမှတ်(၃၅)၊နေပြည်တော် | ဖုန်း-၀၆၇-၄၀၈၄၄၃ |
| ၃။အနုပညာအထက်တန်းကျောင်း(ရန်ကုန်) အမှတ်(၁၃၁)၊ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့ | ဖုန်း-၀၁-၅၅၅၆၄၂ ဖုန်း-၀၁-၅၅၄၆၉၅ |
| ၄။အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀ × ၂၂လမ်းကြား၊၆၆လမ်း၊နန်းရှေ့၊မန္တလေးမြို့ | ဖုန်း-၀၂-၆၁၁၆၉ |

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၄၁၃၆၄ Lifan Star 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ကျော် ၅/ဆလက(နိုင်)၀၁၄၃၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်-၁၅

| | | |
|---|---|---|
| ဦးစိုးမြင့်လင်း | နှင့် | ၁။ ဦးဇေယျာမြင့် |
| | | ၂။ ဒေါ်လှရီ |
| | | ၃။ ဦးသန်းရွှေ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈/ဒီရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ် ၁၆၆ နေ (၃)တရားပြိုင် ဦးသန်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးမြင့်လင်း အမှတ် ၉၁၀၊ ပုလဲရတနာလမ်း၊ ၁၈/ဒီရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

---

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆ လမ်း၊ အမှတ် ၁၇၅ ပထမထပ်(ဝဲဘက်ခန်း) ဟုခေါ်တွင်သော အကျယ် ၁၂½'×၅၀'ရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေစားအမွေခံများအဖြစ် ပိုင်ဆိုင်ကြောင်းအဆိုပြုကြသော ဦးတင်လှ၊ ဦးတင်မြင့်၊ ဒေါ်နီလာ၊ ဒေါ်နီနီအောင်၊ ဦးဝင်းသူ၊ ဒေါ်နွယ်နီတင်ဝင်း၊ ဦးဝင်းထက်အောင်တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးလှရွှေ LL.B တရားလွှတ်တော်ရှေ့နေ-၈၉၁၂**
**အမှတ် ၃၃/၄၉၊ ပထမထပ်၊ အခန်း ၃၆၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၉၇၈၆၊ ၀၉-၉၆၅၁၇၉၇၈၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ (၁၆)လမ်းအထက်လမ်း၊ အမှတ်(၄၃၁)၏ တတိယထပ် (တစ်မိုးအောက်)လမ်းထောင့်ဘက်ခြမ်းအခန်း၊ ဧရိယာ (၁၂'×၅၀'×၈')ရှိ တိုက်ခန်း(၁)ခန်းကို ရောင်းချပိုင်ခွင့်ရှိသော ဦးရှုပ် (၁၂/ဒပန(နိုင်)၀၀၀၀၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်း များဖြင့်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလ ကျော်လွန်ပါက အရောင်း အဝယ်ကို အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးကျော်သောင်း(LL.B),တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၇၉)
Ph: 09 43138564

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/5886၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှတင် (ဝါးခယ်မ)
### အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၉၀၀/ကနေ ဦးတင်အောင်(မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ငြိမ်း)-(ဒေါ်ခင်မမမူ)၊ ဦးသိန်းအောင်(ဒုတိယဝန်ကြီး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်စန်းစန်းလွင်၊ (ဦးမြသန်း)-ဒေါ်ဝင်း၊ ဦးမြင့်သိန်း-ဒေါ်ညိုမြ၊ ဦးမောင်မောင် (လုပ်သားစုမှူး၊ သီရိမင်္ဂလာဈေး)-ဒေါ်မေရီ၊ (ဦးတင်ထွေး)-ဒေါ်ညွန့်ညွန့်ဆွေတို့၏ဖခင်၊ ဦးသက်တင်(ကြီးကြပ်ရေးမှူး၊ စက်မှုဝန်ကြီးဌာန)၊ ဒေါ်သစ်သစ်အောင်၊ ဦးအောင်ဇော်မင်း၊ ဦးအောင်လင်းထွဋ်တို့၏အဘိုး၊ မြေး ၁၅ယောက်၊ မြစ် ၃၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်အေး(ဓာသပြင်)
## အသက်(၈၇)နှစ်

ဝိမလာရာမ ထားဝယ်ကျောင်းတိုက်ကြီး၏ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ညွှန့်သောင်း (အင်ဂျင်နီယာ)၊ ဝိမလာရာမ ဓမ္မစကူးလ်ကော်မတီအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်(အင်ဂျင်နီယာ၊Y.C.D.C)တို့၏မိခင်ကြီး ဒေါ်ကျင်အေး(ဓာသပြင်) အသက်(၈၇)နှစ်သည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝိမလာရာမ ထားဝယ်ကျောင်းတိုက်**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**ဝိမလာရာမ ဓမ္မစကူးလ် ကော်မတီအဖွဲ့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျော့ခင် (စစ်တွေမြို့)
### (လဝက၊ ငြိမ်း)
### အသက်(၈၁)နှစ်

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်နေ (ဦးကျော်ထွန်းအောင်-ဒေါ်အေးခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ၂၇လမ်း၊ အမှတ် ၁၁၉နေ (ဦးဖြူမောင်) (လဝက၊ ငြိမ်း)၏ဇနီး၊ ဦးစံသိန်း(ခေတ္တ-စင်ကာပူ)-ဒေါ်လေးလေးရီ၊ ဒေါ်မြမြစန်း(မစံ) (လဝကမှူး၊ လသာမြို့နယ် လဝကဦးစီးဌာနမှူးရုံး)၊ ဦးမျိုးညွန့်-ဒေါ်စုစုအောင်၊ ဒေါ်တင်တင်ဖြူတို့၏ချစ်လှစွာသောမိခင်၊ မဝင့်ရည်နှင်း(ခေတ္တ-စင်ကာပူ)၊ မောင်ကျော်ထက်ထွန်း(ပထမနှစ်၊ ဒဂုံတက္ကသိုလ်)၊ မောင်ဟိန်းခန့်လင်း(အဋ္ဌမတန်း၊ အလက-၁၊ ဒဂုံ)တို့၏ဘွားဘွားကြီး၊ ဦးကျော်ဇံလှ-ဒေါ်မေမြ၊ ဒေါ်အုန်းခင်တို့၏အစ်မသည် ၂၈ -၃-၂၀၁၇ရက် နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းမြင့်
### အသက်(၈၀)

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းနှင့် ဇနီး ဒေါ်ငွေငွေမြင့်တို့၏မိခင် ဒေါ်သန်းသန်းမြင့် အသက်(၈၀)သည် ၂၄-၃-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကျော်ငြိမ်း(M.D)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၈၄)**
**MPA (1), Roll No. (71) မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးရဲမြင့်အောင် (ကလေးမြို့)၏ဇနီး ဒေါ်မြသင်းဦးသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅း၄၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်(၂)အထက ကျောက်ပန်းတောင်း**
**ငယ်သူငယ်ချင်းများ**

## ဦးရွှေလင်းမောင်
### A.G.T.I(M.T)Insein (1977)
### မြန်မာ့မီးရထား(ငြိမ်း)
### ကြီးကြပ်ရေးမှူး(စက်ခေါင်း)
### အသက်(၆၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့(၃)ရပ်ကွက်နေ(ဦးဘစိန်-ဒေါ်ကြွယ်)တို့၏သား၊ (ဦးဝင်းဆွေ)-ဒေါ်အေးမြိုင်၊ ဦးစန်းငွေ-ဒေါ်တင်ထွေး၊ ဦးသန်းမြင့်-ဒေါ်ဝင်းဟန်၊ဦးပြေအေး-ဒေါ်ရွှေကြည်၊ ဦးတင်ဦး-ဒေါ်နှင်းနှင်း၊(ဦးတင်လှိုင်)-ဒေါ်သင်းသင်းတို့၏ညီ/မောင်၊ ဒေါ်တင်နွဲ့၊ ဦးစိုးငွေ-ဒေါ်ခင်နွဲ့၊ ဦးခင်မောင်တင့် - ဒေါ်ခင်ငွေကြည်တို့၏အစ်ကိုသည် ၂၆-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ဘက်တီလင်ဘူး
### (ILBC)
### အသက်(၆၈)နှစ်

မြစ်ကြီးနားမြို့နေ ဦးအန်ဒီလင်ဘူး-ဒေါ်စီပီလင်ဘူးတို့၏သမီး ဒေါ်ဘက်တီလင်ဘူး(ILBC)သည် ၂၈-၃-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၄း၂၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ စွန်းလွန်းဂူကျောင်းလမ်း၊ အမှတ် ၃/ဘီ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမမိသားစု

## ဒေါ်တင်နု
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၅လမ်း၊ အမှတ် ၆၇၊ ဒုတိယထပ်နေ (ဦးတင်ရွှေ)၏ဇနီး၊ ဒေါ်စန်းစန်းကြည်-ဦးစိန်မြင့်၊ (ဒေါ်ခင်ခင်စိုး)၊ ဒေါက်တာဒေါ်ချိုချိုဝင်း-ဦးအောင်စိုးနိုင်၊ ဒေါ်ရီရီမြင့်၊ (ဒေါ်သီတာ)၊ ဦးမင်းမင်းထွန်း-ဒေါ်စောမြတ်နွယ်တို့၏မိခင်၊ ဦးအောင်ပိုင်ဖြိုး-ဒေါ်ခိုင်စံပယ်သင်း၊ မစုရည်နိုင်၊ မောင်ရဲမြတ်သူတို့၏အဘွား၊ မောင်အာကာဘုန်းပြည့်၏ဘွားဘွားကြီးသည် ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြီးမြင့် (လေးမျက်နှာ)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ် ၁၅နေ (ဦးဘိုးချစ်-ဒေါ်သိန်းမြ)တို့၏သမီး၊ (ဦးခင်မောင်ဘို)၏ဇနီး၊ ဦးကျော်မြင့်၊ ဒေါ်ငွေးမြင့်၊ (ဒေါ်ခင်ညိမ်း)တို့၏ညီမ၊ ဦးကြည်တင့်၊ ဒေါက်တာတင်သန်းတို့၏အစ်မ၊ ဒေါက်တာသင်းသင်းစီ၊ ဦးဘိုဘိုဦး၊ ဒေါ်ဖြူဖြူပွင့်၊ ဦးညီညီဘိုတို့၏မိခင်၊ မြေး၄ယောက်တို့၏အဘွားသည် ၂၈-၃-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၈း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် ရန်ကုန်မြို့၊ လိပ်ကန်လမ်း၊ အမှတ် ၁၅ (ဘီ-လေးလွှာ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ (MPPE)
### ဌာနခွဲမှူး(အငြိမ်းစား)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင်ပိုင်း၊ အောင်ရတနာလမ်း၊ အမှတ်(၂၅/က)နေ(ဦးလှကျော်-ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဦးကိုလေး)၏ဇနီး၊ဒေါ်ခင်အေးကျော်၊ (ဒေါ်ခင်လေးကျော်)၊ ဒေါ်ငွေးငွေးကျော်တို့၏အစ်မ၊ ဦးမင်းလွင်-ဒေါ်မြသူဇာ၊ ဦးရဲဝင်းထွန်း-ဒေါ်ဝင်းဝင်းမော်၊ ဦးဇာနည်ထွန်း-ဒေါ်စောလဲန်ကျဲရ်၊ ဗိုလ်မှူးဇော်လင်းထွန်း-ဒေါ်ဆွေမွန်ထိုက်တို့၏မိခင်၊ မောင်အောင်မြတ်မင်း၊ မောင်သူရထက်၊ မောင်အောင်ထူးပြည့်၊ မအေးပြည့်သော်၊ မဆုပြည့်သီရိအောင်၊ Danielတို့၏အဘွားသည် ၂၆-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ကြည်
### အထက်တန်းပြ(ငြိမ်း)
### အထက(၂)ကွမ်းခြံကုန်းမြို့
### အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ မြို့မပိုင်းမြို့မလမ်းနေ(ဦးသန်းစိန်-ဒေါ်တင်တင်)တို့၏သမီး၊ ဦးရှိန်ဝင်းမောင်(လ/ထပညာရေးမှူး၊ငြိမ်း၊ ကွမ်းခြံကုန်း)၏ဇနီး၊ (ဦးသော်တာရှိန်) ဒေါ်ခင်ခင်ဆင့်၊ (ဦးသူရရှိန်)-ဒေါ်တင်စန္ဒာအေး၊ ဦးကျော်စွာရှိန်၊ ဒေါ်လင်းလင်းချစ်၊ ဦးထွန်းလင်းလင်းလတ်၊ ဒေါ်တင်ဇာရှိန်(ဆေး-၁)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် ညနေ ၃နာရီတွင် ကွမ်းခြံကုန်းမြို့ သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတပည့်များအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးမြင့်သူလွင်
### @ John Mclean
### ဓာတ်မှန်ဆရာဝန်ကြီး
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇဝနအိမ်ရာ၊ အခန်း ၂၀၁နေ (ဦးမက္ကလင်း-ဒေါ်ရင်မေ)တို့၏သား၊ (ဦးရီ-ဒေါ်အမာ)တို့၏သားသမက်၊ဒေါ်ရီစီညို၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်ထွန်း)-ဒေါ်ခင်သန်းနွယ်၊ (ဦးခင်မောင်လေး)-ဒေါက်တာခင်မာရီ၊(ဦးခင်မောင်အေး)-ဒေါ်ချိုမာလှိုင်၊ ဦးခင်မောင်ငွေး၊ ဦးခင်မောင်ထွေး-ဒေါ်ထားထားရီ၊ ဦးမျိုးထွန်းဇော်-(ဒေါ်ခင်လေးနွယ်)၊ ဦးသိန်းတန်-ဒေါ်ရီရီလေး၊ ဦးမင်းဆွေ-ဒေါ်တင်တင်ဝေ၊ ဦးအောင်ဇော်မိုး-ဒေါ်နန်းမြစိန်၊ ဦးသန်းကျော်-ဒေါ်လှလှထွေး၊ ဒေါ်မူမူထွေးတို့၏အစ်ကို/ညီ၊ ဦးရန်နိုင်မိုးလွင်(TotalE & P Myanmar)-ဒေါ်မိုးသီတာဟန်(UNDP- Finance)၊ ဦးပြည့်စုံ - ဒေါ်လှစန္ဒာဝင်း (ခေတ္တ-စင်ကာပူ)၊ ဦးဇေယျာအောင်-ဒေါ်အောင်အောင်လင်း (ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ကြည်
### ရွာမ၊ တောင်ကုတ်မြို့
### အသက်(၇၆)နှစ်

(ဦးစောတင်-ဒေါ်မမကြီး)တို့၏သမီး၊ ဦးသန်းငွေ-ဒေါ်ခင်ချိုချို၊ ဦးအောင်နိုင် - ဒေါ်သန်းသန်းငွေ (ရှမ်းဒေါင်းဆေးပေါ့လိပ်)၊ ဒေါ်ညိုညိုခိုင်၊ ဦးမျိုးကိုကိုဦး-ဒေါ်ခင်သန္တာကျော်၊ ဦးသူရိန်စိုး-ဒေါ်ခင်သီတာကျော်၊ဗိုလ်ကြီးလှမျိုးကျော်၊ မအေးမြတ်မွန်၊ ကိုအောင်ကျော်ကျော်မင်း - မနှင်းအိအိဝင်း (ခေတ္တ-စင်ကာပူ)၊ဒေါက်တာဖြိုးဝေမင်း-မခိုင်ချိုချိုသိန်း(ခေတ္တ-စင်ကာပူ)၊ဒေါက်တာထွဋ်ခေါင် - ဒေါက်တာဝင်းမာလာမိုး၊ ကိုဖြိုးအေးမင်း၊ မမေဦးခင်၊ ဗိုလ်ကြီးဖြိုးသုဟန်၊ ဗိုလ်လောင်းဖြိုးမင်းဟန်တို့၏ကြီးကြီး၊ မြေးရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၃-၂၀၁၇ရက် ည ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (၂၇၄-B၊ အခန်း ၁၀၅၊မြဝတီလမ်း၊မြေနီကုန်း၊စမ်းချောင်း နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးရွှေလင်းမောင်
### A.G.T.I(M.T)Insein(1977)
### မြန်မာ့မီးရထား(ငြိမ်း)
### ကြီးကြပ်ရေးမှူး(စက်ခေါင်း)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်း၊ သုဝဏ္ဏတိုက် ၁၀၁၊ အခန်း ၇နေ (ဦးဘစိန်-ဒေါ်ကြွယ်)တို့၏သား၊ (ဦးမောင်မြ-ဒေါ်ရှုကြည်)တို့၏သားသမက်၊ ဒေါ်သန်းသန်းဦး၏ခင်ပွန်း၊ ဦးအေးကျော်၊ ဒေါ်မြတ်မြတ်ချို(ပြည်တွင်းအခွန်)၊ဦးအောင်အောင်မြ(TEFEL Co.,Ltd)-ဒေါ်ခင်မိုးမြင့်တို့၏အစ်ကို၊ မောင်မင်းထွဋ်မောင်-မသန္တာသိန်း၊ မထက်ထက်အောင်တို့၏ဖခင်သည် ၂၆-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀တွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေကြည်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊အနော်မာ ၂လမ်း၊အမှတ် ၁၁၈နေ (ဦးဘိုးထယ်-ဒေါ်အေးဖြူ)တို့၏သမီး၊(ဦးတင်ရွှေ)၏ဇနီး၊ဦးအောင်စိုး-ဒေါ်တင်ဖုန်းနွယ်၊ ဦးရဲညွန့်-ဒေါ်စန်းအေး၊ ဦးခင်စိုး-ဒေါ်ခင်သီတာ၊ (ဦးငွေးအောင်) - ဒေါ်တင်တင်ဝေတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့) ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### တောင်ကြီးအသင်း(ရန်ကုန်)
## ဒေါ်ခင်ကြည်
### (ကန်တော့ခံပုဂ္ဂိုလ်)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အမှတ် ၁၂၆၊ မနောသုခခြံနေ (ဦးနေဝင်း)၏ဇနီး ဒေါ်ခင်ကြည်သည် ၂၄-၃-၂၀၁၇ရက်(သောကြာနေ့)ညနေ ၆း၄၅နာရီတွင် လှိုင်မြို့နယ်၊ ပါရမီကွန်ဒို၊ တိုက်(B)၊ အခန်း ၄၀၈ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်
တောင်ကြီးအသင်း(ရန်ကုန်)

## ဦးကျင်လျောင်(ခ)
## ဦးဘိုးထောင်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၃၄၀(က)၊ (၇)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစုံကင် - ဒေါ်ဘန်ပို့)၏သား၊ (ဦးကြူးလျောင်-ဒေါ်အေးကြည်)တို့၏ညီ၊ (ဦးစုခင်း-ဒေါ်နီ)၊ (ကိုမောင်နက်)တို့၏မောင်၊ ဦးစိုးဝင်း-ဒေါ်နုနုတို့၏အစ်ကို၊ ဒေါ်ကင်ခွမ်(ခ)ဒေါ်လှကြည်၏ခင်ပွန်း၊ ဒေါက်တာစိန်ဝင်း-ဒေါ်မိုးမိုးတို့၏ဖခင်၊ မအေးစန္ဒာမိုး၊ မောင်အောင်ဘုန်းပြည့်၊ ဒေါက်တာတင်ဇာဝင်းတို့၏အဘိုးသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသောင်းထိုက်ဦး
### B.Sc (Zoology),
### AGTI (Mechanical)
### အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ
### အသက်(၄၃)နှစ်

မင်းဘူးမြို့၊ ပန်းဘဲတန်းလမ်းနေ (ဦးဆန်းဦး၊ မန်းရေနံမြေ)-ဒေါ်ခင်ပြုံးဝေတို့၏သား၊ ဒေါ်တင်ဆွေဦး(အထက-၁၊ ငြိမ်း)၏တူ၊ ဒေါ်ငြိမ်းငြိမ်းဦး(ကထိက၊ EP ဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်)၊ ဦးအောင်သော်ဦး(သံ၊ဂဟေလုပ်ငန်း)၊ ဒေါ်လင်းလင်းဦး(Senior engineer - Skynetmedia)၊ ဦးအောင်မော်ဦး(Executive Engineer၊ ရွှေသံလွင် Media Co., Ltd)-ဒေါ်ဖြူဖြူကျော် (Chief Accountant Barons and Fujikura EPC Co., Ltd)၊မောင်ဘုန်းမိုရ်ဦး (ရေကြောင်းတက္ကသိုလ်)၊ ဒေါ်ခိုင်ဝတ်ရည်ဆွေ(အထပြ၊ အထက-၁၊မင်းဘူး)၊ဦးနိုင်းမနား-ဒေါ်ခိုင်မာလာဆွေ(လ/ထ ကထိက၊Computer ဌာန၊ တိုင်းရင်းသားကောလိပ်)တို့၏ အစ်ကို၊ မသက်မြတ်နိုးဆွေ၊မမြတ်နိုးသဒ္ဒါတို့၏ ဦးလေး၊ ဒေါ်စမ်းစမ်းဝင်း (ထက်/ပြ၊ ထ/ခွဲ၊ညောင်ရိုး၊ထန်းတပင်)၏ခင်ပွန်း၊ မောင်သက်လင်း(Grade- 6, အထက-၂၊ မရမ်းကုန်း)၏ဖခင်သည် ၂၆-၃-၂၀၁၇ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးချစ်စံ (ဓာသပြင်)
### အဖွဲ့ခွဲမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အလယ်)လမ်း၊ အမှတ် ၂၈၄/၂၈၈၊ မြေညီထပ်နေ (ဦးဖိုးခက်-ဒေါ်ငွေစု)တို့၏သား၊ (ဒေါ်ကျင်မွေး)၏ခင်ပွန်း၊ (ဦးသန်းဦး)-ဒေါ်အမာသန်း(ရေနံ/ဓာတု၊ ငြိမ်း)၊ ဦးသိန်းဇံ-ဒေါ်ခင်သီတာဝေ၊ ဒေါ်မြစံ၊ ဦးငွေးမြင့်-ဒေါ်မွန်မွန်ချို၊ ဦးစန်းမြင့်-(ဒေါ်မြင့်မြင့်ချို)၊ ဦးသန့်ဇင်-ဒေါ်နီလာဆွေ၊ ဦးအောင်မင်း-ဒေါ်အေးအေးမြင့်၊ ဒေါ်ညိုညိုတင်၊ ဗိုလ်မှူးညဏ်စိုး(ငြိမ်း) (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ငြိမ်း)၊ ဦးနီထွန်း-ဒေါ်သီတာအေးတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးချစ်စံ (ဓာသပြင်)
### အဖွဲ့ခွဲမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အလယ်)လမ်း၊ အမှတ် ၂၈၄/၂၈၈၊ မြေညီထပ်နေ (ဦးဖိုးခက်-ဒေါ်ငွေစု)တို့၏သား၊ (ဒေါ်ကျင်မွေး)၏ခင်ပွန်း၊ ဒေါ်သိန်းညွန့်၊ ဦးခင်မောင်အေး-(ဒေါ်အုံးကြွယ်)၊ ဒေါ်မြင့်မူ (ဦးတင်စော)၊ ဦးစိန်ဝင်း-ဒေါ်ခင်မြရီ၊ ဦးညဏ်ဝင်းတို့၏အစ်ကိုသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအမှန် (ရေကြည်)
### အသက်(၉၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ် ၁၀နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးခင်စိန်-ဒေါ်မြသိန်း၊ ဦးမြင့်စိန်-ဒေါ်သန်းသန်းဆွေ၊ ဦးစိန်အေး-ဒေါ်အေးအေးသန်း၊ ဒေါ်လှလှမြင့်၊ ဒေါ်ရင်ရင်လှ၊ ဦးစိုးဝင်း(ခ)အဖတ်ကြီး(ရေကြည်ဆန်/စပါးအထူးပြုကုမ္ပဏီလီမိတက် ဒါရိုက်တာ)-ဒေါ်ဇာဇာအေး(AYA Bank တာဝန်ခံ၊ ရေကြည်မြို့)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၇ရက် ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် တောင်လယ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘညဏ်(ခ)ဦးမြင့်သူ(မုဒုံ) အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ နီးပဒေါ်ကျေးရွာနေ(ဦးဘငြိမ်း-ဒေါ်ပျော့)တို့၏သား၊ (ဦးဝင်းဖေ-ဒေါ်လှသန်း)၊ ဦးဗိုလ်မြ-(ဒေါ်အုန်းကြည်)၊ ဒေါ်ဝင်းကြည်တို့၏ညီ/မောင်၊ ဦးမင်းခိုင်-ဒေါ်ခင်သန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာစုပေါင်းအိမ်ရာ၊ ၁၄/၁ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၁၄၅/၂နေ ဦးဝင်းမြင့်သူ-ဒေါ်အေးအေးမင်း၊ ကိုဝင်းအောင်သူ-မမျိုးမြင့်ဆွေ၊ မမြင့်မြင့်အောင်၊ ကိုထွန်းအောင်သူ၊ ကိုခင်မောင်ဝင်း-မစမ်းစမ်းသူတို့၏ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီး၊ ဒေါ်ခင်မြင့်လွင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၇- ၃-၂၀၁၇ရက်(တနင်္လာနေ့)ည ၉း၀၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးအောင်ကျော်သိန်း အသက်(၇၆)နှစ်
### အရာခံဗိုလ်(ငြိမ်း)၊ မဆရ(၁)

သံတွဲမြို့နေ (ဦးဖိုးဆိုင်-ဒေါ်သိန်းသိန်း)တို့၏သား၊ [ဒေါ်မြယဉ် (အထက်တန်းသူနာပြု၊ မဆရ-၁)]၏ခင်ပွန်း၊ ဒေါ်ခင်ဝင်းလှိုင်(အထက-၁၈၊ နန်းမြို့)၊ ဦးဝင်းဦးမောင်[ဒုအရာခံဗိုလ်(ငြိမ်း)၊ ပလစ-၂]-ဒေါ်မေသက်လှိုင်(မူလွန်-၄၊ ချမ်းအေးသာစံ)၊ (ဦးသန်းဝင်း)-ဒေါ်မေနှင်းလှိုင်၊ ဦးခင်မောင်နွယ်(မျိုးသိန်း Electronic)-ဒေါ်ခင်မိုးလှိုင်(ကထိက၊ ရက္ခဗေဒဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး)၊ ဒေါက်တာခိုင်မာလှိုင်(ပါမောက္ခ၊ စီမံခန့်ခွဲမှုပညာဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)၊ ဦးလွှမ်းမိုးကျော်-ဒေါ်မေမျိုးလွင်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၇-၃-၂၀၁၇ရက် ည ၇း၂၀နာရီတွင် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် မန္တလေးဆေးရုံကြီးအအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်မျိုးကျော် (လဝကမှူး)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၈၄ (လေးလွှာ)နေ (ဒုတိယဗိုလ်မှူးကြီးတင်ညွှန့်)-ဒေါ်မြရီတို့၏သား၊ ဗိုလ်ကြီးကျော်ကျော်ဦး (ငြိမ်း) YCDC -ဒေါ်စောမြတ်မွန်၊ ပါမောက္ခ ဒေါက်တာရဲမြင့်ကျော်(ကလေးအထူးကု)-ဒေါ်ခင်ရည်မွန်၊ ဦးအောင်နိုင်ကျော်(ခေတ္တ - Singapore)-ဒေါ်နိုင်နိုင်တို့၏ညီ/အစ်ကို၊ ဒေါ်သီတာကြွယ်(အထက-၁၊ဒဂုံ)၏ခင်ပွန်း၊ ဒေါက်တာကျော်သူသိန်း-ဒေါက်တာမေသူကျော်(ခေတ္တ - USA)၊ မသက်နှင်းဆု(ခ)မခတ္တာဆု(SAGA ASIA Consulting Co.,Ltd)၊ မောင်ကောင်းမျိုးကျော်(မသန် စွမ်းသက်ငယ်လေ့ကျင့်ရေးကျောင်း)တို့၏ဖခင်သည် ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ၁၂း၁၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့)တွင် နေပြည်တော် ကျေးကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၇ရက် (စနေနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ




ပဲခူး- သီလဝါ အဝေးပြေးလမ်းမကြီးအတွက် အားထားရမည့် သီလဝါအထူးစီးပွားရေးဇုန်

# သီလဝါ- ပဲခူးအဝေးပြေး အဆင့်မြင့်လမ်းမကြီး လာမည့်နှစ်အတွင်း စတင်ဖောက်လုပ်သွားမည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန်  မတ်  ၂၈**

ရန်ကုန်မြို့၏ အဓိကစီးပွားရေးအထူးဇုန်တစ်ခုဖြစ်လာမည့် သီလဝါနှင့် ပဲခူးငါးမြို့နယ် တိုက်ရိုက်ကူးလူး သွားလာနိုင်မည့် အဝေးပြေးအဆင့်မြင့်လမ်းမကြီးကိုလာမည့် ၂၀၁၈ ခုနှစ် ဧပြီလတွင်စတင်အကောင် အထည်ဖော်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ယနေ့ကျင်းပသော ဒုတိယအကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်း အဝေး(တတိယနေ့)တွင် သုံးခွမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၏ ကြယ်ပွင့်ပြ မေးခွန်းဖြစ်သော ADB ဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် ပဲခူး၊ သနပ်ပင်၊ ခရမ်း၊ သုံးခွ၊ သန်လျင်- သီလဝါသို့ ဆက်သွယ်သောလမ်းမကြီးအား လာမည့် ၂၀၁၈ ခုနှစ် ဧပြီလတွင် အဆင့်မြင့်လမ်းမကြီး

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## ဆဲလ်ဖီရိုက်နေသည့် မိန်းကလေးနှစ်ဦး လေယာဉ်တိုက်မိပြီး သေဆုံး

စာ » ၁၀

## အာရှဖလားခြေစစ်ပွဲ အဖွင့်ပွဲတွင် မြန်မာအသင်း အိမ်ကွင်း၌ ရှုံးနိမ့်

စာ » ၁၁

## ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း

စာ » ၁၅

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၃၀ ရက် သတင်းစာတွင် ပါရှိမည်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို မတ် ၃၀ ရက်နေ့ထုတ် သတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြမည်ဖြစ်သည်။ (မြန်မာ့အလင်း)

# အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲတွင် အိမ်ရှင်မြန်မာအသင်းအနိုင်ရ

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**ရန်ကုန်  မတ်  ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပရာ အိမ်ရှင်မြန်မာအသင်း အဖွင့်ပွဲတွင် အနိုင်ရခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ✪




မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မတ် ၂၉၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြောင်းလဲခဲ့သည့်တစ်နှစ်တာ



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း

**လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင်တစ်နှစ်တာအတွင်း ဓာတ်အား ၃၀၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး ဓာတ်အားစနစ်ကောင်းမွန်ရေးအတွက် ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားလိုင်း ၅၃၈ ဒသမ ၅၇ မိုင်နှင့် ခွဲရုံ ၁၈ ခုတို့ကို တိုးချဲ့ တည်ဆောက်နိုင်ခဲ့သည်။**

အစိုးရသစ်လက်ထက်တွင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှစ်ခုကို ပေါင်းစုကာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအဖြစ်အသစ် ပြန်လည်ဖွဲ့စည်း၍ လျှပ်စစ်ကဏ္ဍ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ပါဝင်ပြီး စွမ်းအင်ကဏ္ဍတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူး ရောင်းချခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားပေး စက်ရုံများအား အသစ်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံ၍ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ခွဲရုံများအား တိုးချဲ့အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေပြီး ပိုမိုတိုးတက်ပို့လွှတ်နိုင်ရန်နှင့် ဓာတ်အားဖြန့်ဖြူးရာတွင် တည်ငြိမ်သောဗို့အားဖြင့် တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

### ဓာတ်အားတိုးတက် ရရှိ

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် တစ်နှစ်တာအတွင်း ဓာတ်အား ၃၀၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး ဓာတ်အားစနစ်ကောင်းမွန်ရေးအတွက် ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၃၈ ဒသမ ၅၇ မိုင်နှင့် ခွဲရုံ ၁၈ ခုတို့ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။ ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်စေရန် ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အား လိုင်း ၅၀၄ ဒသမ ၁၄ မိုင်၊ ၆၆ ကေဗွီခွဲရုံ ၁၈ ရုံ၊ ၃၃ ကေဗွီခွဲရုံနှင့် ၁၁ ကေဗွီ ခွဲရုံ ၄၂၈ ရုံအားတည်ဆောက်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြို့ပေါင်း ၁၀ မြို့၊ ကျေးရွာ ၃၃၃ရွာတို့ကို တစ်နှစ်တာအတွင်း ဓာတ်အားတိုးတက်ရရှိခဲ့ပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံ၌ အိမ်ထောင်စု ၁၀ ဒသမ ၈၇ သန်းရှိသည့် အနက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၃ ဒသမ ၆၉ သန်း (၃၄ရာခိုင်နှုန်း)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၄ ဒသမ ၀၅ သန်း (၃၇ ဒသမ ၂၄ ရာခိုင်နှုန်း) အထိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၂၄ ရာခိုင်နှုန်းခန့် တိုးတက်ဖြန့်ဖြူးနိုင်ခဲ့ကြောင်း သိရသည်။

### သဘာဝဓာတ်ငွေ့ပိုမိုသုံးစွဲနိုင်လာ

"စွမ်းအင်ကဏ္ဍ ကုန်းပိုင်းနဲ့ ရေနံရှာဖွေတူးဖော်ရေးအတွက် လုပ်ကွက် ၂၇ ကွက်မှာ နိုင်ငံခြားရေနံကုမ္ပဏီများနဲ့ ပူးပေါင်းလုပ်ကိုင်နေပါတယ်။ တစ်နှစ်တာကာလမှာ ရေနံနဲ့သဘာဝ ဓာတ်ငွေ့မြေတွေမှာ တွင်း ၂၉ တွင်း တူးဖော်ခဲ့ပြီး ၁၂ တွင်း အောင်မြင်ခဲ့ပါတယ်။ ကုန်းပိုင်းနဲ့ ကမ်းလွန်စီမံကိန်းကနေ ထွက်လာတဲ့ သဘာဝဓာတ်ငွေ့ကို အရင်က ပြည်တွင်းသုံးအတွက် တစ်ရက်ကို ကုဗပေသန်း ၁၅၀ ကနေ ၂၀၀ အထိ သုံးခဲ့ရာက ၂၀၁၇ ဇန်နဝါရီကနေစပြီး ကုဗပေ ၂၃၃ သန်းထိ သုံးစွဲနိုင်ခဲ့ပါတယ်။

● သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန



လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအတွက် ကုဗပေ သန်း ၃၀၊ စက်မှုကဏ္ဍအတွက် ကုဗပေ ၃ သန်း စုစုပေါင်း ကုဗပေ ၃၃ သန်း ပိုမိုသုံးစွဲနိုင်ခဲ့တဲ့အပြင် ပို့ဆောင်ရေးကဏ္ဍမှာလည်း အများပြည်သူသုံးခရီးသည်တင်မော်တော်ယာဉ် ၁၄၃ စီးကိုလည်း CNG တိုးမြှင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်"ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ပြောသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ အလုပ်ရုံများနှင့် CNG ယာဉ်များအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးလျက်ရှိသော ပိုက်လိုင်းများ အစားထိုးပြုပြင်ခြင်းကို ဆောင်ရွက်ခဲ့ပြီး ရွှေပေါက်ကံ-မြောက်ဥက္ကလာ၊ မင်္ဂလာတောင်ညွန့်နှင့် သာကေတတို့တွင် လေးလက်မပိုက်လိုင်း ၁၀၂၇၆ ပေ၊ ရွာမ-ရွှေပြည်သာ-တိုးကြောင်ကလေးနှင့် ရွာမ-လှော်ကား-သာကေတတို့တွင် ၁၄ လက်မ ပိုက်လိုင်း ပေ ၂၄၀၀၊ မန်း-ထောက်ကြန့်ပင်တို့တွင် ၁၀ လက်မ ပိုက်လိုင်းပေ ၃၄၃၂၀ တို့ကို ပိုက်လိုင်းအစားထိုးဆက်သွယ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

### လိုင်စင်ထုတ်ပေး

ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချ ခြင်းလုပ်ငန်းကို ယခင်က လိုင်စင်နှစ်မျိုးသာ ခွင့်ပြုပေးခဲ့သော်လည်း ယခုအခါ ခေတ်နှင့်အညီ လိုင်စင်အမျိုးအစား ငါးမျိုးကို ပြင်ဆင်သတ်မှတ်ကာ ၂၀၁၆ မေမှစ၍ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။ ယနေ့အထိ ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအတွက် တင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (ခ-လိုင်စင်)ကို ပုဂ္ဂလိက ကုမ္ပဏီ ၁၉ ခုသို့လည်းကောင်း၊ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (ဃ-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၆၈ ခုသို့ လည်းကောင်း၊ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (င-လိုင်စင်) ကို ပုဂ္ဂလိက ကုမ္ပဏီ ၄၃၆ ခုသို့လည်းကောင်း စုစုပေါင်း ၅၂၃ ဆိုင်ကို ယာယီလိုင်စင်များ ထုတ်ပေးထားပြီး အရောင်းဆိုင်များအား စနစ်တကျထိန်းသိမ်းကြပ်မတ်ခြင်းတို့ကို တစ်နိုင်ငံလုံးတွင် ဆောင် ရွက်ပေးလျက်ရှိသည်။

"ဒေသတွင်းစွမ်းအင်ဖူလုံအောင် ရေနံချက်နေတဲ့ ရေနံ ချက်ဖိုတွေကို ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်း ယာယီလိုင်စင် အခမဲ့ထုတ်ပေးနေပါတယ်။ လုပ်ငန်းလုပ်ကိုင်သူ ၂၃၇ ဦးကို

အချပ်ပို (ခ) သို့



ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

**အချပ်ပို(က)မှ**

လုပ်ငန်းလိုင်စင်လျှောက်ထားဖို့ အသိပညာပေးခဲ့သလို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ယာယီလိုင်စင် ၁၅၆ ခုအထိ ချထားပေးနိုင်ခဲ့တယ်" ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**စက်သုံးဆီအရောင်းဆိုင်များတိုးပွား**

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့သည့် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၁ ရှိရာ တစ်နှစ်တာကာလအတွင်း စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ဖြင့် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင် ၂၅၆ ဆိုင်၊ စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ဖြင့် ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်း နှစ်ခု၊ ရေယာဉ်များအား စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်သုံးခုနှင့် လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ၁၁ ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အိမ်ထောင်စု ၁၀ ဒသမ ၈ သန်းရှိတဲ့အနက် ၃၇ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ၆၃ ရာခိုင်နှုန်းက လိုအပ်လျက်ရှိပါတယ်။ လက်ရှိမှာ National Electrification Plan-NEP အရ ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်း ၃၁၀ နဲ့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားရရှိမှုအပိုင်းကို ရှင်းပြသည်။

**နှစ်မိုင်ပတ်လည်**

ပထမအဆင့်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ် ၁၁ ကေဗွီဓာတ်အားလိုင်းမှ နှစ်မိုင်ပတ်လည် ကျေးရွာ ၅၀၈၀ ရွာမှ အိမ်ထောင်စု ၆၂၆၇၅၈ ကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးရေး စီမံကိန်းအဆင့်(၁)တွင် JICAမှ ရရှိသည့် ချေးငွေ ဂျပန်ယန်း ၄ ဒသမ ၅၇၁ ဘီလီယံဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေပြီး ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ လွိုင်လင်နှင့် လင်းခေးခရိုင်များရှိ ကျေးရွာ ၄၀၆ ရွာ၊ အိမ်ထောင်စုဝင် ၃၅၉၈၃ ဦးအတွက် လျှပ်စစ်မီးရရှိရေးကို ဂျာမနီနိုင်ငံအစိုးရ၏ KfW (IDA) ချေးငွေယူရိုသန်း ၃၀ ဖြင့် ရယူဆောင်ရွက်ရန်ရှိနေကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

**တစ်နှစ် ၁၅ ရာခိုင်နှုန်းတိုး**

"နိုင်ငံတော်ရဲ့လျှပ်စစ်ဓာတ်အား လိုအပ်ချက်က တစ်နှစ်ကို ၁၅ ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးမြင့်နေပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အားကို ပိုပြီး တည်တည်ငြိမ်ငြိမ်ဖြန့်ဖြူးနိုင်အောင် ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနဲ့ ပြည့်ဖြိုးမြဲ စွမ်းအင်တွေပါဝင်တဲ့ Energymix ကို အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**အချပ်ပို(ဂ)သို့**



ကယားပြည်နယ်အတွင်း ၁၁ကေဗွီဓာတ်အားလိုင်း၊ ဗို့ ၄၀၀ ဓာတ်အားလိုင်း၊ ၁၁/၀ ဒသမ ၄ကေဗွီ ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

**တစ်နှစ်တာကာလမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့မြေတွေမှာ တွင်း ၂၉ တွင်း တူးဖော်ခဲ့ပြီး ၁၂ တွင်း အောင်မြင်ခဲ့ပါတယ်။ ကုန်းပိုင်းနဲ့ ကမ်းလွန်စီမံကိန်းကနေထွက်လာတဲ့ သဘာဝဓာတ်ငွေ့ကို အရင်က ပြည်တွင်းသုံးအတွက် တစ်ရက်ကို ကုဗပေသန်း ၁၅၀ ကနေ ၂၀၀ အထိ သုံးခဲ့ရာက ၂၀၁၇ ဇန်နဝါရီကနေစပြီး ကုဗပေ ၂၃၃ သန်းထိ သုံးစွဲနိုင်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအတွက် ကုဗပေ သန်း ၃၀၊ စက်မှုကဏ္ဍအတွက် ကုဗပေ ၃ သန်း စုစုပေါင်း ကုဗပေ ၃၃ သန်း ပိုမိုသုံးစွဲနိုင်ခဲ့တဲ့အပြင် ပို့ဆောင်ရေးကဏ္ဍမှာလည်း အများပြည်သူသုံးခရီးသည်တင်မော်တော်ယာဉ် ၁၄၃ စီးကိုလည်း CNG တိုးမြှင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



လေယာဉ်ဆီဖြည့်တင်းသည့်ဌာနများအား ဖက်စပ်လုပ်ငန်းပြောင်းလဲဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်




ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အစားထိုးလဲလှယ် ဆက်သွယ်ခြင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေစဉ်

**အချပ်ပို(ခ)မှ**

ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကဘဏ္ဍာငွေ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်နေပြီး လက်ရှိတစ်ယူနစ်ရောင်းချတိုင်း ၂၁ ကျပ်ခန့် အရှုံးပေါ်နေမှုကို ကာမိစေရန် ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ပေးဆောင်သုံးစွဲရေး၊ ဓာတ်အားလိုအပ်ချက်ကို လျှော့ချနိုင်ရန်အတွက် စွမ်းအင်ချွေတာရေးနှင့် ထိရောက်စွာ အသုံးချရေးအတွက် ပြည်သူများအား အသိပညာပေးရန်၊ ဓာတ်အားပျောက်ဆုံးမှု ဖြစ်ပေါ်သည့် လျှပ်စစ်ဓာတ်အားကို တရားမဝင် ချိတ်ဆက်သုံးစွဲခြင်းမှ ကာကွယ်နိုင်ရေး ပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း သိရသည်။

လက်ရှိတွင် ရေအားကိုသာ Base Load အဖြစ် ဆောင်ရွက်ကာ ဒုတိယမှာ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ဈေးနှုန်းသက်သာသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများရှိနေခြင်း၊ တည်ဆောက်ချိန်ကြာမြင့်ခြင်း၊ ရာသီဥတုအခြေအနေအရ ဓာတ်အားလိုအပ်ချက်အပေါ် မူတည်ကာ မောင်းနှင်ရန် အခက်အခဲရှိခြင်း၊ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်ရာတွင် လက်ရှိစက်ရုံများ၏ စွမ်းဆောင်ရည်ကျဆင်းလာခြင်း၊ ပုဂ္ဂလိကဓာတ်အား ထုတ်လုပ်သူများထံမှ ဓာတ်အားဝယ်ယူဖြန့်ဖြူးသဖြင့် နိုင်ငံတော်မှ ပိုမိုအရှုံးခံရခြင်း၊ Energymix တွင် တစ်ခုအပါအဝင် ဖြစ်သော ကျောက်မီးသွေးအား ပြည်သူများ၏ သဘောဆန္ဒအရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ နှစ်ပေါင်းများစွာ တည်ဆောက်ထားခဲ့သော ဓာတ်အားလိုင်းနှင့်ခွဲရုံများ အဆင့်မြှင့်တင်ရန် ဘဏ္ဍာငွေလိုအပ်နေခြင်း၊ Energymix ကို ယခင်ရေးဆွဲခဲ့ဖူးသော Long Term Energy Master Plan အတိုင်း လက်ရှိအခြေအနေအရ အကောင်အထည်ဖော်ရန် အခက်အခဲရှိနေခြင်း စသည့် စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

## ထုတ်လုပ်အားကျဆင်း

နိုင်ငံတော်၏ စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် ကုန်းပိုင်းနှင့်ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များ၏ ထုတ်လုပ်မှု သက်တမ်းကြာမြင့်လာသဖြင့် အထွက်နှုန်းကျဆင်းလာခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာခြင်းကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဝင်ငွေအပေါ် မှီခိုနေသော နိုင်ငံ၏ ဝင်ငွေလျော့နည်းလာခြင်း၊ စီမံကိန်းများတိုးချဲ့ခြင်း၊ ရေနံအထွက်တိုးရန် တွင်းအသစ်များ ရှာဖွေတူးဖော်ခြင်းစသည့် အခက်အခဲများကို အဖြေရှာဆွေးနွေးလျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

## ပေါ့လျော့စွာသုံးစွဲနေ

၂၀၁၆ မတ်လမှ ယနေ့အထိ လျှပ်စစ်ဓာတ်အား ပေါ့လျော့စွာသုံးစွဲခြင်းကြောင့် မီးလောင်မှု ၈၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၁၀ ဒသမ ၃၄ သန်း ဆုံးရှုံးခဲ့ကာ ဓာတ်လိုက်မှုဖြစ်စဉ်ပေါင်း ၂၄၀ တွင် သေဆုံးသူ ၂၀၃ ဦးနှင့် ဒဏ်ရာရသူ ၈၄ ဦး ရှိခဲ့ကြောင်း သိရှိရသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်၍ ပြည်သူလူထုမှ လျှပ်စစ်ဆိုင်ရာ အသိပညာအားနည်းမှုများ ရှိသဖြင့် အသိပညာပေးခြင်း လက်ကမ်းစာစောင်ဖြန့်ဝေ ခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူများအနေဖြင့် သတိပေးချက်များအပေါ် အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်နေခြင်းမှာလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိတို့နေအိမ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ EI (Electrical Inspection) လျှပ်စစ်စစ်ဆေးရေးဌာနအဖွဲ့မှ မွေးထုတ်ပေးလျက်ရှိသည့် အိမ်တွင်းဝိုင်ယာသွယ်တန်းခြင်းလုပ်ငန်း လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရ လုပ်သားများဖြင့် မီးသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်ခြင်း၊ ဈေးနှုန်းသက်သာပြီး ဝန်အားမမျှတသည့် ဝိုင်ယာ

**အချပ်ပို(ဃ)သို့**



မန္တလေးတိုင်းဒေသကြီးအတွင်း မြင်းခြံ ၁၃၃မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအား တွေ့ရစဉ်



ရှမ်းပြည်နယ် ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ ကျေးသီး ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

**အချပ်ပို(ဂ)မှ**

များနှင့် ဈေးကွက်တွင် အရည်အသွေးမပြည့်မီသည့် လျှပ်စစ်ပစ္စည်းများကို ဝယ်ယူသုံးစွဲနေရခြင်းတို့မှာလည်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိမှုအတွက် အဟန့်အတားများ ဖြစ်နေရကြောင်းသိရသည်။

**ဘဏ္ဍာငွေ**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်း အသုံးစရိတ်နှစ်မျိုးနဲ့ ဘဏ္ဍာငွေတွေကို သုံးစွဲရပါတယ်။ သာမန်အသုံးစရိတ်က ဓာတ်အားခတွေ ပေးချေတာ၊ ဓာတ်အားပေးစက်ရုံတွေ လည်ပတ်မောင်းနှင်ဖို့ လိုအပ်တဲ့ Gas ဖိုးတွေပေးချေတာ၊ ဝန်ထမ်းစရိတ်အတွက် လုပ်ခနဲ့ လစာတွေ ပါဝင်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်ဆိုတာက ဓာတ်အားပေးစက်တွေ၊ ဓာတ်အားလိုင်းတွေနဲ့ ဓာတ်အားခွဲရုံတွေ တည်ဆောက်ဖို့အတွက် ရင်းနှီးမြှုပ်နှံဖို့ လိုအပ်တဲ့ အသုံးစရိတ် ဖြစ်ပါတယ်။ လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ် နေတဲ့စက်ရုံကြီးတွေက နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် (Independent Private Partnership-IPP) ဖြစ်ပြီး ဓာတ်အားစနစ်အတွင်းမှာ လိုအပ်တဲ့ဓာတ်အားတွေကို ထုတ်လုပ်ဖြန့်ဖြူးနေတာဖြစ်ပါတယ်။

“၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပုဂ္ဂလိကပိုင်(IPP)ကနေ ဓာတ်အားထုတ်လုပ်မှု ၄၈ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာတဲ့အတွက် သာမန်အသုံးစရိတ်ကနေ ဓာတ်အားခပေးချေရာမှာ နိုင်ငံပိုင်ဓာတ်အားထုတ်လုပ်မှုကနေ ပေးချေနေရုံမကဘူး ပုဂ္ဂလိကထုတ်လုပ်တဲ့ ဓာတ်အားတွေကို ဈေးမြင့်တဲ့နှုန်းထားတွေနဲ့ ပေးချေနေရတာရှိပါတယ်။ ပုဂ္ဂလိကပိုင်(IPP) GT စက်ရုံအတွက် တစ်ယူနစ် ဝယ်ဈေးက ၁၅၁ ဒသမ ၀၁ ကျပ်၊ ရေအားစက်ရုံအတွက် တစ်ယူနစ်ဝယ်ဈေး ၆၆ ဒသမ ၇၄ကျပ်၊ ဆိုလာစက်ရုံအတွက် တစ်ယူနစ် ဝယ်ဈေး ၁၅၄ ဒသမ ၀၅ ကျပ် ပျမ်းမျှကုန်ကျပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**တစ်ယူနစ်သုံးတိုင်း**

လက်ရှိတွင် ဝန်ကြီးဌာနသည် ဓာတ်အားခ ရောင်းချရာတွင် တစ်ယူနစ်ပျမ်းမျှ ၆၉ ဒသမ ၁၇ ဖြစ်ပြီး ထုတ်လုပ်မှုစရိတ်မှာ တစ်ယူနစ် ၈၉ ဒသမ ၃၉ ကျပ်ရှိသဖြင့် တစ်ယူနစ်တွင် ၂၀ ဒသမ ၂၂ ကျပ် ရှုံးနေကြောင်းသိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အရှုံးပေါ်မည့် ငွေကျပ် ၃၃၃ ဘီလီယံနှင့် ဓာတ်အားထုတ်လုပ်ရန် Gas ဖိုးကုန်ကျစရိတ်များကို သာမန်အသုံးစရိတ်မှ သုံးစွဲပေးချေလျက်ရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ငွေလုံးငွေရင်း အသုံးစရိတ်လျော့နည်းခဲ့ရမှုကြောင့် လက်ရှိဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများမှာ ပြီးစီးရမည့်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ တည်ဆောက်ရေးကာလ ပိုမိုကြာမြင့်ခဲ့ရကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် ဓာတ်အားကို ဖြန့်ဖြူးရန် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ဆောင်ရွက်ရာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးခဲ့သည့် စီမံကိန်းလုပ်ငန်း ၆၀ အတွက်ပေးချေရန် ငွေကျပ် ၅၉ ဒသမ ၁ ဘီလီယံ၊ ရင်းနှီးမြှုပ်နှံသူများမှ ဆောင်ရွက်သည့် ဆိုင်းငံ့ကာလပါဝင်သော အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်သည့် စီမံကိန်းငါးခုအတွက် ပေးချေရန် ငွေကျပ် ၇၃ ဒသမ ၂ ဘီလီယံ၊ နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်း ခြောက်ခုအတွက် ပေးချေရန် ငွေကျပ် ၁၁၀ ဒသမ ၅ ဘီလီယံ တို့အား ကျခံသုံးစွဲရမည်ဖြစ်သဖြင့် စီမံကိန်းအသစ်များကို ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အားနည်းသွားကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**နွေရာသီနှင့် လျှပ်စစ်ဓာတ်အား**

နွေရာသီတွင် အမြင့်ဆုံးဓာတ်အားလိုအပ်ချက်ကို ၃၁၀၀ မဂ္ဂါဝပ်ခန့် ရှိနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ခန့်မှန်းထားပြီး အမှန်တကယ် ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၂၈၅၆ မဂ္ဂါဝပ်သာဖြစ်၍ ဓာတ်အားလိုအပ်ချက် ၂၄၄ မဂ္ဂါဝပ်ခန့် ရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရတနာကမ်းလွန်မှရရှိသည့် သဘာဝဓာတ်ငွေ့အား အသုံးပြု၍ စက်စွမ်းအား ကောင်းမွန်သောစက်များဖြင့် လည်ပတ်ပါက သဘာဝဓာတ်ငွေ့ တစ်ကုဗပေသန်းတွင် လေးမဂ္ဂါဝပ် ထွက်ရှိသော်လည်း EGAT စက်များလည်ပတ်သည့်အခါတွင် နှစ်မဂ္ဂါဝပ်သာထွက်ရှိသဖြင့် လက်ရှိရရှိနေသော ဓာတ်ငွေ့များကို စက်စွမ်းအားကောင်းမွန်သည့် စက်များကို ဦးစားပေးမောင်းနှင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြုံတွေ့လာမည့် နွေရာသီကာလ ဓာတ်အားလုံလောက်မှုရှိစေရန်အတွက် ရတနာကမ်းလွန်မှရရှိမည့် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၃၀ ကို အသုံးပြုကာ EGAT ဓာတ်အားပေးစက်ဖြင့် မောင်းနှင်လည်ပတ်၍ ဓာတ်အားစနစ်အတွင်းသို့ ၆၅ မဂ္ဂါဝပ် ထပ်တိုးပေးအပ်နိုင်ရန် လျာထားကြောင်း သိရသည်။

**လျှပ်စစ်သုံးစွဲမှုလျှော့ချ**

နိုင်ငံပိုင်စက်ရုံများအားရပ်တန့်ခြင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သံမဏိနှင့် သံရည်ကျိုစက်ရုံများ၏ ထုတ်လုပ်မှုအား ရပ်တန့်လျှော့ချခြင်းနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများအား ဝန်အားအများဆုံး သုံးစွဲချိန်တွင် အသုံးပြုခြင်းမရှိဘဲ ညဉ့်နက်ပိုင်းအချိန်တွင်သာ အသုံးပြုခြင်းဖြင့် ၁၀၀ မဂ္ဂါဝပ်ခန့်မှာ သုံးစွဲမှုလျော့နည်းသွားမည်ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အစရှိသော မြို့ကြီးများတွင် လမ်းမီးများအား တစ်တိုင်ကြား ထွန်းညှိလျှော့ချခြင်းဖြင့် မဂ္ဂါဝပ် ၂၀ ခန့် ဓာတ်အားသုံးစွဲမှု လျော့နည်းမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့် လျှော့ချ ရမှု လျော့နည်းသက်သာလိုပါက တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို မောင်းနှင်ဓာတ်အားထုတ်လုပ်နိုင်ပြီး မဂ္ဂါဝပ် ၆၀ ခန့် ရရှိနိုင်ကြောင်း သိရသည်။

တီကျစ်ဓာတ်အားပေးစက်ရုံကို မောင်းနှင်နိုင်ခြင်း မရှိပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဧပြီလ၊ မေလနှင့် ဇွန်လများ၌ ဝန်အားအများဆုံး သုံးစွဲချိန်တွင် အချိန်ပိုင်းအလိုက် အလှည့်ကျဝန်အား လျှော့ချခြင်းဖြင့် ဓာတ်အားစနစ်အတွင်း ဓာတ်အားသုံးစွဲမှု မဂ္ဂါဝပ် ၆၀ လျှော့နည်းစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် သဘာဝဓာတ်ငွေ့သုံး စက်ရုံများမှ ဓာတ်အားကိုပိုမိုထုတ်လုပ်ပြီး ရေအားလျှပ်စစ်စက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုအား ထိန်းညှိလျှော့ချ၍ ဆည်ရေစုဆောင်းသွားမည်ဖြစ်ကာ လာမည့်နွေရာသီအတွက် ဓာတ်အားလိုအပ်ချက်အား ရေအားစက်ရုံများမှ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး စီစဉ်ထားကြောင်းသိရသည်။

“ကျွန်တော်တို့နိုင်ငံရဲ့ဓာတ်အားလိုအပ်ချက်တိုးတက်မှုနှုန်းက ၁၅ ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းကြားမှာ ရှိပါတယ်။ ဒါတွေကို ဖြည့်ဆည်းဖို့ ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်တာ၊ ဓာတ်အားကိုခြိုးခြံတာ၊ ဓာတ်အားပျောက်ဆုံးမှုတွေကို လျှော့ချဖို့ အရည်အသွေးကောင်းတဲ့ ဓာတ်အားလိုင်းကြိုးတွေ၊ တိုင်တွေနဲ့ ကြေွသီးတွေကို အစားထိုးတာ၊ ဒစ်ဂျစ်တယ်မီတာတွေနဲ့ ဓာတ်အားတည်ငြိမ်ကောင်းမွန်အောင် ပြုပြင်တာ၊ မလွတ်ကင်းတဲ့သစ်ပင်တွေ ခုတ်ထွင်တာ၊ ဓာတ်အားတရားမဝင်ချိတ်ဆက်အသုံးပြုတာကို အရေးယူတာတွေ ဆောင်ရွက်နေတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**စွမ်းအင်ပေါင်းစုံ**

မြန်မာနိုင်ငံ၏ ဓာတ်အားထုတ်လုပ်မှု အရင်းအမြစ်များမှာ ရေအားနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်အပေါ် အခြေခံထားသဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ အခြားလျှပ်စစ်နှင့် စွမ်းအင်အရင်းအမြစ်များဖြစ်သော ရေအား၊ သဘာဝဓာတ်ငွေ့၊ သန့်ရှင်းသော ကျောက်မီးသွေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အရင်းအမြစ်များအား ထိန်းညှိပေါင်းစပ်ထုတ်လုပ်သော Energymix ဖြစ်ရေးအတွက် ပူးပေါင်းပါဝင်ပေးရန် လိုအပ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

တစ်နှစ်တာအတွင်းမှာ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်တွေက အများကြီးရှိပေမယ့် ပြည်သူလူထု အပြည့်အဝကျေနပ်မှုရရှိမယ်လို့ မမျှော်လင့်ပါဘူး။ ဒါပေမယ့် ပြည်သူတွေကို ဝန်ဆောင်မှုပေးရတဲ့ ဝန်ထမ်းတွေပီပီ ကိုယ်နဲ့သက်ဆိုင်တဲ့ ကဏ္ဍအပေါ်မှာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ပြောကြားခဲ့ပါသည်။



၂၃၀ကေဗွီ တောင်တွင်းကြီး- ရွှေတောင် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အစားထိုးလဲလှယ် ဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်





ချင်းပြည်နယ်ဝန်ကြီးချုပ်
ဦးဆလိုင်းလျန်လွယ်

# ချင်းပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ

● မောင်ချင်းဆွေ



ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ဒေသဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၏ အနောက်ဘက်၊ ရခိုင်ပြည်နယ်၏ မြောက်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့ဘက်၊ အိန္ဒိယနိုင်ငံ၏ အနောက်မြောက်ဘက်၊ မီဇိုရမ်ပြည်နယ်၏ အရှေ့ဘက်တွင် တည်ရှိသည်။ တောင်စွယ်တောင်တန်းများဖြင့် ဖွဲ့စည်းထားသည့် အဆိုပါဒေသသည် ချင်းလူမျိုးများ၏ဌာနေ ချင်းတောင်ပင် ဖြစ်သည်။

**မြို့နယ် ကိုးမြို့နယ်ဖြင့် ဖွဲ့စည်းထား**

ချင်းပြည်နယ်သည် ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်၊ ပလက်ဝမြို့နယ်၊ မတူပီမြို့နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ထန်တလန်မြို့နယ်ဟူသည့် ကိုးမြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။

ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်သွယ်ထားသည့်လမ်းများတွင် တံတားများ တည်ဆောက်နေဆဲဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက ချင်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်း တစ်မြို့နယ်နှင့်တစ်မြို့နယ် ဆက်သွယ်ရေးအဆင်ပြေလာမည် ဖြစ်သည်။

နောက် ပလက်ဝမှာလည်း သဘော်ဆိပ်ကမ်းကို မင်းတပ်နဲ့ပူးပေါင်းပြီး လုပ်ဆောင်နေတဲ့ သဘော်ဆိပ်ခံတံတားကြီးဟာ အိန္ဒိယကုမ္ပဏီကနေ တည်ဆောက်ပေးတာဖြစ်ပါတယ်။ အခု ဆောက်လုပ်တာ ပြီးသွားပြီဖြစ်ပါတယ်။ ချင်းပြည်နယ်အနေနဲ့ ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းစတဲ့ နိုင်ငံခြားထွက်ပေါက် ရှိတဲ့အခါ ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၁ ရက်နေ့အထိ ချင်းပြည်နယ် ထန်တလန်မြို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

မင်းတပ်မြို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မဟာဓာတ်အားလိုင်း လျှပ်စစ်မီးရရှိထားပြီးဖြစ်ကာ ကျန်ရှိနေသေးသော ပလက်ဝ၊ မတူပီ၊ ကန်ပက်လက်မြို့တို့တွင်လည်း မဟာဓာတ်အားလိုင်း လျှပ်စစ်မီးရရှိရန် ချင်းပြည်နယ်အစိုးရက ဆက်လက်ဆောင်ရွက်နေသည်။

**၁၂ နာရီနှင့် အရောက်သွားနိုင်အောင်**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က "တစ်နှစ်တာအတွင်း လုပ်ဆောင်မှုကတော့ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကို အဓိကထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်တောင်ဘက်စွန်းနဲ့ မြောက်ဘက်စွန်း မိုင်ပေါင်း ၅၀၀ ကျော်ကို ၁၂ နာရီနဲ့ သွားနိုင်တဲ့ လမ်းဖြစ်အောင် ကြိုးစားနေပါတယ်။

"ကျီးခါးမြို့နယ် အင်ဖာလ်မှာဆိုရင် အေးအီးယာန်းနဲ့ ခင်မာန်းရွာကြားမှာ တံတားထိုးပြီး နယ်စပ်စျေးဖွင့်ဖို့ စီစဉ်ထားတာရှိပါတယ်။ တွန်းဇံမြို့နှင့် ကျီးခါးမြို့ကြားမှာရှိတဲ့ နတ်ဇန်တံတားကို တည်ဆောက်နေဆဲဖြစ်ပါတယ်။ ပေ ၄၀၀ အရှည်ရှိတဲ့ နှာရိန်နဲ့ ရီဇွာကြား ဘွေနူးတံတား၊ မြစ်ရည်တံတားကို လက်ရှိတည်ဆောက်နေဆဲဖြစ်ပါတယ်။ တွန်းဇံတံတား ပေ ၆၀၊ အိုင်စီတံတား၊ တီးတိန်နဲ့ တွန်းဇံကြားမှာ ဗာလ်ကျင်းတံတားပေ ၆၀ နီးပါးရှိပါတယ်။ ကလေးနဲ့ နတ်ချောင်းကြားမှာရှိတဲ့ ငစစ်ဗားက တံတားပေ ၆၀၊ အိုင်စီတံတားကြီး တည်ဆောက်လျက်ရှိပါတယ်"ဟု ပြောသည်။

**လေယာဉ်ကွင်း၊ သဘော် ဆိပ်ကမ်းတည်ဆောက်မည်**

ချင်းပြည်နယ်သည် ကုန်းလမ်းခရီးဖြင့်သာ ဆက်သွယ်နိုင် သည့်ပြည်နယ်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ၊ စားနပ်ရိက္ခာပြတ်တောက်မှုများနှင့် ကြုံတွေ့ရသည့်အချိန် ရှိခဲ့သည့်အတွက် ယခုအခါ ချင်းပြည်နယ်မြောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း တည်ဆောက်ရန်နှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် သဘော်ဆိပ်ကမ်းတည်ဆောက်ရန် ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်နေသည်။

အစိုးရသစ်တက်ပြီးနောက်ပိုင်း ချင်းပြည်နယ်အတွင်း အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပြီး ဒေသဝမ်းစာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားအလတ်စား၊ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေး လုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် မူဝါဒများထားရှိဆောင်ရွက်နေသည်။

"ချင်းပြည်နယ်မှာ လမ်းပန်းဆက်သွယ်ရေးအတွက်လည်း လေယာဉ်ကွင်း၊ သဘော်ဆိပ်ကမ်း၊ ဘူတာရုံမရှိတာကြောင့် ကျွန်တော်တို့အနေနဲ့ ချင်းပြည်နယ် ဖလမ်းမြို့မှာ ပြည်တွင်း ပြည်ပနဲ့ ဆက်သွယ်နိုင်တဲ့ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း တည်ဆောက်ပြီး အမြန်ဆုံးလေယာဉ်ဆင်းနိုင်အောင် ကြိုးစား ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နဲ့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ လာရောက်လေ့လာကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေ လမ်းညွှန်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မကြာမီဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေပါတယ်။

**မြန်မြန်ဆန်ဆန်တိုးတက်**

"နောက် ပလက်ဝမှာလည်း သဘော်ဆိပ်ကမ်းကို မင်းတပ်နဲ့ပူးပေါင်းပြီး လုပ်ဆောင်နေတဲ့ သဘော်ဆိပ်ခံတံတားကြီးဟာ အိန္ဒိယကုမ္ပဏီကနေ တည်ဆောက်ပေးတာဖြစ်ပါတယ်။ အခု ဆောက်လုပ်တာပြီးသွားပြီဖြစ်ပါတယ်။ ချင်းပြည်နယ်အနေနဲ့ ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းစတဲ့ နိုင်ငံခြားထွက်ပေါက် ရှိတဲ့အခါ ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

၂၀၁၅ ခုနှစ် ကိုမန်မုန်တိုင်းကြောင့် ချင်းပြည်နယ် နေရာအနှံ့အပြားတွင် ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရပြီး သဘာဝဘေးသင့်ပြည်သူများအတွက် နေရာချထားပေးပြီးဖြစ်သည်။ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေးနှင့် မြို့ပြဖွံ့ဖြိုး စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**Town Plan ရေးဆွဲဆောင်ရွက်**

ချင်းပြည်နယ်ဝန်ကြီးချုပ်က "ချင်းပြည်နယ်အတွင်းမှာ အစိုးရအနေနဲ့ Town Plan ရေးဆွဲထားတာရှိပါတယ်။ ဟားခါး၊ ဖလမ်း၊ ပလက်ဝဆိုပြီး မြို့သုံးမြို့ကို Town Plan ရေးဆွဲပြီး မြို့သစ်စီမံကိန်း၊ မြို့ပြစီမံကိန်းဖွံ့ဖြိုးတိုးတက်ဖို့ အရေးတကြီးဆောင်ရွက်လျက်ရှိပါတယ်။ ကျန်တဲ့မြို့တွေကိုလည်း မြို့ပြစီမံကိန်းအဖြစ် ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော်ဖို့ စီစဉ်ထားပါတယ်။

"ချင်းပြည်နယ်ရဲ့ သဘာဝတောတောင်အလှတွေကို လာပြီးတော့ လေ့လာချင်တဲ့ ကမ္ဘာလှည့်ခရီးသည်တွေလာနိုင်အောင် ခေါ်နူးဆုမ် Natural Park နဲ့ ဖလမ်းမြို့နယ်မှာလည်း ဇိန်မူတောင်ပတ်ဝန်းကျင် ဧက ၁၀၀၀၀ ကျော် ကြိုးစားဖော် ဆောင်လျက်ရှိပါတယ်။ အဲဒါတွေ အောင်မြင်ရင် လမ်းပန်းဆက်သွယ်ရေး၊ တစ်ဖက်က နိုင်ငံခြားကနေ လာရောက်ကြမယ့်

အချပ်ပို (၈) သို့

**အချပ်ပို(င)မှ**

ကမ္ဘာလှည့် ခရီးသည်တွေ၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းလည်း ချင်းပြည်နယ်မှာ အကောင်အထည်ဖော်ဖို့ စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်လျက် ရှိပါတယ်”ဟု ပြောသည်။

**အိမ်တွင်း စက်မှုလက်မှု**

ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် အသေးစား၊ အလတ်စား၊ စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားရာတွင် “အိမ်တွင်းမှု စက်မှုလက်မှုလုပ်ငန်းနဲ့ ပတ်သက်ပြီး ဟားခါး၊ ဖလမ်းနဲ့ မင်းတပ်မြို့နယ်တို့မှာ စက်မှုလက်မှုလုပ်ငန်းအနေနဲ့ ရက်ကန်းကျောင်းမှာ စက်ရက်ကန်းနဲ့ အထည်တွေ ထုတ်နေတာ ရှိပါတယ်။ ပိုးထည်လုပ်ငန်း တွင်တွင်ကျယ်ကျယ်နဲ့ လုပ်မယ်ဆိုရင် ချင်းရိုးရာဝတ်စုံတွေကို ထုတ်လာမယ်။ ထုတ်လာပြီးတော့ တစ်ဖက်က ပိုးမွေးမြူရေးလုပ်ငန်းလည်း အောင်မြင်လာမယ်။ တစ်ဖက်က အိမ်တွင်းစက်မှုလက်မှု ထွန်းကားလာရင် အလုပ်လက်မဲ့ကိုလည်း ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်”ဟု ပြောသည်။

ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေပြီး ဟားခါးကောလိပ်ကို ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပညာရေးကောလိပ်ကိုလည်း ဟားခါးတွင် ဆက်လက်တည်ဆောက်လျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဖွင့်လှစ်နိုင်အောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ ဖလမ်းမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကိုလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဟားခါးတွင် နည်းပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း၊ မင်းတပ်မြို့နှင့် မတူပီမြို့တို့တွင်လည်း ကောလိပ်များ ဖွင့်လှစ်နိုင်ရန် တင်ပြထားကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ်၏ ပြောကြားချက်အရ သိရသည်။

**ရေပေးဝေရေးလုပ်ငန်းအတွက် ငွေကျပ်သန်း ၅၀၀၀**

ချင်းပြည်နယ်ဝန်ကြီးချုပ်က “နိုင်ငံတော်အကြီးအကဲတွေ လာတဲ့အချိန်မှာ ကျွန်တော်တို့ ဟားခါးမြို့သစ် ကတ္တရာလမ်းခင်းနိုင်ရေးအတွက် စီမံကိန်းရေးဆွဲပြီး တင်ပြခဲ့ပါတယ်။ ရေ၊ မီး၊ လမ်းအားလုံး မကြာမီမှာ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဖလမ်းမြို့မှာရှိတဲ့ ရေပေးဝေရေးလုပ်ငန်းက ၂၀၁၅ ခုနှစ်မှာ မိုးရွာသွန်းလို့ ပျက်စီးသွားတဲ့အတွက် ဖလမ်းမြို့ ရေရရှိအောင် နိုင်ငံတော်ကို တင်ပြတဲ့အခါ နိုင်ငံတော်သမ္မတရဲ့သီးသန့်ရန်ပုံငွေကနေ သန်း ၅၀၀၀ ချထားပေးပါတယ်။ အဲဒီသန်း ၅၀၀၀ နဲ့ ဖလမ်းမြို့ရေပေးဝေရေးလုပ်ငန်းကို တင်ဒါခေါ်ယူပြီး ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ဆက်လက်ဆောင်ရွက်နေပါတယ်။ ရေပေးဝေရေးလုပ်ငန်းအောင်မြင်ရင် ဖလမ်းမြို့တစ်မြို့လုံး ဒုက္ခရောက်နေတဲ့ ရေရှားပါးမှုပြဿနာဟာ အဆင်ပြေသွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။



၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် တီးတိန်မြို့နယ် ဒိမ်ဇန်ကျေးရွာ ခွေလွီးချောင်းလယ် ရေသွယ်မြောင်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ထားစဉ်

**သိသာစွာ လျော့ချနိုင်ရေး**

ချင်းပြည်နယ်၌ အလုပ်အကိုင်နှင့် စီးပွားအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာ လျော့ချနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဦးတည်ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်နယ်အစိုးရသည် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဟူသည့် မူဝါဒများဖြင့်

**အချပ်ပို(ဆ)သို့**



၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ(ငွေလုံးငွေရင်း) ဖြင့် တီးတိန်မြို့နယ် ဇိုဇန်ကျေးရွာ ပလာတာချောင်းလယ် ရေသွယ်မြောင်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာ ဆည်ရေသွယ်မြောင်း မြေထိန်းနံရံ ပြုပြင်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်



ချင်းပြည်နယ်ရှိ သင်တန်းသူများ ချင်းရိုးရာအထည် ရက်လုပ်နေမှုကို တွေ့ရစဉ်

**“ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအထောက်ပံ့များ တိုးတက်ရရှိရေး ဆောင်ရွက်ရန်၊ နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန်၊ ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်ဟူသည့် ရည်မှန်းချက်များထားရှိပြီး ချင်းပြည်နယ်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိ”**

**အချပ်ပို(၈)မှ**

ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

**ရည်မှန်းချက်များ**

ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂဲနစ်စိုက်ပျိုးရေးအပါအဝင် ဝင်ငွေရသီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန်၊ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်နယ်အတွင်း၊ ပြည်နယ်အတွင်းနှင့်အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေးဆောင်ရွက်ရန်၊ အိမ်တွင် တစ်နိုင်တစ်ပိုင်နှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအားပေးမြှင့်တင်ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး ဆောင်ရွက်ရန်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရန်၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ပြည်သူများ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှု

**အချပ်ပို(၉)သို့**



ချင်းပြည်နယ်ရှိ လမ်းမများအား ကောင်းမွန်စေရန် JICA အဖွဲ့က စက်ယန္တရားများဖြင့် ပူးပေါင်းဆောင်ရွက်ပေးစဉ်



ချင်းပြည်နယ် ပလက်ဝဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်



ဟားခါး-ဖလမ်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၅ မိုင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်



ဟားခါးမြို့၌ ၁၁ ကေဗွီလိုင်းနှင့် ၄၀၀ ဗို့လိုင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်



ဖလမ်းမြို့၌ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကို တွေ့ရစဉ်

**အချပ်ပို(ဆ)မှ**

လျှော့ကျ လာစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးရန်၊ပြည်တွင်းနှင့်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအထောက်ပံ့များ တိုးတက်ရရှိရေး ဆောင်ရွက်ရန်၊ နယ်စပ်ကုန်သွယ်မှုပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန်၊ ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်ဟူသည့် ရည်မှန်းချက်များထားရှိပြီး ချင်းပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ(ငွေလုံးငွေရင်း) ဖြင့် မင်းတပ်မြို့နယ်၊ ထင်ချောင်းကျေးရွာ ရေသွယ်မြောင်း ခုံးတံတား တည်ဆောက်ထားမှုကို တွေ့ရစဉ်